
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

တပ်မတော်ဖြိုခွဲသူ– ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | ၃၇၇/၉၅ (၇) |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | ၄၃၆/၉၅ (၈) |
| **ကွန်ပျူတာစာစီ** | နှင်းသဇင် |
| **မျက်နှာဖုံးနှင့်အတွင်း** | |
| **ဖိုတိုလစ်သို** | ဦးထွန်းဆိုင် |
| **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** | ဒေါ်ကြည်ကြည်အေး (၀၃၂၅၅)<br>ဆန်းသိခ်ပုံနှိပ်တိုက်၊ ၁၅၀၊<br>၄၈ လမ်း၊ ရန်ကုန်။ |
| **ထုတ်ဝေသူ** | ဦးကျော်လေး (၀၁၅၆၉)<br>ရွှေပြည်တော်စာပေ၊ ၂၂၆၊<br>၃၂ လမ်း၊ ရန်ကုန်။ |
| **စာအုပ်ချုပ်** | ကိုမြင့် |
| **ဖြန့်ချိရေး** | **ယွန်းရွှေအိမ်** စာအုပ်ထုတ်လုပ်ရေး<br>၃၆၊ ခေမာလမ်း၊ စမ်းချောင်း<br>ရန်ကုန်။ |
| **ပုံနှိပ်ခြင်း** | ပထမအကြိမ် |
| **အုပ်ရေ** | ၅၀၀ |
| **တန်ဖိုး** | ၇၀ ကျပ် |

**မျက်နှာဖုံးပန်းချီ - စံတိုး**

**(၁၉၉၅၊ နိုဝင်ဘာ)**


www.burmeseclassic.com

www.burmeseclassic.com

ယွန်းရွှေအိမ်

စာအုပ်ထုတ်လုပ်ရေး

၃၆၊ ခေမာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

**ယွန်းရွှေအိမ် မှ ထုတ်ပြီးစာအုပ်များ**

စာအုပ်အမှတ် – ၁/ဝတ္ထု – ၁
**မိုးငြိမ်းဧ — နွေနေအောက်မှာ — — — ကြွေ**
(၁၉၉၃၊ ဇူလိုင်)
စာအုပ်အမှတ် – ၂ / ကဗျာ – ၁
**တောင်းဆော (မြန်မာပြန်) — တပိုးဆိုးရောက်ဆုံးကဗျာများ**
(၁၉၉၃၊ ဒီဇင်ဘာ)
စာအုပ်အမှတ် – ၃ / ဝတ္ထုတိုပေါင်းချုပ် – ၁
**မိုးငြိမ်းဧ — ဝတ္ထုတိုပေါင်းချုပ် — ၁**
(၁၉၉၄၊ ဇွန်)
စာအုပ်အမှတ် – ၄ / ကဗျာ – ၂
**သိန်းသန်းထွန်း — ပန်းပွင့်ငှက်၏ တေးသံများ**
(၁၉၉၄၊ ဇူလိုင်)
စာအုပ်အမှတ် – ၅ / ကဗျာ – ၃
**မောင်ချော နွယ် — ရထား**
(၁၉၉၄၊ နိုဝင်ဘာ)
စာအုပ်အမှတ် – ၆ / ဝတ္ထုရှည်စုစည်းမှု – ၁
**ထင်ထင်း — ချစ်သူရင်ခွင်ထက်၌ အိပ်စက်ခြင်း**
(၁၉၉၅၊ မတ်)
စာအုပ်အမှတ် – ၇ / ဝတ္ထုတိုပေါင်းချုပ် – ၂
**ကိုဆွေ — ထိရှော် သီးတစ်လုံး**
(၁၉၉၅၊ မတ်)

www.burmeseclassic.com

www.burmeseclassic.com

**စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ**

၁။ ဆောင်းတွင်းပန်း (၁၉၅၃)
၂။ မွေး (၁၉၅၉)
၃။ စမ်းသင့်မှစိမ်း (၁၉၆၀)
၄။ ကြေးမုံရိပ်သွင် (၁၉၆၀)- ဝတ္ထုတိုပေါင်းချုပ် *
၅။ မိချို (၁၉၆၀)
၆။ နွေနှောင်းရွက်ကျန် (၁၉၆၁)
၇။ ချစ်လှချည်ရဲ့ (၁၉၆၁)
၈။ ပန်းများကိုပွင့်စေသူ (၁၉၆၁)
၉။ အရိုင်းနှင့်အယဉ် (၁၉၆၁)
၁၀။ အောင်မြင်သောနေ့ (၁၉၆၂)
၁၁။ သခွတ်ပန်း (၁၉၆၂)
၁၂။ နွားတစ်ထောင် (၁၉၆၂)
၁၃။ ရွှေပြည်တော်ပုံပြင်များ (၁၉၆၂)
၁၄။ မဟာသာကီ (၁၉၆၂)
၁၅။ ပိုးခန်းဆီးနောက်ကွယ်မှငရဲခန်း (၁၉၆၂)
၁၆။ မစန္ဒာ (၁၉၆၂)
၁၇။ ဘုံမွှေတာမှာကြုံလေသမျှ (၁၉၆၂) ဝတ္ထုတိုပေါင်းချုပ်
၁၈။ သပြေ
၁၉။ ယောကျ်ားတို့အကြောင်း (၁၉၆၃) ဝတ္ထုတိုပေါင်းချုပ်
၂၀။ မိန်းမရိုင်း (၁၉၆၃)
၂၁။ မိုးကျော်သူ (၁၉၆၃)
၂၂။ သရဖူ (၁၉၆၄)
၂၃။ ယဉ်မင်းပိုက် (၁၉၆၄)
၂၄။ ပန်းကိုတော့ပန်ချင်ပါသည် (၁၉၆၅)
၂၅။ ပုံပြောကောင်းသော မိန်းကလေး (၁၉၆၆)
၂၆။ ခင်နှင်းယုရဲ့ ဝတ္ထုတိုများ  (၁၉၆၈)
၂၇။ ဖေဖေ (၁၉၆၈)

www.burmeseclassic.com

www.burmeseclassic.com

၂၈။ **ရေချိုတွင်း (၁၉၆၉)**
၂၉။ **လာခြင်းကောင်းသော လူကလေး (၁၉၆၉)** ဆောင်းပါးရှည်
၃၀။ **မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ် (၁၉၆-)**
၃၁။ **အားနွဲ့သူပါရှင် (၁၉၆-)**
၃၂။ **လမင်းကြီးသာစမ်းပါ (၁၉၆-)**
၃၃။ **မုတ်သုန်စောင်းကြိုး (၁၉၆-)** ဝတ္ထုတိုပေါင်းချုပ်
၃၄။ **ပန်းပန်လျက်ပါ (၁၉၆-)**
၃၅။ **ကသစ်ပန်း (၁၉၆-)** ဝတ္ထုတိုပေါင်းချုပ်
၃၆။ **ကြာတော၌ရွာသောမိုး (၁၉၆-)**
၃၇။ **မယ့်သည်းအိမ် (၁၉--)**
၃၈။ **ဘုရင်ခံမလိုချင်ပေါင် (၁၉၇၀)**
၃၉။ **ကျွန်းကေရီနှင့် အခြားဝတ္ထုတိုများ (၁၉၇၁)**
၄၀။ **ကုသိုလ်ကြမ္မာမမီပါခဲ့ (၁၉၇၂)**
၄၁။ **မွေးနှင့်ကုသိုလ်ကြမ္မာမမီပါခဲ့ (၁၉၇၂)**
၄၂။ **ကျွန်မ၏ချစ်သူ (၁၉၇၂)** ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ
၄၃။ **ထိပ်စုဖုရားမဖျိုး (၁၉၇၃)**
၄၄။ **ဘူဇဝါလော၊ ဗူဇကာလောနှင့်အခြားဝတ္ထုတိုများ (၁၉၇၄)**
၄၅။ **အတွတ်ရေ (၁၉၇၅)**
၄၆။ **မောင်မျိုးမင်းနိုးကြားလာခြင်း (၁၉၇၆)** ဆောင်းပါးပေါင်းချုပ်
၄၇။ **ကျွန်တော်တင်အောင်ထွန်း (၁၉၇၇)**
၄၈။ **မဒီလိုလို သမ္မာလိုလို (၁၉၇၈)**
၄၉။ **မိန်းမတို့အကြောင်း (၁၉၉၂)** ဝတ္ထုတိုပေါင်းချုပ်
၅၀။ **တစ်ထောင့်ငါးရာည၏ အိပ်မက်များ (၁၉၉၃)**
၅၁။ **ဦးဆောက်ပန်း (၁၉၇၈၊ သြဂုတ်)**
၅၂။ **ဘဒ္ဒနုဝတီ (၁၉၇၈၊ ဒီဇင်ဘာ)**
၅၃။ **ပွဲတွေ့အမြတ်တရား (၁၉၈၁၊ ဇန်နဝါရီ)**
**(ဘာသာရေးဆောင်းပါးစုစည်းမှု)**

www.burmeseclassic.com

www.burmeseclassic.com

# အောင်သင်း
# ၏
# အမှာစာ

ဆရာမကြီး (ဒေါ်) ခင်နှင်းယုတို့လို ပုဂ္ဂိုလ်များ၏ စာအုပ်မျိုးမှာ အမှာစာ လိုအပ်သည်မဟုတ်။ သို့သော် ထုတ်ဝေသူများက တငကူးတကက လာရောက် မေတ္တာရပ်ခံသောကြောင့် ဤအမှာစာကို ရေးပေးလိုက်ရပါသည်။

*

**ထွန်း ရွှေ အိမ်**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ စိတ်သည် တရစပ် မရပ်မနား ရောက်ရက်ခတ် ပြေးလွှား နေတတ် ကြမြဲ ဖြစ်သည်။ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် တို့သည်လည်း မရပ်မနား ဖြစ်ပျက်နေသည်။ သို့သော် "ကျွဲတို့သည် နွံ၌မွေ့လျော် သကဲ့သို့ စိတ်သည်လည်း မကောင်းမှု၌ မွေ့လျော်၏" ဟူသော စကားအတိုင်း အကုသိုလ်စိတ်သာလျှင် ပိုဖြစ်တတ်သည်။ ထို့ကြောင့် သူတော်ကောင်းတို့သည် မနောကံဟု ဆိုအပ်သော စိတ်ကိုပင်လျှင် မကောင်းမှု၌ မွေ့လျော်မနေမိအောင်သတိကပ်လျက်ထိန်းသိမ်းကြသည်။

စိတ်က မကောင်းမှု၌ ပျော်မွေ့မြဲ ဖြစ်လေတော့ နောက်တစ်ဆင့် ဝစီကံကျပြန်တော့လည်း အကုသိုလ်ကို ပွားစေသည့်စကားမျိုးကိုပိုပြီးနှစ်သက်စွာ ပြောချင်ကြသည်၊ ကြားနာချင်ကြသည်။ ထို့ကြောင့် မြတ်စွာဘုရားသခင်က "မှန်သောစကားကို ဆိုရမည်ဟု ငါဘုရားမဆို၊ မမှန်သော စကားကို ဆိုရမည်ဟုလည်း ငါဘုရားမဆို၊ မှန်လည်းမှန်၍ ကြားနာသူ တို့အား အကုသိုလ်တရားတို့ ပွားများစေပြီး အကုသိုလ်ကို ဆုတ်ယုတ်သော စကားကိုသာ ဆိုကြ"ဟု မှာကြားခဲ့ခြင်းဖြစ်သည်။

ပညာရှိ သူတော်ကောင်း တို့သည် ထိုဝစီကံမှု အဆုံးအမကို ကြားစားလိုက်နာ ကြသည်။ စာရေးဆရာ၊ ဝတ္ထုရေးဆရာ တို့သည် စာနှင့်ပင်ရေးထားသည် မှန်သော် လည်းသူတို့သည်စကားဆိုနေကြခြင်းဖြစ်သည်။ ခင်နှင်းယု ၏စာ (စကား)များကို ခြုံငုံကြည့်လိုက်လျှင် မှန်ကန်သည်

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်သော၊ မကောင်း မသင့်သော အမှုတို့ကို ဆုတ်ယုတ်စေလိုသော၊ ကောင်းသော၊သင့်သော အမှုတို့ကို ဖွံ့ဖြိုးစေလိုသော စေတနာ အမြဲပါသည်ဟု ဆိုလိုက်ချင်ပါသည်။တစ်နည်းအားဖြင့် ဝစီစောင့်စည်းသော ဝတ္ထုဆရာဟု ဆိုရပါမည်။

ယခုဤဝတ္ထုတွင်ခင်နှင်းယု တင်ပြထားလိုက်သော အမြင်များကိုစေ့ငုကြည့်လိုက်မည်ဆိုလျှင် မိမိ၌တကယ်မရှိသော ဂုဏ်ကို မမက်မောခြင်း၊ မိမိဘဝကို ပကတိ အရှိအတိုင်းလက်ခံဝံ့ခြင်း၊စိတ်သွားတိုင်းကိုယ်ပါဆိုသည့်စကားမှာနေရာတိုင်းတွင်ကောင်းသည်မဟုတ်ကြောင်း သတိပြုမိအပ်ခြင်း၊ မိမိပြုခဲ့သောကောင်းမှု၊ မကောင်းမှုတို့၏အကျိုးဆက်ကိုခံယူရစမြဲဖြစ်ခြင်းစသည်စသည်အားဖြင့်တွေ့ကြရပါလိမ့်မည်။ သို့သော်အားလုံးကိုခြုံငုံသုံးသပ်လိုက်လျှင်တော့ "စာရိတ္တသတ္တိ" ကို ဖွဲ့ထားခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ခင်နှင်းယု၏ ဝတ္ထုနောက်ခံကာလကို ကြည့်လိုက်မည်ဆိုလျှင် ၁၉၅၀ နောက်ပိုင်းနှစ်များလောက်ဆီကို အခြေခံထားသည်ဟု မှန်းဆနိုင်ပါသည်။ သို့သော်လည်း ယနေ့ ကျောင်းသားကျောင်းသူများအတွက် ခေတ်နောက်ကျနေသည့်ဝတ္ထုဟု မဆိုနိုင်သည်သာမက လိုအပ်သည် ဝတ္ထုဟု ဆိုချင်ပါသည်။ ဈေးကွက်စီးပွားရေးနှင့် အတူ ဒလဟောဝင်လာ လိုက်သော ဆန်းပြား ထူးထွေ လှသည့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး တို့သည် လူငယ်လူရွယ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



စာရိတ္တသတ္တိကို စိမ်ခေါ်နေကြပြီဖြစ်သည်။ ထိုထိုသော ပစ္စည်းတို့ကြောင့်စိတ်သွားတိုင်း “ကိုယ်ပါ”မသွားအောင် သတ္တိခိုင်ဖို့ လိုအပ်သည့် အချိန်ကြီးသို့ ရောက်နေသော ကြောင့် ဤဝတ္ထုမျိုးကို လိုအပ်နေသည်ဟု ကျွန်တော်က ဆိုလိုက်ရခြင်းဖြစ်ပါသည်။

ဤဝတ္ထုကို သေချာဖတ်ကြည့်ပါ။ ထို့နောက် မိမိပတ်ဝန်းကျင်က သူများကိုလည်း အကဲဖြတ်ကြည့်ပါ။ မိမိ ကိုယ်ကိုလည်း သုံးသပ်ကြည့်ပါ။ “ယူတတ်လေလေ ရလေလေ” ဆိုသည့်ဝတ္ထုမျိုးဖြစ်သည်ဟု အမှာစကားဆို လိုက်ရပါသည်။

အမှာစကားဆိုပြီးသည့်နောက်“မရွှေအိမ်”နှင့်လည်း စကား လေးနည်းနည်းလောက်ပြောလိုက်ပါရစေဦး–

နောက်ဆုံးနိဂုံးမှာမရွှေအိမ်ကဆရာ့ကိုမေးခွန်း လေးတစ်ခု မေးထားတယ်နော်။

“ဆရာ ပြောသလို မိမိပြုသမျှ အကြောင်းမှ အကျိုးဆက်ကိုမလွှဲ မသွေခံစား စံစား ကြ ရစမြဲဖြစ်ပါသည်ဟု ဆိုပါလျှင် မရွှေအိမ် ခံစားနေရသောအကျိုးဆက်တို့မှာဘယ်သို့ သောအကြောင်းကြောင့်ဖြစ်ပါသနည်းဆရာ ရယ်” တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မရွှေအိမ် ရယ် ဘုရားရှင် ကိုယ်တော် တိုင်က မောဠိယသီဝကပရိဗိုဇ် ကို သုခဒုက္ခဝေဒနာ ခံစားကြရမှုနဲ့ ပတ်သက်ပြီး အကြောင်းတရား တွေကိုဟောကြားရာမှာ ရာသီဥတုဖောက်ပြန်လို့ ကြုံကြရခြင်း၊ မိမိကိုယ်တိုင် က အာဟာရစတဲ့အနေအထိုင်အစားအသောက်ညီညွတ်အောင် အားမထုတ်ခြင်း၊ သူတစ်ပါး၏ လုံ့လ ပယောဂ ကြောင့် ကြုံရခြင်း၊ ကံ၏ အကျိုးကြောင့် ကြုံရခြင်း ဆိုတာတွေကို ဟောကြားခဲ့ပါတယ်။ မရွှေအိမ်မှာတော့ဖြင့် သူတစ်ပါး၏ ပယောဂကြောင့်ကြုံခဲ့ရပေတာကိုး။ ကံရဲ့အကျိုးဆက်လည်း ပါချင်ပါနေမှာပေါ့နော်။

မရွှေအိမ်ဟာ စာရိတ္တသတ္တိ ကြံ့ခိုင်သူဖြစ်ပါတယ်။ ဒါတွေရဲ့အကျိုးကိုလဲမရွှေအိမ်မှုချခံစားရဦးမှာပါ။ သို့သော် လဲ မရွှေအိမ်ရဲ့ အတ္ထုပ္ပတ္တိကိုရေးသားတင်ပြတဲ့ ဆရာမကြီး ဒေါ်ခင်နှင့်ယုက သူအကြိုက်ဆုံး နေရာမှာ ရပ်ထားလိုက် တာကိုး မရွှေအိမ်ရဲ့။ ။

**အောင်သင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သို့သောအကြောင်းကြောင့်

## အခန်း ၁

"ဝတ္ထုတွင် ရပ်ချင်သည့်နေရာ၌ ရပ်ထားလိုက်နိုင်
သော်လည်းတကယ့်ဘဝတွင် ကိုယ်ကြိုက်သည့်နေရာ
မှာ ရပ်ထားလိုက်မည်ဆိုလို့ ရသည် မဟုတ်ပါ။ မိမိ
ပြုသမျှအကြောင်း တို့မှ အကျိုးဆက်ကို မလွဲမသွေ
ခံစား၊ စံစားကြရစမြဲ ဖြစ်ပါသည်"

ဤစကားလုံးများမှာ ဆရာအောင်သင်း၏ စကားလုံးများ ဖြစ်သည်။ မရွှေအိမ်သည် စကားလုံးများကို ထပ်ခါထပ်ခါဖတ်သည်။ ဆရာ့စကားလုံးများသည် ရိုးစင်းလှသော်လည်း အဓိပ္ပါယ်အပြည့်ပါသည်။ သူနှစ်သက်စွာ လက်ခံလိုက်မိသည်က ပထမအပိုဒ်တွင်-

"ဝတ္ထုတွင်ရပ်ချင်သည့်နေရာတွင်ရပ်ထားလိုက်နိုင်
သော်လည်းတကယ့်ဘဝတွင် ကိုယ်ကြိုက်သည့်နေရာ
တွင် ရပ်ထားလိုက်မည်ဆိုလို့ ရသည်မဟုတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစာပိုဒ်များက မစိုးမပိုင်သော သဘောကို ပြဆိုသည်။ဟုတ်၏။ ကိုယ့်ဘဝမှာ ရပ်ချင်သည့်နေရာ ရပ်၍ရစတမ်းဆိုလျှင် အနတ္တ သဘော ဆိုတာ မရှိ။ စိုးပိုင်လိုက်သည့် ဖြစ်ခြင်း။ ရပ်ချင်သည့်နေရာ ရပ်မရ၍သာ ဒီဘဝမှာ လျှောက်ချင်ချင် မလျှောက်ချင်ချင် ဆက်လက်လျှောက်နေရ သည်။ ပြီးတော့လည်း ဘဝကို ရပ်၍သာရလျှင် အလှပဆုံး အပျိုမျစ်ဆုံး အတောက်ပဆုံး အချိန်မှာ ရပ်လိုက်မှာပေါ့။ အနိုင်နှင့် ပိုင်းလိုက်မှာပဲ ဖြစ်သည်။ ဘာဖြစ်၍ အိုမင်းချိန်၊ အရာရာကို လက်မြှောက်ရချိန်အထိ နေချင်ပါ့မလဲ။

နောက်တစ်ပိုဒ်ကတော့-

"မိမိပြုသမျှ အကြောင်းတို့မှ အကျိုးဆက်ကို

မလွဲမသွေခံစား၊ စံစားကြရစမြဲ ဖြစ်ပါသည်"

ဒီစာပိုဒ်ကို ပို၍ သဘောကျသည်။ ဘုန်းတော်ကြီးကျောင်းဘေး ကို ဖြတ်သန်းလျှောက်သွားတိုင်း ကျောင်းသားငယ်တို့ မေတ္တာပို့စမြဲ နိဂုံးကိုသူကြားရသည်။ မေတ္တာပို့သံမှာ-

"ကမ္မသကာ - မိမိ၏ ကောင်းမှု မကောင်းမှုသည်

သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်တကား"

ဆရာ့စကားနှင့် ဤမေတ္တာပို့စကားလေးမှာ နီးနွယ်ဆက်သွယ် လျက်ရှိသည်။အကြောင်းကြောင့် အကျိုးဖြစ်သည် ဆိုသော မြတ်စွာဘုရား သခင်၏ ကျိုးကြောင်းဝါဒကို အပြည့်အဝ ထောက်ခံလျက် ရှိသည်။ မိမိပြုသမျှ ကောင်းမှု၊ မကောင်းမှုတွေသည် အကြောင်းတရားတွေပင် ဖြစ်၏။ ဒီအကြောင်းတွေမှ ထွက်ပေါ်လာသော အကျိုးဆက်တွေကို ဥစ္စာ အမွေဆက်ခံသလို စံစား၊ ခံစားရမည်ပဲပေါ့။ ကိုယ်ပိုင် ဥစ္စာတဲ့။

*



www.burmeseclassic.com

www.burmeseclassic.com



ဆရာအောင်သင်း၏ စကားပိုဒ်များပါသော စံပယ်ဖြူ မဂ္ဂဇင်းကို သူ အသာပိတ်လိုက်၏ ဆက်၍လည်းမဖတ်။

သူရောက်နေသောနေရာ၊ သူနေသောအိမ်လေးတွင် မရွှေအိမ်တစ်ယောက်ရှိလိမ့်မည်ဟု သူ့ သူငယ်ချင်းများသည် သိရှိမည်မဟုတ်ပေ။ သူတို့ကို ဆရာ အောင်သင်း၏ စကားပိုဒ်များကို ပြချင်သည်။ မရွှေအိမ်နေသော အိမ်ကလေးက ပျဉ်းမရွာ၏ ရွာလယ်လမ်းမပေါ်မှ သက်ငယ်မိုးထရံကာအိမ်လေး။ သူ့အိမ်လေးသည် ခြေတံရှည်အိမ်ဖြစ်၍ ရွာလမ်းမကိုလှမ်း၍မြင်နေရသည်။ သူအလုပ်လုပ်သော ကျောင်းလေးက ပျဉ်းမရွာဦးထိပ်ရှိ မူလတန်းကျောင်း။ ပထမတော့ တောင်တွင်းကြီးမှနေ၍ တစ်ခြားဆရာမတွေနှင့်အတူ ပျဉ်းမရွာကို စက်ဘီးနှင့် ကျောင်းတက်ဖို့ စဉ်းစားမိသေးသည်။ ယခုတော့လည်း ပျဉ်းမရွာထဲက ဒွေးလေးဘုမအိမ်တွင် သူအတူနေလိုက်သည်။ ဒွေးလေးမှာ သမီးလေးတစ်ယောက်မှလွဲ၍ မရှိ။ ခင်ပွန်းသည်က ကွယ်လွန်သွားပြီ။ သူ့အတွက် အစစ အဆင်ပြေသည်။ ကျောင်းနှင့်လည်း နီးသည်။ တောင်တွင်းကြီး နှင့် ပျဉ်းမရွာက ၄မိုင်လောက် ဝေးသည်။

သူ့ကျောင်းရှိရာ သွားတိုင်း ရွာဦးကျောင်းမှ ဘုန်းကြီးကျောင်းကိုဖြတ်ရသည်။ ဘုန်းကြီးကျောင်းသားငယ်တို့ရွတ်ဆိုသော-

"မိမိ၏ကောင်းမှုမကောင်းမှုသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်တကား" ဟူသော ရွတ်ဆိုသံကိုအမြဲ ကြားရ၏ ဒီအသံတွေကို ကြားလျှင် ခင်မြလင်းနှင့်ရှယ်ကိုသတိရမိသည်။ တက္ကသိုလ်မှာနေစဉ်ကသူ့အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ဖြစ်သည်။ သူ့အတွက်တော့ ဒီရွတ်ဆိုသံတွေကို မစိမ်းပါ။ သူကြီးပြင်းသည်က မြန်မာမြို့။ ဟုတ်၏။ တောင်တွင်းသည် မြန်မာမြို့။ အညာဒေသရှိ မြန်မာဆန်သော မြို့တစ်မြို့။ မြန်မာစာပေသမိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ထင်ရှားခဲ့သော ရှင်လေးပါး ပေါ်ထွက်ရာ မြို့နယ်။ ဒီစကားသံတွေ သူ့အတွက်မစိမ်းသော်လည်းရှည်ကြကြားဖူးချင်မှကြားဖူးမည်။ ခင်မြလင်းက ကြားနိုင်တော့မည် မဟုတ်ပါ။

ဒွေးလေးဘုမ၏ ခြေတံရှည် အိမ်မှာ ရှေ့ဘက်တွင် ကပြင်လေး ထုတ်ထားသည်။ နေသာချိန်မှ စပါး၊ ပဲ၊ နှမ်းတို့ကို ကပြင်မှာ ထုတ်လှန်းတတ်သည်။ ကပြင်၏ ခေါင်းရင်းဘက်မှာ သူက နှင်းဆီသုံးအိုး စိုက်ထားသည်။ နှင်းဆီပင်တွေမှာ နှမ်းဖတ်ပုပ်တွေ ထည့်ရသည်။ ရေကတော့ သူနေ့တိုင်းလောင်းသည်။ နှင်းဆီပင်တွေက တစ်အိုးမပွင့် တစ်အိုးပွင့်နေ၍ သူနေ့တိုင်း ဘုရင်းတင်နိုင်သည်။ အနည်းဆုံးတစ်ပွင့်တော့ ရသည်။

အိမ်သောက်ဖို့ ရေတော့ ဒွေးလေး ဘုမ မသီး မငယ် ရွာဦးကျောင်းကို ညနေတိုင်ကျ တစ်ခြားရွာသူတွေနှင့် ရေသွားခပ်သည်။ သုံးဖို့နှင့် နှင်းဆီပင် လောင်းဖို့ကတော့ မရွှေအိမ် ကိုယ်တိုင်အိမ်ရှေ့ဝင်းထဲက အများသုံး ရေတွင်းမှ ရေခပ်ပါသည်။ သူတို့လူငယ်နှစ်ယောက်ရှိပြီပဲ ဒွေးလေးဘုမ နားနား နေနေ နေနိုင်သည်။

ခြံစည်းရိုးနားမှာ သစ်ပင်စိုက်လျှင် ဖုန်တွေက အရွက်တွေကို ဖုံးနေသည်။ရေလောင်းဖို့မနိုင်နိုင်ပါ။ နှင်းဆီပင်ကို ဒါကြောင့် ကပြင်ဦးမှာသူ စိုက်သည်။ ရွာလမ်းမှာ ဖုန်တွေထပေမင့် ဝေးကွာသော နှင်းဆီပင်ရှိရာကိုမရောက်နိုင်ပါ။ နှင်းဆီပင်များနှင့်မီးဖိုချောင်အလုပ်ကို မရွှေအိမ်တာဝန်ယူနိုင်ပါသည်။ ချက်ပြုတ်ပြီးမှ သူ ကျောင်းကိုထွက်သွား သည်။ မငယ်ကတော့ နံနက်စောစောကတည်းကလယ်ယာများရှိရာသို့ထွက်သွားသည်။ တစ်ခါတလေ ဒွေးလေးဘုမက ဆိုသည်။

"မိန်းကလေး၊ ဘုရားကိုတော့ နှင်းဆီပန်း အမြဲ တင်တယ်၊ ခေါင်းမှာတော့ တစ်ခါမှ မပန်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဒွေးလေးဘုမကိုတော့ ဘာမျှပြန်လည် မဖြေခဲ့ပါ။ ဤရွာ၏ စာသင်ကျောင်းလေးမှာ သူ့ဘဝကို မြုပ်နှံမထားခင်ကတော့ ပန်းတွေ ပန်ခဲ့ပါသည်။ ပန်းပန်ခဲ့သော ရက်များကို ပြန်လည်တသမိ၏။

မူလတန်းဆိုသည်မှာ ကလေးရွယ်သာသာရှိသော လူမမယ်တို့ နေသော အတန်း၊ လုံချည်စိမ်း၊ အင်္ကျီအဖြူလေးတွေနှင့် သူတို့၏ အပြစ်ကင်းစင်သော မျက်နှာကို နံနက်တိုင်း မြင်ရချိန် သူ့ရင်တွေ ကြည်နူးမိပါသည်။ ကျန်သောအချိန်တွေမှာတော့ "ငယ်သူငယ်ချင်း သုံးယောက်ရှိလေသည်" ဆိုသောဇာတ်လမ်းကို သူသတိရမိ၏။

တကယ်တော့ ငယ်သူငယ်ချင်းမဟုတ်ပါ။ သူ၏ငယ်ဘဝက တောင်တွင်းကြီးမှာ ကုန်လွန်ခဲ့သည်ပဲ။ ရှည်နှင့် ခင်မြလင်းတို့ကို တက္ကသိုလ်ကျမှ တွေ့ခြင်းဖြစ်သည်။ ရွာလယ်လမ်းလို ဖုန်မထူ။ ကတ္တရာလမ်းနက်ကျောကျောက ကျောင်းပတ်ဝန်းကျင်မှာ ရစ်ပိုင်းလို့၊ ကံ့ကော်နှင့်ရေတမာရွက်တွေမှာ မြရည်စက်တွေ ရွှန်းစိုနေသော အချိန်၊ မာလာဆောင်ရှေ့ဝင်းအတွင်း မြက်ခင်းပြင်က ကော်ဇောစိမ်းနှင့် ခင်းကာ သူ့ကိုကြိုဆိုခဲ့၏။ သူအားတက်ခဲ့ရသော အချိန်။

ဒွေးလေးဘုမမြင်စေချင်ပါသည်။ ဒီတုန်းကသူပန်းပန်ခဲ့သည်ပဲ။ နံနက်တိုင်း ကျောင်းတက်သွားလျှင် သူ၏ တစ်ပတ်လျှိုဆံထုံးမှာ နှင်းဆီတစ်ပွင့်ပန်သည်။ အင်္ကျီအဖြူလက်ရှည် ချည်အချိတ်ထဘီ သူဝတ်တတ်သည်။ တစ်ခါတစ်ရံတော့ ဂျပန်လုံချည်ပွင့်ရိုက် ရိုးစင်းသော အဆင်များကို သူဝတ်တတ်ပါသည်။ သူခုံမြင့်ကိုတစ်ခါမှမစီး။ သားရေဖိနပ်၊ ကတ္တပါသဲကြိုး ပါးပါး စီးတတ်သည်။ ကျောင်းဆောင်ညည့်ခံပွဲတွေမှာ မိတ်ဆက်ပွဲတွေမှာတော့ ကတ္တပါဖိနပ်စီးပါသည်။

"ဟား. . . . ဟား ဒါကတောင်တွင်းဂိုက်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



မဟာဆန်သူရှည်ရေ၊ ဒီမှာ ကြည့်ပါဦး။ မင်းသမီးလေး မရွှေအိမ် ထွက်လာပြီ”

ခင်မြလင်းက ထေ့ တေ့ တေ့ နှင့် နောက်တတ်သည်။

“ဟုတ်တယ်လေ၊ ဒါမအိမ်ရဲ့ စတိုင်ပေါ့။ လူဆိုတာ ကိုယ်ပိုင် စတိုင် ရှိရမှာပေါ့”

“သရေခေတ္တရာ တည်စခေတ်က စတိုင်ထင်တယ်။ တောင်တွင်းကြီးက ဗိဿနိုး မြို့နဲ့နီးတယ်လေ။ ဗိဿနိုးမိဖုရား များ ဝင်စားလားမသိ”

“တော်ဟာ၊ လင်းကလည်း ပေါက်ပေါက်ရှာရှာ ပြောတတ်တယ်။”

မရွှေအိမ် စိတ်မဆိုးတတ်ပါ။ သူတို့ သုံးယောက် ကျောင်းမှာ စတွဲကတည်းက ကျောင်းသားတွေ အာရုံ စူးစိုက်သော အတွဲဖြစ်သည်။ ချောလွန်းလှလွန်းလို့ မဟုတ်။ မတူသော ပုံစံသုံးခု ပေါင်းစပ်ထားခြင်း ကြောင့်ဖြစ်သည်။

ရှည်ကရှမ်းပြည်မြောက်ပိုင်းမိုးမိတ်သူ။ မိခင်ကရှမ်းအမျိုးသမီး၊ ဖခင်က မိုင်းအင်ဂျင်နီယာ အင်္ဂလိပ်ကပြား။ ထိုခေတ်က ဘလောက်စ် ခေတ်မဟုတ်။ အကျီလက်ပြတ်လည်ထောင်နှင့်ဘရာစီယာ တော့စဝတ်ပြီ။ နိုင်လွန်ခေတ်နှောင်း ဆိုရမည့် အမေရိကနိုင်လွန်၊ ဂျပန်နိုင်လွန်၊ ဘီစကစ်နိုင်လွန်၊ မှန်နိုင်လွန်နှင့်ဘရိုကိတ်ခေတ်စားချိန်။ အိရှံ၊ဖော့ရှံတွေ နှင့် ယခုလို ပါတိတ်ဝမ်းဆက်တွေခေတ်မစားသေး။ ရှည်က ကပြားဖြစ်၍ တစ်ခါတစ်ရံ ဘလောက်စ်နှင့် စကတ်ဂါဝန်တိုတို ဝတ်တတ်သည်။ မြန်မာလိုဝတ်လျှင် သူ့ခုံမြင့်ဖိနပ်ရောင်နှင့် လုံချည်ဆင်တူဖြစ်ဖို့ အာရုံ ဂရုစိုက်သည်။ သူ့ခါးမှာ ချိတ်ထားသော လက်ကိုင်ပုဝါက ရှနယ်ပြင်သစ်



www.burmeseclassic.com

www.burmeseclassic.com



ရေမွေးနံ့သင်းပျံ့နေသည်။ ညပွဲတွေဆိုလျှင် ဇာဖျင်အနက်ကို ရှည်ကဝတ် တတ်သည်။ အနောက်ဆန်သော မျက်နှာကျနှင့် မိခင်၏ ရှမ်းသွေးပါ သောအသားဝါတို့ ပေါင်းစပ်ထားသော ရှည်မျက်နှာက ညမီးရောင်တွင် ဝင်းပနေတတ်သည်။

လင်းကတော့ ကျောင်းတက်ချိန်မှာလည်း အပေါ်အောက်၊ အင်္ကျီနှင့်လုံချည်ဆင်တူဝတ်တတ်သည်။ သူရွေးချယ်သော အရောင်တွေ ကလွင်လွင်နုနု။ ညပါတီတွေကျလျှင်တော့ အရောင်ရင့်ရင့် ပိုးထည်တွေ ပေါ်မှာငွေချည်ပြောက်တွေ၊ ရွှေမျှင်ဖောက် ဘရိုကိတ်တွေကိုအဝတ်များ သည်။ လင်းကမရွှေအိမ်နှင့် တစ်ခန်းတည်းအတူနေသည်။ သူကျောင်း တက်ခါနီးတွင်အလုပ်ရှုပ်ပြီ။ မရွှေအိမ်ကစားပွဲမှမထသေး။ စာကြည့်နေဆဲ။ သူကစောစောရေချိုးသည်။ ခေါင်းဖြီး၊ မျက်နှာသ၍မပြီးနိုင်။ နှုတ်ခမ်းထူထူ ကိုရဲရဲဆိုး၍မြင့်မောက်သော ပါးကိုလည်း နီဖျော့ဖျော့ရောင်သရသေးသည်။ အသားဖြူပေမင့် မိတ်ကပ်ကိုအမြဲသုံး၍ သူ့မျက်နှာက ဝင်းထိန်နေသည်။ ဆံတိုခေတ် မဟုတ်သော်လည်း ကောက်ထားသော ဆံပင်ကို ပုံစံလုပ်ရ သည်။ပြီးတော့သေတ္တာထဲမှ တစ်ထည်ပြီးတစ်ထည်လုံချည်နှင့် လိုက်သော အင်္ကျီအစုံကို ရွေးလိုက်၊ အကြိုက်လျှင်သူ့ခုတင်ပေါ်ပစ်တင်လိုက်နှင့်။ မရွှေအိမ် စားပွဲမှထ၍ ရေချိုးပြီးလည်း သူ့မှာမပြီးသေး။ ဖြီးလိမ်းပြီး၍ ကျောင်းစာသင်ခန်းရှိရာဘက်ကိုသာ ထွက်သွားရော၊ သူ့အဝတ်အစားတွေ ခုတင်ပေါ်မှာ ပြန့်ကြဲလျက်။ အဟောင်းခြင်းထဲမှာလည်း လျှော်စရာအဝတ် တွေကအပြည့်။

ညနေ ကျောင်းဆင်းလျှင် မရွှေအိမ်က မီးပူတိုက်ရင်း အခန်း သန့်ရှင်းရေးလုပ်နေစဉ် လင်း သုတ်သီးသုတ်ပျာ ရောက်လာတတ်သည်။

“ငါနောက်ကျလာလို့ပါ။ ရေချိုးလိုက်ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘရာစီယာ လက်ကြိုး ဘတ်ကယ်လ် ပြုတ်နေလို့
တပ်ပေးစမ်းပါ”
“အသစ်တစ်ထည်ဝတ်သွားပေါ့လင်း၊ ဘာအရေးကြီး
လာလဲ”
“ဩော် . . . . အဟောင်းတွေချည်းပဲ။ လျှော်ရဦးမှာ။
ဒီ တစ်ထည်ပဲ အသစ်ရှိတယ်။ လင်း မအားသေးလို့
ပါဟာ။ ဧည့်ခန်းမှာ ကိုတင်မြင့်ကြီး စောင့်နေပြီ။ သိပ်
ဝီရိယကောင်းတာ ဘယ်သူမှ မရောက်သေးဘူး”

မျက်နှာသုတ်ပဝါကို ဆွဲယူကာ ရေချိုးဖို့ အပြေးအလွှား ထွက်သွားသည်။ မရွှေအိမ်ကသာ ပြုတ်နေသော ဘရာစီယာလက်ကို ပြန်တပ်ပေးနေသည်။ ရေချိုးခန်းကပြန်ထွက်လာတော့လည်း ထုံးစံအတိုင်း မျက်နှာကိုလိမ်းခြယ်ရသေးသည်။ ပြီးတော့ သူ့အဝတ်တွေကို ဖွပြန်သည်။

“နောက်ကျော ကလစ်တပ်ပေးပါဦးဟယ်”

လင်းက ကျောကို လှည့်ပေး၏။ မရွှေအိမ်က ဘရာစီယာ နောက်ကျော ကလစ်ကို တပ်ပေးရသည်။

“ဒီလုံချည်နဲ့အင်္ကျီ လိုက်တယ်မို့လား”

လင်းသည် ကိုယ်ကိုရှေ့လှည့်နောက်လှည့်လုပ်ပြသည်။ မအိမ်က ကိုယ်လုံးပေါ် မှန်ပေါ့။

“လိုက်. . . လိုက်. . . သိပ်လိုက်”

မရွှေအိမ်ပြောတော့မှလင်းအခန်းပြင်ဘက် ထွက်ဖြစ်တော့သည်။
“ဟဲ့ ဘာတွေ ဖြစ်နေတာလဲ မအိမ်။ ခုတင်ပေါ်မှာ
အဝတ်တွေလည်း ပြန့်ကြဲနေတာပဲ”
ရှသ် က အခန်းထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိလင်းပေါ့ဟာ သူ့ဧည့်သည်ဧည့်ခန်းမှာ ရောက်နေ
လို့တဲ့ ကမန်းကတန်းပဲ သွားလေရဲ့"

ခုတင်ပေါ်ကအဝတ်များကိုမအိမ်က တစ်ခုပြီးတစ်ခု သိမ်းရင်း ပြောပြသည်။ လင်းကလည်းပြောစရာပေပဲ။ ကျောင်းစာသင်ချိန် ပြီးလျှင် သူ အဝတ်အစားလှလှဝတ်မည်။ ပြီးတော့ ဧည့်သည်နှင့် တွေ့မည်။ ကန်စောင်းဘက် လမ်းလျှောက်မည်။ စာနှင့်ပတ်သက်လျှင် လေးလေး ပင်ပင် မရှိလှ။ စာကြည့်စားပွဲမှာ မရွှေအိမ်နှင့် အတူ ရှိနေသည်က ရှည်။

ရှည်အဒေါ် ဒေါ်ညွန့်ရီက အင်းယားမြို့မှာနေသည်။ တစ်ပတ် တစ်ခါ ဆိုသလို ရှည် ကြိုက်တတ်သည့် အစားအစာတွေလာပို့သည်။ နံနက်စောစော ရှည် ကော်ဖီ ဖျော်သောက် တတ်သည်။ ပေါင်မုန့် ထောပတ်သုတ်၊ တစ်ခါတစ်ရံကိတ်မုန့်။ ရေနွေးဘူးနှင့် ရေနွေးအဆင်သင့် ဆောင်ထားသည်။ သူသောက်တိုင်းမရွှေအိမ်နှင့်ခင်မြလင်းကိုတိုက်တတ် သည်။

"မအိမ်တို့အိမ်မှာရေနွေးကြမ်းပဲသောက်ရတာ။ အကျင့်ပါမယ်။ မသောက်ပါရစေနဲ့"ဆိုကာ မအိမ်က မသောက်။ ကိတ်မုန့်တော့ တစ်ခါ တစ်ရံ စားတတ်သည်။ ခင်မြလင်းကတော့ရှည်ရဲ့ကော်ဖီလည်းသောက် သည်။ ကိတ်မုန့်လည်း ကြိုက်သည်။ အပြင်ထွက် လျှင်လည်း ခေါက်ဆွဲကြော်၊ ဆီချက်ခေါက်ဆွဲတွေပါလာတတ်သည်။ သုံးယောက် ဝိုင်းဖွဲ့စားတတ်သည်။ ခင်မြလင်း အကြိုက်ဆုံးကတော့ မရွှေအိမ်၏ တောင်းတွင်းပဲကြမ်းကြော်ပဲ။ ကျောင်းအားချိန်အဆောင်မှာ ဝိုင်းဖွဲ့စားကြ သည်။

မအိမ် ကျောင်းလာလျှင် အမေကပဲကြမ်းကြော်နှစ်ထုပ်လောက် တော့ အမြဲ ထည့်ပေးသည်။ လူကြုံနှင့်လည်း ပို့သည်။ နေ့ကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com

## ၁၆ ခင်နှင်းယု

မေသဇင်က ဆီနှင့်ကြက်သွန်၊ နှမ်းယူလာသည်။ ခရမ်းချဉ်သီး ရှိလျှင် ထည့်၍ မရှိလျှင်သံပရာရည်ညှစ်ကာပဲကြမ်းကြော်ဆီရွှဲရွှဲ၊ ကြက်သွန်ပါးပါး လှီးထည့်၊ နှမ်းထည့်သုပ်ကာ ရေနွေးကြမ်းနှင့် သောက်လေ့သောက်ထ ရှိသည်။ စာမေးပွဲနီး၍ ညဥ့်နက်အောင် စာကြည့်လျှင် မရွှေအိမ်က ပဲကြမ်း ကြော်သုတ်ကို အနားထားကာ စားရင်း စာကျက်တတ်သည်။ ကြာတော့ ရှုသ်လည်း တောင်တွင်း ပဲကြမ်းကြော်သုပ်ကို ခံတွင်းတွေ့လာသည်။

“လင်း ပြောရင် ဗိသနိုးက မပါရင် မပြီးဘူးပြောမှာ။
အဲဒီ ပဲကြမ်းကြော်သုပ်က ဗိသနိုးမိဖုရား စားတာ”
ခင်မြလင်းက သူ့စတိုင်အတိုင်းစားရင်းဝါးရင်းစကားစလာသည်။
“ပြောပါဦး၊ တို့က တောင်တွင်းသူပေမင့် ဗိသနိုး
မိဖုရားအကြောင်း သိပ်မသိဘူး” မရွှေအိမ်ကဆို၏။
“မိဖုရားလည်း မိန်းမပဲ အသုပ်တို့ဘာတို့ ကြိုက်မှာ။
ဗိသနိုးခေတ်က အိုက်စကလင်တို့ ရေခဲမုန့်တို့
ကော်ဖီတို့ပေါ်မှာ မဟုတ်ဘူး။ ဒီပဲကြမ်းကြော်ဟာ
တောင်တွင်းကြီးမှာ ပေါ်တာ။ ဗိသနိုးခေတ်လောက်
ကတည်းက ဖြစ်နိုင်တယ်။ စိုက်ပျိုးတဲ့ သီးနှံက
ပြောင်းလဲမှာမှ မဟုတ်ဘဲ။ နန်းတော်ထဲမှာ ဗိသနိုး
မိဖုရား နေ့လည်နေ့ခင်း ရေနွေးကြမ်းနဲ့ ပဲကြမ်းကြော်
သုပ်ကို ပွဲတော်တည်မှာ သေချာတယ်။ ဘယ်ရာဇဝင်
အထောက်အထားမှမလိုဘူး”
“အေးဟုတ်တယ်။ ဗိသနိုးမြို့ဟောင်း တူးဖော်တော့
ပဲကြမ်းကြော် အိုးနဲ့နှစ်လုံးတွေ့တယ်”
ရှုသ်ကဝင်ပြောလိုက်တော့ တဟားဟားနှင့် ပွဲကျသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေအိမ်ရာ မင်းမိဖုရားဖြစ်ရင် တို့နှစ်ယောက်ကို အပျိုတော်ခန့်ပါဟာ။ အဆောင်တော်ထဲမှာ ပဲကြမ်းကြော်သုပ် သုပ်စား ရအောင်။ မိဖုရားကြီး ပျင်းရင် တို့ကို ခေါ်"

"တော်ပါဟယ်။ မအိမ်က မိဖုရားဖြစ်မယ့် ရုပ်ရည် မဟုတ်ပါဘူး"

သည်လိုနှင့် သူတို့သုံးယောက် ဝါဒချင်း မတူသော်လည်း အတူလက်တွဲနေနိုင်ခဲ့ကြသည်။ တစ်ခါတစ်ရံတော့ရှယ် သွက်သွက် လက်လက် အင်္ဂလိပ်စကားကို ပြောဆိုနေသံ ကြားရလျှင် မရွှေအိမ် အားကျသလို သူ့ကိုယ် သူလည်း ဝမ်းနည်းတတ်သည်။

ရှယ်က သာသနာပြုကျောင်းမှာ နေလာသူမို့ အင်္ဂလိပ်လို သွက်သွက်လက်လက် ပြောနိုင်သည်။ အင်္ဂလိပ်စာမှာ ရှယ်က သူတို့နှစ်ယောက်ထက်တော်သည်။အင်္ဂလိပ်စာပေနှင့်မြန်မာစာပေယူထားသည့် အတွက်မရွှေအိမ်နှင့်သူတွဲဖြစ်သည်။မရွှေအိမ်လိုအပ်သောအင်္ဂလိပ်စာကို သူကဖြည့်ပေး၍ သူအားပျော့သော မြန်မာစာကို မရွှေအိမ်ထံမှာ မေးမြန်းရသည်။ ခင်မြလင်း တစ်ယောက်သာ မရွှေအိမ်နှင့် ဘာသာတွဲတူပေမဲ့ စာကြည့်ရာမှာမတွဲ။ သူတို့ ယူသည်က အရှေ့တိုင်းနှင့် အနောက်တိုင်း ရာဇဝင်ဖြစ်၍ စာဖတ်ရများသည်။ မရွှေအိမ်နှင့် ရှယ် စာကြည့်စားပွဲမှာ မြဲမြဲထိုင်သလောက် လင်းက အပြင်နှင့် ခုတင်ပေါ်မှာပဲများသည်။ ပထမနှစ်ကတည်းက ဧည့်ခန်းမှာ ကျောင်းသား ဧည့်သည်ရောက်လာအောင်စွမ်းဆောင်နိုင်သည်။ တစ်ခါတလေ တခေါခေါနှင့် အိပ်ပျော်နေတတ်သည်။ တစ်ခါတလေတော့လည်း ခုတင်ပေါ်မှ စာကြည့်စားပွဲဆီသို့ စကားလှမ်းပြောတတ်သည်။ ဝိဇ္ဇာတန်း(ဘီအေ) ပထမနှစ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လင်းခဏခဏ ညည်းတတ်သည်။

"ကိုယ်တော့ မြန်မာစာ ယူမိတာ မှားတာပဲ။ ပဋိစ္စသမုပ္ပါဒ်ကို မသင်ချင်ဘူး။ အဲဒီအချိန်မှာ ဦးအောင်မိုးကြီးက ဓမ္မပုခက်နဲ့ လွှဲသိပ်သလိုပဲ၊ အိပ်ချင်တယ်"

"ဘာဖြစ်လို့လဲ လင်းရာ။ ရှည်လို ခရစ်ယာန်တောင် ပဋိစ္စသမုပ္ပါဒ်ကို လိုက်သင်သေးတာပဲ။ မင်းက ဗုဒ္ဓဘာသာဖြစ်ပြီးတော့" မရွှေအိမ်ကမေးလိုက်၏။

"ဟုတ်ပါတယ်။ ဗုဒ္ဓဘာသာပါပဲ။ နေတာလည်း ဗုဒ္ဓဘာသာလိုနေပြီး သေတော့ခရစ်ယာန်လိုဖြစ်ဖြစ်၊ ဒိပြင်လို ဖြစ်ဖြစ် သေချင်တယ်။"

ခုတင်ပေါ်မှ မျက်စိမှေးကာသူ့တရားကို ဆက်ဟော၏။

"ဘာဖြစ်လို့"

ရှည်က ထပ်မေး၏။ မရွှေအိမ်ကလည်း လင်း၏ အဖြေကို စောင့်လင့်သည်။ လင်းသည် ခုတင်ပေါ်လှဲကာ သူပြောချင်တာတွေကို အဓိပ္ပါယ်ရှိရှိ၊ မရှိရှိအရမ်းစွတ်ပြောတတ်သည်။ သူ့မျက်နှာကလည်း အစဉ်ပေါ့ပါးသော အပြုံးနှင့် အဆစ်အချိုးကျသော ကိုယ်ကိုမတ်မတ်ထား၍ ခပ်သွက်သွက်လမ်းလျှောက်တတ်သည်။ ခုံမြင့်ဖိနပ်နှင့် ရင်ကိုချီကာ လှမ်းတိုင်းသွား သူလမ်းသွားပုံကို ကျောင်းသားတွေ ငေးယူရသည်။ ပေါ်လွင်သော နှာတံနှင့် ကြည်လင်သော မျက်လုံးရှင်ပေကိုး။ နေ့မှာ လင်းသော သောက်ရှူးကြယ်ဟူ၍ သူ့မျက်လုံးကို ကျောင်းသားတွေက တင်စားတော့ သူသဘောကျသည်။ ဟုတ်တယ်လေ၊ သူတို့သုံးယောက် သင်တန်းတက်ရန် အဆောင်တွေကို သွားတိုင်း လင်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးအစုံမှ လင်းရောင်ခြည်တွေကို လမ်းပေါ်တွေ့သမျှ ကျောင်းသားတိုင်းပေါ် ဖြန့်ကြက်သွားသည်ပဲ။ ပေါ့ပါးသောသူ့အပြုံးသည် မြင်ရသူ၏ နှလုံးခုန်နှုန်းကိုမြန်စေတတ်သောသူ။

"မင်းတို့ကလည်းဟာ အောက်လိုက်တာ။ သတင်းစာထဲပါတဲ့ နာရေးကြော်ငြာတွေ ဖတ်ကြည့်ပါလား။ ဘယ်လောက်ရင်အေးရသလဲ။"

" ဟင် "

မရွှေအိမ်နှင့် ခရစ်ယာန်ဖြစ်သူ ရှုသ်ပါ ပြိုင်တူဟင်လိုက်ကြမိသည်။

"ဟုတ်တယ်လေ၊ ကိစ္စပြတ်ရော။ ခရစ်တော်၌ အိပ်ပျော်သွားတယ်ဆို ကောင်းကင်ဘုံရောက်သွားရော၊ ပြီးရော။ ငါဘာလုပ်လုပ် ဘုရားသခင်ကခံ၊ အေးတာပဲ"

လင်းက စကားအဆုံးသတ်တွင် ရယ်နေသည်။

"ကောင်မအစဝိပ္ပါယ်လည်းမရှိဘူး။ ရယ်စရာမဟုတ်ပဲနဲ့" ရှုသ်ကပြောလိုက်၏။

"လင်းကလည်းဟယ်၊ နင့်လိုလူမျိုးကသေခြင်းတရားကိုစဉ်းစားတယ်လား။ နင်စဉ်းစားပုံကလည်း ပေါ့ဆလိုက်တာ။"

"ပေါ့ပေါ့၊ လေးလေး လင်းတော့ ပဋိစ္စသမုပ္ပာဒ်သင်ရတိုင်း၊ နောက်ဘဝတွေ၊ သံသရာတွေ၊ ဖြစ်တာတွေ ပျက်တာတွေ အိုး. . . . . ရှုပ်ဝေးလိုက်တာ"

"အေးပေါ့လေ၊လင်းသေချင်သလိုသေရပါတယ်"မရွှေအိမ်က



www.burmeseclassic.com

www.burmeseclassic.com



ပြုံး၍ပြော၏။

"လင်း သေခါနီးကျ ငါလာခဲ့မယ်။ တို့ဘုရားရှိခိုး ကျောင်းမှာ လင်းအတွက် ဝတ်ပြုဆုတောင်းပေးမှာပေါ့။ စိတ်ချနေ"

"ဖြစ်နိုင်ပါတယ်။ လင်း စိတ် ချမ်းချမ်းသာသာ နေမအိမ် လင်းအတွက် စိတ် ချမ်းသာအောင် လုပ်ပေးမယ်"

ဒီတစ်ခါ ရှုသ်နှင့်မရွှေအိမ်က ရယ်မောပေမယ့် လင်းသည် တစ်စုံတစ်ခုကို တွေးနေသလို ငြိမ်သက်နေသည်။

လင်သည် ဘာ အတွေးအခေါ်နှင့် ပြောနေသည်မသိ။ တစ်ခါတစ်ရံ သူ ပွင်းလင်းသည် ဆိုပေမယ့် သူ့စကားနောက်မှာ ဘာတွေရှိသည် ဆိုသည်ကို ရှုသ်နှင့်မရွှေအိမ်မသိပါ။ ပေါ့ပါးသောအပြုံး သွက်လက်သော လင်း၏ အမူအရာတွေနောက်မှာ မရွှေအိမ်တို့မသိတာတွေရှိနေတတ်သည်။ ရှုသ်ကအေး၍ မရွှေအိမ်ကစပ်စုတာကို ဝါသနာမပါပါ။

စနေနေ့ တစ်နေ့က ခင်မြလင်းအပြင်ထွက်သွားသည်။ ပြန်လာတော့ အထုပ်တွေနှင့်။ မရွှေအိမ်ကို တစ်ထုပ်လှမ်းပေးသည်။ မရွှေအိမ် ဖွင့်ကြည့်လိုက်တော့ ပိုးတွန့်စရေညှိစိမ်းပေါ်မှာရွှေမျှင်တွေသန်းနေသည်။

"လှလိုက်တာ လင်းရာ"

"အေးပေါ့၊ တို့သုံးယောက်နောက်အပတ်တနင်္ဂနွေမှာ မန္တလေးဆောင်က ညစာစားပွဲ သွားရမယ်လေ။ ဆင်တူဝတ်ရအောင်လင်းဝယ်လာတာ။ ရှုသ်ဖို့လည်း ပါတယ်။ပြီးတော့ရှုသ်သုံးတဲ့ ရှနယ် ရေမွှေးပုလင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



လင်းဝယ်လာတယ်။ မအိမ်ဖို့လည်းပါတယ်။ ရွှေ

သူတို့ခေတ်က နိုင်ငံခြားမှ အလှကုန်ပစ္စည်းမား ဈေးပေါပေါရသည်။ ယခုလောက် ဈေးမကြီးသေး။

မရွှေအိမ်က ရေမွှေးပုလင်းကို လှမ်းမယူ။

"မအိမ်ဘာငေးနေတာလဲ။ သူ့ဂိုက်ကြီးကိုလည်း
ဘယ်တော့မျှမပြောင်းချင်ဘူး။ ထမင်းစားပွဲသွားရင်
ဝတ်ဖို့ နိုင်လွန်အဖြူ လက်ရှည်ရှိတယ်နော်။ အဲတာနဲ့
ဝတ်ပေါ့၊ ဟုတ်လား"

မရွှေအိမ်က စူးစမ်းသော မျက်လုံးတွေနှင့် လင်းကို တစ်လှည့်၊ ပစ္စည်းတွေကိုတစ်လှည့်ကြည့်နေရသည်။ သူ့ရင်ထဲ ဘာတွေဖြစ်နေသည်ကို လင်း မသိပါ။

"ကိုယ်မလိုချင်ဘူး"

မရွှေအိမ်က တုန်တုန် ယင်ယင် နှင့် ပြောနေသည်။

"ဘာလဲ လင်းပေးတဲ့ လက်ဆောင် လိုချင်လို့လား။
ဝတ်လာလိုက်ရင် အညာဂိုက်။ အညာမှ ဟိုးအညာက
ကျေးတောသူ၊ တကတဲ ဘိကျွမ်းနီ လုပ်မလို့လား"

လင်း စကားကို မရွှေအိမ် ခွင့်လွှတ်ပါသည်။ သူကလည်း တကယ်တော့ အညာကျေးတောသူပါပဲလေ။

"ရှနယ်ရေမွှေးကို မကြိုက်လို့လား"

လင်းကစိတ်ဆိုးသလို ခပ်ဆောင့်ဆောင့်မေး လိုက်ပြန်သည်။

"ကျေးဇူးတင်ပါတယ် လင်းရယ်၊ ရေမွှေးဆိုတာ
ချစ်ခင်တဲ့သူချင်းမပေးရဘူးဆို။ မုန်းတတ်တယ်ဆို"

မရွှေအိမ်ကစကားလွှဲ၍ပြောလိုက်သည်။ သူ့မှာအယူအဆမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



လင်း စိတ်ဆိုးမှာစိုး၍ လုံချည်ပျော့ကိုသာ လက်ခံလိုက်သည်။ ရေမွှေးပုလင်းကိုတော့ မယူလိုက်ပါ။ မကြိုက်လို့မဟုတ်၊ ရှုနယ်ရေမွှေးကို ကြိုက်သမှအလွန်ကြိုက်။

ရှုသ်နှင့် စတွဲကတည်းက ရှယ်နယ်၏ သင်းရီသော ရနံ့ကို စိတ်ထဲမှ ကြည်နူးစွာ လက်ခံမိ၏။ ကြိုက်ပေမယ့် သူမှမဝယ်နိုင်ဘဲ။ သူသုံးနိုင်သည်က သနပ်ခါးပါပဲ။ မျက်နှာမှာလည်း သနပ်ခါး ရေကြဲနှင့် ကိုယ်မှာလည်း သနပ်ခါးပဲလူးရသည်။ လင်းပြောသလောက်တော့ သူ့ဇာတိသည် အညာကျေးလက်တော့ မဟုတ်ပါ။ တောင်တွင်းကြီးသူဖြစ်ပေမယ့် သူကျေးတောသူလိုပဲ နေရမည်။ သနပ်ခါးရေကြဲသည် ရှုနယ်ရေမွှေးလို မစူးရှပေမင့် သင်းပျံ့ကြည်မြပါသည်။

ထိုညကတော့ သူမအိပ်သေးပဲ ရှုသ် အခန်းကူးခဲ့သည်။

"ရှုသ်ရယ်၊ မအိမ်တော့ လင်းအတွက် စိတ်မအေးဘူး။

ဒီရေမွှေးတွေ လုံချည်တွေသူဘယ်က ငွေနဲ့ဝယ်လဲ"

ရှုသ်ကလည်း မအိမ် စကားကိုငေး၍ နားထောင်နေသည်။ သူတို့နှစ်ယောက်လုံးခင်မြလင်းမိခင်အကြောင်းသိပါသည်။ ဒိစတြိတ်မြို့မှ အလယ်တန်းကျောင်း ဆရာမ၊ သူ့သားသမီးတွေနှင့် သူ့ဝင်ငွေနှင့်သူ မျှတရုံပဲ။ လင်းမှာ အဖိုးတန် ပစ္စည်းတွေ သုံးနိုင်လောက်အောင် မတောင့်တင်းပါ။ မရွှေအိမ်လိုပဲ လင်းမှာအဖမရှိ၊ ရှုသ်ခပ်ငိုင်ငိုင်လေး တွေးနေသည်။

မနေ့ကညနေကလည်းသူလမ်းလျှောက်ရင်း ကိုတင်မြင့်ကြီးနှင့် တွေ့သည်။ ကိုတင်မြင့် မာလာဆောင်ကို မလာသည်မှာကြာပြီ။ ရှုသ်ကို လျော့ရဲရဲပြုံး၍ နှုတ်ဆက်သည်မှအပ ဘာစကားမျှ ဆက်မပြောဘဲ ထွက်သွားသည်။ သူ့ခများ ယခင်ကတော့ မာလာဆောင် ဧည့်ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှန် ပထမဆုံးရောက်သူ။ ကိုတင်မြင့်ကြီး ရောက်လာလျှင် အပြေးအလွှား အလှုပြင်၍ ပြေးဆင်းတတ်သူကလင်း။ ယခုတော့လည်း ရုပ်လမ်းလျှောက်ရာမှအပြန်အဆောင်ရောက်တော့ အဆောင်ဧည့်ခန်းမှာ လင်းနှင့်အတူယှဉ်တွဲထိုင်နေသူက အီကိုက ကိုဆန်းမောင်။

လင်းမျက်လုံးဝင်းလျှံပြုံးပြက်နေသလို အသံကလည်းချိုလွင် ဝေစီနေသည်။ ရုပ်ရင်ထဲ၌ လမ်းမှာတွေ့ခဲ့သော ကိုတင်မြင့် မျက်နှာကို သတိရမိသည်။

ယခုတလော စနေတနင်္ဂနွေ အပြင်ထွက်လျှင်လည်း ရုပ်ကို အဖော်မစပ်တော့။ သူ့အဖော်က ကိုဆန်းအောင်လား၊ အခြားတစ်ယောက်လား၊ မတွေးတတ်နိုင်ပါ။

"မအိမ်ရာ မိလင်းတော့ ဘာဇာတ်ထုပ်ခင်းနေလဲ
မသိဘူးဟာ။ရုပ်လည်းစိတ်ညစ်မိတယ်။ သူပေးတာ
တော့ ယူထားလိုက်ပါ။"

"တော်ကြာ တို့ကသူ့အပြုအမူကို အားပေးရာရောက်ဦး
မယ်။ ကိုယ်သွားတော့မယ်"

မအိမ်က ရုပ်အခန်းမှ ဖြည်းညှင်းစွာ ထွက်လာ၏။ အဆောင် ကတော့ တိတ်ဆိတ်နေပြီ။

မအိမ်သည် ဝရံတာမှရပ်၍အပြင်ကိုငေးနေမိသည်။ မြက်ခင်း သည် လင်းပေးသော ပိုးစပျော့လို စိမ်းအိနေသည်။ လရောင်ခြည်မှ ရွှေမျှင်တွေ မြက်ခင်းပေါ်မှာ ပြန့်ကြဲနေသည်။ တက္ကသိုလ်ကိုရောက်စက သူ့ဒီမြက်ခင်းပြင်ကိုကြည့်၍ အားသစ်တွေတက်ခဲ့ရသည်။ ဟုတ်သည်။ မက်ထရစ်အောင်၍ဝမ်းသာသလောက် တက္ကသိုလ် ကိုသွားရမည်ဆိုတော့ ဝမ်းသာဝမ်းနည်းကိုယ့်ကိုယ်ကို မယုံကြည်စိတ်တွေ၊ အားငယ်စိတ်တွေက



www.burmeseclassic.com

www.burmeseclassic.com



အစဉ်လွှမ်းမိုးနေသည်။ ပထမတော့ အမေ့အတွက် နောက်ဆံတင်းသလို ဖြစ်မိ၏။အမေကတော့ပြောသည်။ဒွေလေးဘုမကိုခေါ်ထားမည်ဆိုသည်။ အမေ့ဆန္ဒကတော့ ကတ္တသိုလ်ကို သွားရမည်တဲ့။

"အမေဟာမုဆိုးမ။ သမီးတို့ကိုပေးစရာဘာမျှမရှိဘူး။ ပညာပဲပေးနိုင်တယ်။ မင်းနန်သူ ဆေးကျောင်းရလို့ အမေ သိပ်ဂုဏ်ယူတာပဲ။ သမီးလည်း ဆေးကျောင်း မရတောင် တက္ကသိုလ်မှာဒီဂရီတစ်ခုခုတော့ရအောင် ယူခဲ့ပါ။ အမေ့အတွက် မပူနဲ့"

အမေကအားပေးသည်။ဒါပေမယ့်အမေသူ့ကိုတက္ကသိုလ်ပို့သည်မှာ တတ်နိုင်သောအခြေအနေရှိ၍မဟုတ်။ မဖြစ်ဖြစ်အောင်ကြိုးစားပို့သည်။ ကိုသူသိသည်။ သူနှင့်အမေပဲ အရပ်ရပ် အခြေအနေကို တီးတိုးတိုင်ပင်၍ ဖြေရှင်းခဲ့ကြရသည် မဟုတ်လား။ သူတက္ကသိုလ် သွားရမည်ဆိုတော့ သူဝတ်ဖို့ အတွင်းခံပိတ်ဖြူကွင်း စကတ်တစ်ထည် ထပ်ချုပ်ပေးသည်။ စုစုပါင်း သူ့မှာ နှစ်ထည်ပေါ့။ တစ်နေ့က လင်း၏ လုံချည် အင်္ကျီတွေ သိမ်းပေးတုန်း လင်းမှာ စကတ် အဖြူရောင်နှင့် တစ်ခြားအရောင်တွေ အများကြီး။ အမေချုပ်ပေးသလို ပိတ်စမဟုတ်။ စွပ်ကျယ်သားပျော့ပျော့ နိုင်ငံခြားဖြစ် စကတ်တွေ။ ဒါတွေကိုမြင်တော့လည်း ဘာပဲပြောပြော တက္ကသိုလ်အသိုင်းအဝိုင်းမှာ သူတို့မှ တိုးနိုင်ပါ့မလား အားငယ်စိတ်တွေ ပေါ်ရပြန်သည်။ သူ့မှာတော့ ပိတ်ဖြူလုံကွင်းနှင့်ပတ်သက်၍ အမှတ်တရ အဖြစ်ကလေးရှိခဲ့သည်။ သူဆယ်တန်းအထိ အတွင်းခံပိတ်ဖြူစကတ် တစ်ထည်ပဲရှိခဲ့သည်။ ဝါဆိုဦးက အမေတို့ ဈေးသူဈေးသားတွေတောရ ဗိမာန်ကျောင်းမှာ ဝါဆိုသင်္ကန်းကပ်ကြသည်။ သူကလုံကွင်းကိုတစ်ရက် ကြိုလျှော်သည်။ ဖြစ်ချင်တော့ မိုးက သူ့လုံကွင်းလျှော်သော နေ့မှ

www.burmeseclassic.com

www.burmeseclassic.com



သည်းသည်းရှာသည်။

စကတ်အဖြူလေးကို မီးပူအပြင်းထိုးရသည်။ ဝတ်လို့ရအောင် တော့သွေ့ပါရဲ့၊ ဒါပေမယ့် ခါးနေပတ်က ထူ၍ အအေးဓာတ်ရှိနေသေးသည်။ ကောင်းကောင်းမခြောက်။ ထိုနေ့က ကျောင်းမှာ အမေနှင့်တစ်ချိန်လုံး အတူနေရ၍ သူဗိုက်အေးကာ အိမ်ရောက်တော့ နေမကောင်းဖြစ်ရသေး သည်။တော်ပါသေးရဲ့။ ခုတော့ အမေက ပိတ်ဖြူစကတ် လုံကွင်းတစ်ထည် ထပ်ချုပ်ပေးသည်။ သူအမေ့ကို ဘာအပူမျှမပေးချင်ပါ။ အမေ့မှာ သူ့သားကြီးမင်းနန့်အတွက် တာဝန်ကြီးလှသည်။ ကိုကိုကဆေးကျောင်းသား ကြီးလေ။

အဖေရော အမေရော သူတို့သားကြီး ဩရသကို ဘာပဲဖြစ်ဖြစ် အချစ်ပိုသည်။ အဖေ၏ ချစ်သူကို အဖေသေတော့ ဖတဆိုးအနေနှင့် အမေက ပိုချစ်ပြသည်။ ကိုကိုက လည်းချစ်စရာပါပဲ။ ဆယ်တန်းမှာ ဂုဏ်ထူးနှစ်ခုနှင့်ဆေးကျောင်းဝင်ခွင့်ရသည်။ အမေက သူ့သားအကြောင်း ဈေးထဲမှာ ဂုဏ်ယူပြောလို့ မဆုံးခဲ့ပါ။ ဒါပေမယ့် အဖေမရှိတော့ အမေ့စီးပွားရေး ယိုင်ချိန်မှာ ဆယ်တန်းမအောင်ခင် ကတည်းက တစ်ဖက်က ကိုကို့အတွက် ပံ့အောရသည်ဆိုတော့ သူ့မှာ အလယ်တန်း အောင်၍ အထက်တန်းကျောင်းသူဖြစ်လာလည်း အမေ့ကို ဘာမျှ မပူဆာရဲ။ ကိုကိုစာမေးပွဲအောင်တိုင်း စာအုပ်စာရင်းအရ အပြည့်အစုံ အမေဝယ်ပေးသည်။ ကိုကို့အတွက် စာအုပ်ဖိုးငွေက နင့်နေသည်။ သူ သည ပြဌာန်းစာအုပ် ဝယ်လိုပေမယ့် အမေ့ကို မပြောဖြစ်။ တစ်ချို့စာအုပ်တွေကို ညနေစောင်းမှာ သူငယ်ချင်းအိမ်သွား၍ကူးယူခဲ့ရ သည်။ ဗလာစာအုပ် အဟောင်းတွေမှ စက္ကူလွတ်တွေ ဆုတ်ဖြဲ၍ စုပေါင်းကာ ချုပ်ရသည်။ ကိုကို၏ လေ့ကျင့်ခန်းစာအုပ်တွေမှ ကျန်သည့်

www.burmeseclassic.com



အလွတ်တွေပါ စုပေါင်းချုပ်၍ သူမှတ်စုတွေရေးရသည်။ အကြမ်းလည်းသုံးရသည်။ ဆယ်တန်းအောင်သည်အထိ တစ်ခါမျှ လေ့ကျင့်ခန်းဗလာ စာအုပ် အပြည့်အစုံ မဝယ်နိုင်ခဲ့ပါ။ အမေ့ ကိုလည်း ဘာမျှ ပြန်မပြောချင်။ ကျောင်းဖွင့်စ နှစ်ဦးက ဝယ်တာပဲ သူ့မှာရှိသည်။ နောက်ပိုင်းလိုသမျှ သူကြည့်ရှင်းသည်။ စာမကြည့်ခင် ညနေဦးမှာ သူငယ်ချင်းအိမ်သွား၍စာကူးရတော့အမေကပင် သူ့ကိုအိမ်လည်သည် ထင်ခဲ့သေးသည်။ သူ့မှာ ပြဌာန်းထားသော စာအုပ်မရှိသည်ကိုအမေမသိပါ။သိလည်းမသိစေချင်ပါ။ ကိုကို့တာဝန်ကို အနိုင်နိုင်ယူနေရသော အမေ့ကို သူ့မှာလိုအပ်တာတွေ ပြောဖို့ နှုတ်က လေးနေမြဲ။ သူ့ ရင်ထဲမှာတော့စာမေးပွဲအောင်သည်ကိုပဲ ကျေးဇူးတင်မိသည်။ သူ့ကိုယ်သူ အောင်လိမ့်မည်ဟုမထင်ခဲ့။ အမြဲလိုလိုအားငယ်စိတ်၊ ကိုယ့်ကိုယ်ကို အထင်သေးစိတ်တွေ စာမေးပွဲအောင်လာတော့ ပျက်ပြယ်သွားသလို ဖြစ်ခဲ့ရသည်။ ဒါပေမယ့်နှုတ်က လေးမြဲ လေးလျက်။

တက္ကသိုလ်လာဖို့ သူ့သေတ္တာကို မြင်တော့ ရခိုင်ချိတ်အဆင်ထဘီသုံးထည်နှင့် ဂျပန်ပွင့်ရိုက် အပေါ်စားနှစ်ထည်ပဲပါသည်။ အမေကဒီတုန်းက ခေတ်စားသည့် လောင်းတက်ထရွန် နှစ်ထည်နှင့် နိုင်လွန်အဖြူတစ်ထည်ကို အကျႌ လက်ရှည်ချုပ်ပေးလိုက်သည်။ အကြမ်းဝတ်ဖို့ကရှံသားပွင့်ရိုက် သုံးလေးထည်ပါသည်။

တော်ပါပြီ။ သူကျေနပ်ပါသည်။ ဘာပဲဖြစ်ဖြစ် ယခုနေအမေ့ကိုကူညီနိုင်ဖို့ဆိုသည်က အမေ့သားကြီး ဆရာဝန်ဖြစ်ရေးမှာ သူ့ဘက်က၊ အကုန်အကျနည်းအောင် တတ်နိုင်သမျှချွေတာခြင်းဖြင့်ပဲ ကူညီရတာပေါ့။ ငယ်စဉ်ကကျောင်းသူဘဝမှာ သူလုပ်ချင်တာလုပ်သည်ဆိုဒါက တစ်ခုတည်းရှိခဲ့သည်။ အလယ်တန်းရောက်ကတည်းက အိမ်ရှေ့ မြေပိုင်းလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီတစ်ပင်စိုက်သည်။ဒီနှင်းဆီပင်ကတစ်ပွင့်ကိုတော့သူကျောင်းလာလျှင် အမြဲပန်သည်။ အမေ သင်ပြထား၍ သူ သနပ်ခါးရေကြဲ ပါးပါးလေး ပါးမှာသ, တတ်သည်။ အပျိုဖော်ဝင်စ သူအလှ ပြင်ရသည်မှာ ဒါပါဘဲ။ တက္ကသိုလ် ရောက်တော့သူ့ဟန်ကို မပြောင်းခဲ့။ ကျောင်းစရောက်စက သူ့အကြောင်းဘာမျှမသိသော လင်းက "သရေခေတ္တရာဟန်"တဲ့၊ "ဗိဿနိုးမိဖုရား"တဲ့။ ဗိဿနိုးမိဖုရားမှာ အောက်ခံစကတ် တစ်ထည် တည်းရှိမှာ မဟုတ်ပါဘူး လင်းရယ်လို့ သူ ပြန်ပြောချင်သည်။

အမေသင်ခဲ့သောအလှပြင်နည်းကိုပြန်လည်၍ သတိရလာသည်။

"သနပ်ခါးရည်ကြဲကအသားလည်းအေးတယ် သမီးရဲ့။
ပြီးတော့အပေါ် ကအမြစ်မှုန့်လေးလူးရတယ်။ တစ်ခါ
တလေ သွားစရာရှိရင်တော့ ပေါင်ဒါလေးလူးပေါ့"

အမေပေးထားသော စနစ်က ပေါင်ဒါတစ်ဘူး နှစ်နှစ်ခံအောင် လူးနိုင်သော စနစ်ပါပဲ။ ကိုယ်လိမ်းပေါင်ဒါ အစား အမေက ပုလင်းထဲမှာ ထုံးကိုရေဖျော်ပေးထားသည်။သနပ်ခါးလူးပြီးချိုင်းမှာထုံးရေကြဲသုတ်ထား လိုက်လျှင် ချွေးထွက်တော့လည်း ချွေးစော်မနံတာပါ။ အမေ၏ နှစ်ဆယ် ရာစုနှစ် အလှပြင်နည်းပဲပေါ့။ တကယ်တော့လည်း အမေက သူ့အတွက် ကိုယ်လိမ်းပေါင်ဒါ ဝယ်မပေးနိုင်၊ ကာတီကူရာပေါင်ဒါ တစ်ဘူးလောက် တော့ သူဝယ်လူးချင်သည်။ ဒီပေါင်ဒါက ဈေးနည်းနည်း ပေါသည်။ သူမုန့်ဖိုးစုထားပေမယ့်လည်း ကိုယ်လိမ်းပေါင်ဒါတစ်ဘူးဝယ်မရပါ။အမေ့ ကို ချက်ချင်း သတိရလာမိသည်။ ဝရန်တာမှ ခွာလိုက်၍ အခန်းထဲကို ဖြေးညင်းစွာ ဝင်သွားသည်။ စာကြည့်စားပွဲမှာ သူထိုင်လိုက်ချိန်မှာ လင်းတစ်ယောက် တခေါခေါနှင့် အိပ်မော ကျနေသည်။

သူသည် သူ့ဘဝ နားလည်ရမည်။ အရာရာ မပြည့်စုံခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

## ၂၀ ခင်နှင်ဆု

အလယ်မှာသူ့ကိုယ်သူ အကျဉ်းချထားသည်ပဲ။ ကာလကြာတော့ ဒီအကျဉ်းထောင်ထဲမှာ သူနေတတ် စားတတ်သွားပြီပေါ့။ ခင်မြလင်းတို့ ရှင်တို့ ဘဝကို အားကျ၍ မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

ညဥ့်ဦးလေညှင်းသည်မွှေးပျံ့နေသည်။ ကျောင်းသားကျောင်းသူတွေ ဆရာတွေ မန္တလေးဆောင်ရှေ့မြက်ခင်းပြင်မှာ လှုပ်ရှားနေကြသည်။

"ဒီက လက်ကိုင်ပုဝါ ထင်ပါတယ်"

ကျောင်းသားတစ်ယောက် မရွှေအိမ်ဘေးမတ်တက် လာရပ်ရင်းပြောသည်။

"ကျွန်မ နာမယ် မရွှေအိမ်ပါ"

"ကျွန်တော့် နာမည်က မောင်ဥက္ကပါ
ဒီလက်ကိုင်ပုဝါက. . . . . "

ကိုဥက္ကဆိုသူလက်မှစားပွဲပေါ် တင်လိုက်သောလက်ကိုင်ပုဝါကရှုနယ်ရေမွှေးနံ့ သင်းပျံ့နေသည်။ မရွှေအိမ်သည် ညင်သာစွာ ပြုံးရင်း-

"ကျွန်မ ရှုနယ် ရေမွှေး မသုံးပါဘူးရှင်။ ကျွန်မ
သူငယ်ချင်းတွေရဲ့လက်ကိုင်ပဝါတော့ ဖြစ်နိုင်ပါလိမ့်
မယ်။ သူတို့ ဟိုဘက် ခဏ သွားပါတယ်"

"ဟုတ်ကဲ့၊ မြက်ခင်းပေါ်ကတွေ့လို့ အနီးစပ်ဆုံး. . .



www.burmeseclassic.com

www.burmeseclassic.com



မ. . . ရွှေ. . . အိမ် ကိုပေးတာပါ”

သူသည်မရွှေအိမ်ဆိုသော စကားကို တစ်လုံးခြင်း ရွတ်ဆိုနေ၏။ တကယ်တော့လည်း သူ့နာမည်သည် မြကေခိုင်တို့၊ လှသင်းနွယ်တို့၊ မာဂရက်တို့လိုတော့ ရေပန်းစား ခေတ်မီသော နာမည်မျိုး မဟုတ်ပေပဲ။ ဘေးမှာ ဖြတ်သန်းသွားနေသော သူတွေကလည်း သူတို့ကိုဂရုမပြု၊ သူတို့ဘာသာ စကားတွေ ဖောင်လောက်အောင် ပြောနေသည်။ သူနှင့် မျက်နှာချင်းဆိုင်မှာထိုင်နေသူ အမျိုးသမီးနှစ်ယောက်ကလည်း သူတို့ကို ဂရုမစိုက်။

“ကျွန်တော့ကို ထိုင်ခွင့်ပြုပါ“

“ဟုတ်ကဲ့”

မရွှေအိမ်သည် အားနာသွားသည်။ လက်ကိုင်ပဝါ ပေးလာကတည်းက လွတ်နေသော ကုလားထိုင်တွင် ထိုင်ဖို့ သူပြောသင့် သည်။ အမှန်တော့သူ ဒီညမှာ ရှုံးတိုးရှုန့်တန့်ဖြစ်နေသည်။ သည်လို ပြိုးပြက်သော လုံချည်မျိုး သူမဝတ်ဖူးပါ။ ဒါကြောင့် သူငြိမ်ငြိမ်ထိုင် နေမိသည်။ ရုပ်နှင့် လင်းကတော့ အဖော်တွေကို သွားနှုတ်ဆက်နေသည်။

လရောင်အောက်မှာ ပန်းတစ်ပွင့်ပန်ကာ တစ်ပတ်လျှို ဆံထုံးနှင့် မရွှေအိမ်ဆိုသော မိန်းကလေးကို တွေ့သည်။ သူကတော့ အံ့အားသင့်နေ သည်။ မိန်းကလေးက မျက်ခုံး ထူထူနှင့် အသားလတ်လတ်၊ မဝံ့မရဲ မျက်လုံးလေးတွေ မီးရောင်စုံမှာ ရွှန်းလက်နေသည်။

ဒီလူကလည်း ဘာမျှ ဆက်မပြောသလို မရွှေအိမ်ကလည်း ဘာပြောရမှန်းမသိ။ သူသည်ကောင်းကင်ကိုငေးစိုက်ကြည့်နေလိုက်သည်။ လဝန်းသည် အရှေ့မှ ထွက်ပြူစ။

“ကျွန်တော်အာရ်အိုင်တီကပါ။ မန္တလေးဆောင်က

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချတ်ကဖိတ်တာနဲ့ကျွန်တော်လာတာ။ မရွှေအိမ်နဲ့
တွေ့ရတာ ဝမ်းသာပါတယ်”

ကိုဥက္ကာက မိတ်ဆက် စကားစဆိုပြီ။ ဒါက တက္ကသိုလ်မှာ ကျောင်းသားတွေရဲ့ လုပ်ထုံး လုပ်နည်းတွေပါပဲ။

“ဟုတ်ကဲ့၊ မိန်း **(Main)** က မဟုတ်ဘဲကိုး။ မအိမ်
ဒါကြောင့် ကိုဥက္ကာကို တစ်ခါမှ မမြင်ဖူးတာ”

သူသည် ကြိုးစား၍ ပြန်ပြောလိုက်၏။

“မအိမ် သူငယ်ချင်းတွေ လာတော့မှာပါ။ သူတို့က
ရှနယ်ရေမွှေးသုံးတယ်လေ”

သူသည်မဆီမဆိုင်ပြန်ပြောမိ၏။အမှန်တော့ သူ့စိတ်ထဲကလည်း သူသည်ရှနယ်ရေမွှေးသုံးနိုင်သောမိန်းကလေးမဟုတ်ပါ ဆိုသည်ကိုလည်း ကိုဥက္ကာကို သိစေချင်သည်။

“ဟုတ်မှာပေါ့ဗျာ။ သူတို့လာရင် ပေးလိုက်ပါ။
မရွှေအိမ်ခေါင်းက နှင်းဆီပန်း ကလည်း သင်း
နေတာပဲ”

ကိုဥက္ကာ စကားပြောမခေပါပဲ။ အဲလေ တက္ကသိုလ်ကျောင်းတော်သားတွေပဲ။ သူသာရာစုနှစ်များစွာနောက်ပိုင်းမှာနေရစ်သူ။ တမင်သူ့ကိုယ်သူ မြှုပ်နှံထားရသူ ဖြစ်သည်ကို သူ့ သူငယ်ချင်း တွေမသိ။ သူ့ကိုယ်မှာ ယောကျ်ားတစ်ယောက်၏ ပထမအမြင်ကို ဖမ်းစားနိုင်လောက်အောင် ဘာမျှမရှိဘဲ၊ ဒီနှင်းဆီပန်းလေးတစ်ပွင့်ပဲ ရှိသည် ထင်ပါ၏။ ကိုဥက္ကာက နှင်းဆီပန်း သင်းပျံ့မှုကို စကားအိမ်ဖွဲ့လိုက် ပါသည်။ သူမြတ်နိုးသော ဒီနှင်းဆီပန်းတစ်ပွင့်ကို မှန်မှန်ပန်နိုင်ဖို့ သူ့မှာ မနည်း ချွေတာရသည်။ ဖြစ်များဖြစ်နိုင်လျှင် အဲဒီညက ကျွန်မဝတ်လာတဲ့ လုံချည်ပါလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသူငယ်ချင်း လင်းကပေးတာ။ ကျွန်မဒီလိုလုံချည်မျိုးမဝတ်နိုင်ပါဘူးရှင်တဲ့ ပြောလိုက်ချင်သည်။

"ဘယ် အဆောင်မှာ နေပါလဲ။ ကျွန်တော်တို့ ကျောင်းအားရင် လာလည်ပါရစေ"

"လာနိုင်ပါတယ်။ မာလာဆောင်မှာ နေပါတယ်"

"မရွှေအိမ်ဆိုတဲ့နာမည်က မြန်မာသိပ်ဆန်တာနော်"

"ဟုတ်ကဲ့။ ကိုဥက္ကာ ဆိုတာလဲ မြန်မာဆန်ပါတယ်။ ရှေးက စာဆိုတစ်ဦးရဲ့ နာမည်က ဥက္ကာပျံတဲ့"

"ကျွန်တော်ကတော့ မပျံပါဘူးဗျာ"

ကိုဥက္ကာ စကားက သွက်လက်ရွှင်မြူးလာသည်။ အသားဖြူဖြူ မျက်လုံး မျက်ခုံးကောင်းကောင်းနှင့် လူချောတစ်ယောက်၊ နှာတံက မပေါ်တပေါ်၊ နှုတ်ခမ်းကတော့ အနည်းငယ်ထူသည်။ ထိုခေတ်က အနောက်တိုင်းဝတ်စုံအဝတ်များပေမယ့်ကိုဥက္ကာကတိုက်ပုံနှင့်၊ ယောပုဆိုးနှင့်အရပ်ကမြင့်သောကြောင့် ခန့်ညားနေပုံ ရသည်။

"ရွှေအိမ်ကြီးထဲမှာ နေနိုင်လို့ထင်ပါရဲ့၊ မရွှေအိမ် နာမည်က"

ကိုဥက္ကာ သည် စကားစ ရှာကာ စိတ်ဝင် တစား ပြောလာပြန်နေသည်။မရွှေအိမ့် စိတ်ထဲမှာတော့ စကားပြောနေရသည်ကို ကြည်နူးမိသလို ရှိပေမယ့် ကိုဥက္ကာ့မေးခွန်းကို သူအံ့သြနေသည်။

"မအိမ်ကရွှေအိမ်ကြီးထဲမှာမနေနိုင်ပါဘူးရှင်။ မအိမ်တို့က အညာသူပါ။ အဖေက ကိုကို့နာမည်ကိုလဲ မင်းနန်းသူလို့မှည့်တယ်။မအိမ်ကိုတော့ ရွှေအိမ်စည်လို့မှည့်တာ"

www.burmeseclassic.com

www.burmeseclassic.com



မရွှေအိမ်သည် လေးစားစွာ ပြန်လည်ပြောပြနေ၏။
"ရွှေအိမ်စည်ဆိုတာ သိပ်လှတဲ့နာမည်ပဲ"
"ဟုတ်ကဲ့၊ ကိုဥက္ကာက အင်ဂျင်နီယာ ဆိုတော့ ရာဇဝင်ကို စိတ်ဝင်စားမှာ မဟုတ်ဘူး။ ရာဇဝင်မှာ က ရွှေအိမ်စည် ဟာ ပဋိက္ခယား မင်းသားနဲ့ ရည်ငံတယ်လေ"
"ဟုတ်ကဲ့၊ ကျွန်တော်ကြားဖူးတယ်လေ"
"မအိမ်ကတော့လူမျိုးခြားကိုမလိုချင်ဘူး။ အဖေ့ကို တော့ချစ်ပါရဲ့၊ ဒါပမယ့် မအိမ်ကျောင်းနေကတည်းက "စည်"ကိုဖြုတ်ပြီး "မရွှေအိမ်"လို့ ပေးထားတာပါ။ အဖေမဆုံးရင်တော့ရွှေအိမ်စည်လို့ ဖြစ်မှာပါပဲလေ"

သူသည် အဖေ ဆုံးသွားသည့် အကြောင်းကို အမှတ်မထင် ပြောလိုက်မိ၏။ ဘာလို့များ သူစကားတွေ အရှည်ကြီး ပြောမိပါလိမ့်။
"ဟော့. . . လင်း ကိုလည်း မိတ်ဆက် ပေးဦးလေ။ လက်စသတ်တော့တစ်ဦးတည်းပိုင်လုပ်နေတာကိုး"

ရုတ်တရက် အနား ရောက်လာသော ခင်မြလင်း အသံက ကျယ်လွန်း၍ မရွှေအိမ် လန့်သွားသည်။ သူ့စကားကြောင့် မရွှေအိမ် ရှက်သွားသည်။ပါးစပ်အဟောင်းသားနှင့် ဘာပြန်ပြောရမှန်းမသိ၊ မျက်နှာကို ငုံ့ထားလိုက်သည်။
"ရှုသ်ရေဒီမှာကြည့်ပါဦး။ မရွှေအိမ်က သူ့အဆက်ကို တို့နဲ့ မိတ်ဆက်မပေးဘူး။ ဟား. . ဟား. . ဟား"

ရယ်သင့်သည်လည်းမဟုတ်ဘဲ လင်းက ဟက်ဟက်ပက်ပက် ရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရှယ်၊ သူက ကိုဥက္ကာ။ ရှယ်တို့ရဲ့ လက်ကိုင်ပဝါ ကောက်ရလို့ လာပေးတာ။ တို့များနဲ့လည်း ခုမှ သိတာပါ"

မရွှေအိမ်သည်မျက်နှာပျက်ပျက်နှင့်အထစ်ထစ် အငေါ့ငေါ့နှင့် ရှင်းပြနေသည်။

"ကျေးဇူးတင်လိုက်တာ ကိုဥက္ကာ၊ ရှယ်လည်း လက်ကိုင်ပဝါ ပျောက်လို့ ရှာနေတာ။ သူက ကျွန်မသူငယ်ချင်း ခင်မြလင်းပါ"

ရှယ်အပြောကောင်း၍ ကိုဥက္ကာရောမရွှေအိမ်ပါ မျက်နှာပြန်မော့ လာသည်။ မရွှေအိမ့် ရင်ထဲမှာ လင်းကိုသိပ်စိတ်ဆိုးနေသည်။ ရှေ့မှ မိန်းကလေးနှစ်ယောက် ထသွား၍ ရှယ်နှင့် လင်းတို့ဝင်ထိုင်ကြသည်။ မဟုတ်ခါမှလွဲရော၊ လင်းတစ်ယောက် သောက်လာသည်ထင်သည် ရွှင်လွန်းလှသည်။ မရွှေအိမ့်စိတ်ထဲမှာပြန်ချင်လှပြီ။ လဝန်းအတော်မြင့်မှ စားသောက်ပွဲစ၍ သူတို့လူချင်း ခွဲကြသည်။

"လင်းတို့အပြန်မှာ လိုက်ပို့ပါဦးလား ကိုဥက္ကာ"

လင်းကပြန်ခါနီး ဆိုပြန်ပြီ။

"ရှယ်၊ ယူ့ကောင်မကို ထိန်းဦး။ ဘယ်ကောင်မှ တို့ ကိုလိုက်ပို့စရာ မလိုဘူး"

မရွှေအိမ်က ရှယ်အနား တိုးတိုးကပ် ပြောကာ "ပြန်မယ်" ဆို၍ ခြေလှမ်းပြင်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုဥက္ကာ။ ရှယ်တို့အဖော်တွေ များပါတယ်။ ပြန်တော့မယ်၊ ဂွတ်နိုက်"

မရွှေအိမ်ကတော့ရိုင်းတယ်ပဲဆိုဆို၊ ဒေါသတွေ တစ်ပွေ့ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှ ဘယ်သူ့မှ နှုတ်မဆက်ဘဲ ထွက်လာခဲ့သည်။

အဆောင်ရောက်တော့ မရွှေအိမ် ဒေါသူပုန်ထနေသည်။

“တော်ပြီလင်း။ မင်းလုပ်ပုံတစ်စက်မှမကောင်းဘူး။
ယောကျ်ားလေး တစ်ယောက်က ကိုယ်တို့ကို
ဘယ်လောက် အထင်သေးမလဲ။ ခုမှသိတဲ့လူ။
နောက်မအိမ် ဘယ်ပါတီမှ လင်းနဲ့မသွားဘူး”

ထဘီလဲရင်း မရွှေအိမ်က ဆူနေသည်။

“ဟဲ ဟဲ။ ရှုသ်ရေ လာပါဦး။ သူ့ကောင်ကို တို့နဲ့
မိတ်ဆက်မပေးချင်တာနဲ့ စိတ်ဆိုးနေတယ်ဟ”

ရှုသ်ကလင်းအသံကြောင့်အခန်းထဲ ပြေးဝင်လာသည်။

“ကြယ်ဥက္ကာ ညဥ့်ရောင်မှိုးသလို မင့်မောင်ကြီးထင်”
သီချင်းက ယောကျ်ားဆိုတဲ့ သီချင်းမို့လို့။ တကယ်ပဲ
ကိုဥက္ကာ၊ ကိုဥက္ကာဆိုတာကလေကောင်းကင်ကြီးမှာ၊
မရွှေအိမ်ဆိုတဲ့ ကောင်းကင်ထဲမှာ ထွန်းလင်းနေတဲ့
ဥက္ကာပျံကြီး”

“တော်ကွာ လင်း၊ ကိုယ်စိတ်ဆိုးပြီနော်”

မရွှေအိမ်ကအော်လိုက်သည်။ ရှုသ်ကမရွှေအိမ်ကိုအသာဆွဲဖက်လိုက်၏။

“ကဲ. . လင်းကလည်း အဝတ်အစားလဲ၊ အိပ်တော့။ တို့
အခန်းကဆူဆူဆူလုပ်လို့အဆောင်မှူးလာဆူဦးမယ်”

ရှုသ်က နှစ်ယောက်လုံးကို ဖျန်ဖြေနေသည်။ မရွှေအိမ်က အဝတ်အစားလဲပြီး ရှုသ်အခန်းသွားနေသည်။ လင်းအိပ်မောကျမှသူ့အခန်းသူပြန် လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

ကိုဥက္ကာ မာလာဆောင်ကို လာလည် သော ပထမ ညနေက မရွှေအိမ် တစ်ယောက် ကတုန်ကယင် ဖြစ်နေသည်။ လင်းကတော့ ရှသ်ပါ ပြေးခေါ်လိုက်သည်။

“ရှသ်ရေ၊ မအိမ်ကို တွေ့ဖို့တဲ့ ကိုဥက္ကာကြီးလာနေပြီ။ အောက်ထပ်ဧည့်ခန်းမှာ”

မရွှေအိမ်က တကယ်ပင် သနပ်ခါးရေကြဲ လူးဆဲ ရင်ထဲမှ လှုပ်ရှားမှုကို မျက်နှာက ထိန်းချုပ်ထားသည်။

“မြန်မြန်လုပ်ပါဟမအိမ်ရ။ဟိုကစောင့်ရတာကြာလှပြီ။ ဥက္ကာကြီး မာလာဆောင်ပေါ်မှာ ဥက္ကာကြီးပျံလာပြီ”

လင်းကပြောရင်း ရယ်နေသည်။

“ကာယကံရှင်က တော်တော်ရယ် လင်းကအဖြစ်သဲ မနေနဲ့”

ရှသ်က မရွှေအိမ်ကိုကြည့်ရင်း လင်းကို ပြောလိုက်၏။ သနပ်ခါး ရေကြဲနှင့် သူမှုအတိုင်း ဆံထုံးမှာ နှင်းဆီတစ်ပွင့် ပန်ထားသော မရွှေအိမ်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ရွှန်းစိုကြည်မြနေသည်။

"ရှနယ်ရေမွှေး ဆွတ်ဦးမလား။ ဆွတ်သွားပါဟာ။ ရှနယ်ရနံ့က နှာခေါင်းဝ ရောက်လာရင် မိန်းမော ချစ်စရာပဲ။ မင်းယောကျ်ားတစ်ယောက်ကိုကျစေချင် ရင် ရှနယ်ရေမွှေး ဆွတ်ပြီးတော့ ရှန်ပိန်တိုက်"

"လင်း ဘာတွေပြောနေတာလဲ။ မအိမ်တို့ ဒါတွေ နားလည်ဘူး။ ယောကျ်ား တစ်ယောက်ကို ရှနယ် ရေမွှေး သုံးမှ ရရမယ်ဆို ငါမယူသေးဘူး။ သနပ်ခါး ရေကြဲကို ကြိုက်ရင်ကြိုက်ပေါ့ဟာ။ ငါ့မှာ မရှိတာ ငွားမသုံးချင်ပါဘူး"

"မာနတွေ မာနတွေ။ လင်းက မအိမ်မသိသေးတဲ့ ပညာရပ်တွေ သင်ပေးနေတာပါ"

လင်းစကားကို မကြားသလို လုပ်ကာ လင်းကိုလှည့်မကြည့် တော့ဘဲမဈေအိမ်က အခန်းဝမှ ဖြည်းညင်းစွာ ထွက်သွားသည်။ လင်းရော ရှသ်ပါကြည်နူးသောမျက်နှာတွေနှင့်ကြည့်နေရစ်ကြသည်။ ဧည့်ခန်းရောက် တော့ မဈေအိမ် လက်ဖျားတွေ အေးစက်လာသည်။ ဧည့်ခန်းဝမှာ ရပ်ရင်း ရင်တွေတုန်နေသည်။ ကုလားထိုင်ပေါ်မှာ သူ့ကိုပြုံး လျက် ကြည့်ကာ ကြိုနေသော ကိုဥက္ကာကို မြင်တော့ ခြေလှမ်းက တုံ့သွား သေးသည်။ တကယ်ပင် သူ့ဆီကို ကိုဥက္ကာလာသည်။ ဟိုနေ့ညတွေ့စဉ်က ကိုဥက္ကာ လာမယ်ပြောပေမင့် သူသည်သူ့ကိုယ်ကို လျှော့တွက်မိသည်။ သူသည် ကိုဥက္ကာလို လူမျိုး အဆောင်ကိုလာလည်အောင် စွမ်းဆောင် နိုင်သော မိန်းကလေးတစ်ယောက် မဖြစ်နိုင်ပါ။ ရင်ထဲမှာတော့ ပြောမိသည်။

"ကိုဥက္ကာရယ်၊ မအိမ်ပါးက သနပ်ခါးကို ရှနယ်



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးနဲ့ မွှားလာတာတော့ မဖြစ်ပါစေနဲ့”

ကိုဥက္ကာက စကားပြော ကောင်းသူဖြစ်သည်။ စင်ဒရဲလား ပုံပြင်ကိုတောင် ပြောပြသွားသေးသည်။ စင်ဒရဲလားနှင့် မင်းသားလေး ကပွဲမှာ ကနေစဉ် မိုးလင်းသွားမှာစိုး၍ စင်ဒရဲလား မိုးမလင်းခင် လစ်ပြေး သွားသည်တဲ့။ စင်ဒရဲလားကျွတ်ကျကျန်ရစ်နေသော ဖိနပ်တစ်ဖက်နှင့် မင်းသားလေး ရှာပုံတော်ထွက်ရပုံကို ပြောပြသည်။ မအိမ်ကတော့ ပြုံး၍ သာနားထောင်မိသည်။ ပြန်ပြောရန် စကားလုံးတွေက နှုတ်ခမ်းဝမှာ တစ်နေသည်။ စင်ဒရဲလားအကြောင်းကို ငယ်ငယ်ကတည်းကသိပြီးသားပါ။ သူ့ခမျာ ဆင်းရဲလွန်း၍ အဝတ်အစားပင် ကောင်းကောင်းမရှိ။ နတ်သမီး ဖန်ဆင်း ပေးလိုက်သော ဂါဝန်လှလှလေးတွေ ဝတ်သွားတော့လည်း မိုးမလင်းခင် ပြန်လာမှတဲ့။ မိုးလင်းလျှင် သူဝတ်သွားသော ဂါဝန်ရော ဖိနပ်ပါ ပျောက်သွားမည်ဆိုတော့ ချစ်သူနှင့် တွဲကရာမှ မိုးလင်းမှာစိုး၍ ပြန်ပြေးရသော စင်ဒရဲလား ဖြစ်သည်။ ကိုဥက္ကာသည် သူ့အကြောင်းကိုများ သိလေသလား။ သူ၏ တစ်ထည်တည်းသော လုံချည်။ ထိုလုံချည်ကိုတောင် လင်းက လက်ဆောင်ပေး၍ ထိုညက ဝတ်ခဲ့ရသည်။ လုံချည်အကြောင်း ဖွင့်ပြောမည်ဟု ကြိုးစားကြည့်သေး၏။

ကိုဥက္ကာကတော့ သူ မော်လမြိုင်သားဖြစ်ကြောင်း၊ မိဘတွေက သစ်စက်ပိုင်ရှင်များဖြစ်ကြောင်း၊ ကြိုကြား၊ ကြိုကြား ပြောပြသည်။ သူက အမေ့အကြောင်းကို ပြောဖို့ ကြိုးစားပေမင့် မပြောဖြစ်ပါ။ ရင်ထဲမှာတော့ ဤ ညွှတ်နူးဖွယ် တနင်္ဂနွေ ညနေကို မကုန်ဆုံးစေချင်ပါ။ ကိုဥက္ကာ၏ ပုံပြင်ကို နားထောင်ရတာ ကြည်နူးမိတာအမှန်။ ကိုဥက္ကာပြန်သွားတော့ အခန်းမှာ စောင့်နေသော ရှုသ်နှင့် ခင်မြလင်းတို့၏ အစစ်အဆေးကိုခံရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဥက္ကာ က ပုံပြောသွားတာပါဟာ။ မအိမ်ကလည်း လင်းပေးတဲ့ ထဘီအကြောင်းပြောမလို့ ပြောချိန် မရလိုက်ဘူး။"

"ဘုရားရေ"

လင်းက မျက်လုံးလေးပြူးကာ ဘုရားတလိုက်သည်။

"မရွှေအိမ်. . မရွှေအိမ်၊ အံ့ရော။ ဘာကိစ္စ ဒီထဘီကိစ္စ ဘယ်သူက ရိုက်စစ်လို့ မင်းပြောပြရမှာလဲ။ လင်းစိတ်ထဲမှာ ဒီပုံစံကြီးနဲ့ မရွှေအိမ် တစ်ယောက် ဘယ်တော့ ဈေးဦးပေါက်မယ် မထင်တာခု ဈေးဦး ဈေးဖျားမှာမင်းကလည်း အစွမ်းကုန် ကိုယ့်အစွမ်းကို ထုတ်မှပေါ့"

ခင်မြလင်းက သူ့ ထုံးစံအတိုင်း မျက်လုံးလေး ဝင့်ကာဝင့်ကာ ဆို၏

"ဘာအစွမ်းထုတ်ရမှာလဲ။ ထုတ်ပြစရာ မအိမ်မှာ ဘာရှိလဲ။ အရှိအရှိတိုင်းပဲမြင်စေချင်တာပေါ့။ပြီးတော့ ဈေးဦးဈေးဖျားလေး ဘာလေး မပြောပါနဲ့။ ဦးကြင်ဥ စကားနဲ့ ဆိုရရင် "ပေါကုန် ရှုံးကုန် ငါတို့ကုန် ရောင်းကုန် မဟုတ်" ဆိုတာလိုပေါ့။ လင်း မအိမ့်ကို ကုန်ပစ္စည်းနဲ့ မနှိုင်းနဲ့"

မအိမ်က မျက်နှာလေးညိုကာ ဒီတစ်ခါတော့ ကတ်ကတ်လန် ပြန်ရန်တွေ့၏။

"စိတ်မဆိုးပါနဲ့ဟာ။လင်းကလည်းတို့များလို မအိမ် တစ်ယောက် ညနေတိုင်ကျ ညှော့ခန်း ဆင်းစေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ကန်ပေါင်လမ်းမှာ အဆက်နဲ့လျှောက်စေချင် ဆယ်။ ရုပ်ရှင်လေး ဘာလေးလည်း ကပ်ရပ် လိုက်ကြည့်ချင်လို့ပါ။ မင်းလိုသရေခေတ္တရာခေတ်ပုံစံ ကြီးကို ရွှေစွန်ညိုကြီးလာဝဲတာ သိပ်ကံကောင်းတယ် မှတ်။ တက္ကသိုလ်မှာနေရင် အဆက်မရှိဘူးဆိုရင် လူစဉ်မမီဘူးမှတ်။ အခုမင်း တက္ကသိုလ် ကျောင်းသူ ပီသသွားပြီ။ ဒီအခွင့်အရေးကြီး မင်း လက်လွတ်မှာ စိုးလို့။ ဟုတ်တယ်မို့လား ရှသ်။ မယုံရင် မေးကြည့် တက္ကသိုလ်မှာ ခေတ်မီသူတိုင်း၊ ရည်းစား ထားကြသည်တဲ့”

ရှသ်ထောက်ခံချက်ကို လင်းကတောင်းလိုက်၏။ ရှသ်ကတော့ ပြုံးနေသည်။

“လက်လွတ်မှာစိုးလို့တော့မအိမ်ကအတင်းဖမ်းရမှာ လား။ ယောကျ်ားတစ်ယောက်များ ဖမ်းယူမှရမယ် ဆိုရင် မအိမ် လဲသေမှာ”

“တော်ပါတော့ဟာ။ လင်းကနောက်တာပါ။ မငိုနဲ့ မျက်ရည်တွေ သုတ်ပေးမယ့် ကိုဥက္ကာကြီး အနားမှာ မရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

ထိုတနင်္ဂနွေမှ စ၍ နောက်တနင်္ဂနွေ ညနေတိုင်းလိုလို ကိုဥက္ကာ မာလာဆောင်ကို ရောက်လာတတ်သည်။ မရွှေအိမ်က အမြဲပဲ ဆင်း၍ တွေ့သည်။ ဘယ်ကိုမှ မသွားတတ်သော မရွှေအိမ်ကို ဧည့်ခန်းမှာ ကိုဥက္ကာနှင့် တွေ့ရ၍ အဆောင်သူတွေအဖို့ အထူးအဆန်း ဖြစ်နေသည်။ နောက်ဆုံးပေါ် အတွဲအဖြစ် အသိအမှတ် ပြုထားကြသည်။

"မရွှေအိမ် ဘယ်ကိုမှ မသွားဘူးလား။ သူငယ်ချင်း တွေရော"

ကိုဥက္ကာက မေးသည်။ ဖြစ်နိုင်ရင် သူနှင့် အတူ မရွှေအိမ်ကို မြို့ထဲ လိုက်စေချင်သည်။

''သူတို့ရုပ်ရှင်သွားကြည့်ကြတယ်လေ။ မအိမ်မလိုက်ဘူး သူငယ်ချင်းတွေဆိုတော့ အပြန်အလှန် ရုပ်ရှင်ပြဖို့ ကောင်းတာပေါ့။ ရှင်ကတော့ အမြဲတမ်းပြချင်ပါ တယ်။ မအိမ် တမင်လိုက်မကြည့်တာ"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလည်း တစ်လှည့်ပြန်ပြနိုင်ရမှာပေါ့။ မအိမ်မှာ သူငယ်ချင်းတွေကို ပြနိုင်တဲ့ အခြေအနေမရှိဘူး။ ဒါကြောင့် မအိမ် သူများပြတာလည်း မကြည့်ဘူး။ ပြီးတော့ ဒီနှစ် နောက်ဆုံးနှစ်၊ အပြတ်အောင်အောင် စာကြိုးစားရမှာ။ မအိမ်တို့က တစ်နှစ် အကျခံနိုင်တဲ့ အင်အား မရှိပါဘူး"

ကိုဥက္ကာသည် မရွှေအိမ်ကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ မရွှေအိမ်၏ ပါးမှ သနပ်ခါး ရေးရေးမှာ သင်းပျံ့နေသည်။ ဆံထုံးမှ နှင်းဆီပွင့်ကလည်း မွှေးလှိုင်နေသည်။

"ကိုဥက္ကာနဲ့ အတူကော ရုပ်ရှင်မကြည့်ချင်ဘူးလား"

မရွှေအိမ်ခေါင်းခါလိုက်၏။

"ကိုဥက္ကာကသူငယ်ချင်းလိုအလှည့်နဲ့ပြန်မပြရပါဘူး။ အမြဲတမ်း ဒကာလုပ်မှာပါ"

မရွှေအိမ်သည် လှပစွာပြုံး၍ အဝေးသို့ မျှော်ငေးနေသည်၊ ကိုဥက္ကာဘာဆိုလိုသည်ကို သူသိပါသည်။

"မဖြစ်နိုင်ပါဘူး ကိုဥက္ကာ။ မရွှေအိမ် ဘယ်မှလည်း မသွားချင်ပါဘူး။ စာမေးပွဲကျမှာကို သိပ်ကြောက်တယ်"

"ကိုဥက္ကာ လည်းနောက်ဆုံးနှစ်ပဲ။ မရွှေအိမ် တို့ သုံးယောက်အတွဲမှာ မရွှေအိမ်ကို ကြည့်ရတာ တစ်မျိုးပဲ သီးခြား ကြီးလိုပဲ"

"တစ်ဦးအပေါ် တစ်ဦးခွင့်လွှတ်တတ်တဲ့စိတ်သဘောထားချင်းတူကြလို့သာတွဲကြတာ ကိုဥက္ကာ၊ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ချင်းက မတူကြဘူးလေ”

“ကိုဉက္ကာကို မယုံလို့များလားလို့။ သူများတွေလို သွားလိုက် လာလိုက်လုပ်ဖို့ မရွှေအိမ် အနားမှာ ကိုဉက္ကာ အမြဲရှိနိုင်မယ် ဆိုရင်ကော”

မရွှေအိမ်သည် သည်တစ်ခါ သူ့ကို စူးစူးစိုက်စိုက် ပြန်ကြည့်၏။ မရွှေအိမ် မျက်လုံးသည်ရီဝေနေသည်။

“မရွှေအိမ်ရဲ့ အကြောင်းကို ကိုဉက္ကာ အများကြီးသိဖို့ လိုပါတယ်။ သွားလိုက် လာလိုက် လုပ်ဖို့တော့ မလွယ်ပါဘူး။ခုလို ညနေဆင်းတွေ့တာဟာ မရွှေအိမ် အများဆုံး ပေးနိုင်တဲ့ အခွင့်အရေးပါပဲ။ အချိန်မဖြုန်း နိုင်ဘူးလေ။ စာမေးပွဲလည်းနီးပြီ”

“ဒါလောက်တောင်ပဲလား”

“ဒါ့ထက်တောင် ဆိုးတာပေါ့။ အချိန်ကုန်လည်း မခံနိုင်ဘူး။ငွေလည်းအကုန်မခံနိုင်ဘူးလေ။အမေက ကုန်ခြောက်ရောင်းပြီးမအိမ့်တို့မောင်နှမကိုကျောင်း ထားရတာ။ မအိမ်အနေနဲ့အစစခြိုးခြံချွေတာရမှာပါပဲ။ ခေါင်းက နှင်းဆီတစ်ပွင့်တောင် မြတ်နိုးလွန်းလို့ မုန့်ဖိုး ချွေတာပြီးဝယ်ပန်တာ”

အမေ့ အကြောင်း ဖွင့်ပြောလိုက်ရ၍ မရွှေအိမ် ရင်ထဲမှာ ပေါ့သွားသည်။

ပွင့်ပွင့်လင်းလင်း ပြောသော မရွှေအိမ်၏ ရိုးစင်းသည့် မျက်နှာကို သူတွယ်တာစွာ ငေးနေမိသည်။

“အဲဒီ နှင်းဆီပန်း တစ်ပွင့်ကို ကိုဉက္ကာ တနင်္ဂနွေ

www.burmeseclassic.com

www.burmeseclassic.com



ညနေလာတိုင်း ယူခဲ့ပါရစေ”

မရွှေအိမ်သည်ညင်သာစွာ ခေါင်းညိတ်ပြပေမင့် သူ့မျက်ဝန်းမှာ မျက်ရည်စတွေနဲ့။

“ဘာဖြစ်လို့ ငိုချင်ရတာလဲ အချစ်ရယ်။ ကိုဥက္ကာတို့
စတွေ့တဲ့ညက လရောင် အောက်က မျက်လုံးလေး
တွေလို ရွှန်းလက်တောက်ပ နေစေချင်ပါတယ်”

“အဲဒီညက မရွှေအိမ် ဝတ်လာတဲ့ လုံချည်ကလေး
သိပ်မလှဘူးလား”

မရွှေအိမ်က ဘာမျှမပတ်သက်သော စကားကို မေးလိုက်၏။

“လှတယ်။ သုံးယောက်ဆင်တူ ဝတ်လာတာလေ။
မရွှေအိမ်က ပိုလှတယ်လို့ ကိုဥက္ကာ ထင်တယ်”

“အဲဒီ လုံချည်တောင် ခင်မြလင်း ဝယ်ပေးတာ။
မအိမ်အဖိုးတန် လုံချည်တွေ ဝယ်မဝတ်နိုင်ပါဘူး။
ကိုဥက္ကာ မအိမ်ကို လေးစားတယ်ဆိုရင် အဲဒီ နှင်းဆီ
တစ်ပွင့်ထက် ဘာမျှ နောက်ထပ် မပေးပါနဲ့နော်”

ကိုဥက္ကာသည် ချစ်သူ၏ ဆန်းပြားသော စကားကြောင့် အံ့အားသင့်နေမိသည်။ ဒီမိန်းကလေးနှယ် ပွင့်လင်းရိုးစင်းစွာသူ့နှလုံးသားကို ဖွင့်ပြပေမယ့် ငွေကွန်ရက်တွေ အုပ်ထားသလို သူ့နှလုံးသား ကာကွယ်ထားသည်။

“တစ်နေ့လောက်တော့ ခပ်ဝေးဝေး လမ်းလျှောက်
ကြရအောင်”

“အချိန်တွေ စောပါသေးတယ်လေ”

မရွှေအိမ်က ဒါလောက်ပဲ တီးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တနင်္ဂနွေညနေတွေမှာတော့ ကိုဥက္ကာ မာလာဆောင်ကို လာလျှင် သူ့လက်မှာ နှင်းဆီတစ်ပွင့် ပွင့်လျက်။

www.burmeseclassic.com

## အခန်း ၅

ကျောင်းသင်တန်းတွေ အောက်တိုဘာ ပြန်ဖွင့်ချိန် ဖြစ်သည်။ ရုသ် နှင့် မရွှေအိမ်သာ သင်တန်းတွေ မှန်မှန်တက်သည်။ ခင်မြလင်း ကတော့ရက်ပျက်တွေများနေသည်။ ဆရာကကျောင်းသားစာရင်းအမည် ခေါ်တိုင်း မရွှေအိမ်က လင်းအစား ထူးပေးရသည်။ မရွှေအိမ်လိုက်ထား သော လက်ချာများကို ကူးယူသည်က များသည်။ ရုသ်တောင် တနင်္ဂနွေ ဘုရားရှိခိုးကျောင်းတက်သည်ကလွဲ၍ရက်အားများတွင် အပြင်ကိုအထွက် နည်းသည်။ ညကျတော့လည်း မရွှေအိမ်နှင့်အတူ ညဉ့်နက်သည် အထိ စာကြည့်သည်။ မနက်လည်း စောစော ထကြည့်သည်။

"အေး. . . အေး၊ ကြိုးစားလိုက်သူငယ်မတို့ရေ"

လင်းက ရယ်ကြဲကြဲနှင့် ပြောကာ ခုတင်ပေါ် လှဲအိပ်လိုက်တော့ သည်။ သူငယ်ချင်းကို စိုးရိမ်စိတ်နှင့် မရွှေအိမ် လှမ်းကြည့်နေမိသည်။ သူ့ဘဝနှယ် ကောင်းလိုက်တာ။ တစ်ခါမျှ လင်းတစ်ယောက် သူ့အမေ့ အကြောင်းကို ပြောသံမကြားရ။ သူ့မှာ ဘာအခက်အခဲမျှ မရှိသလိုပါပဲ။

မရွှေအိမ်ကတော့ စာကြည့်ပြီးတိုင်းလည်း အမေ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်သည်။

“ဒီအောက်တိုဘာ သမီးပြန်မလာနဲ့။ နောက်ဆုံးနှစ်မို့ စာကိုသာကြိုးစား။ ကမာရွတ်ကအမေတို့အသိအိမ်မှာ ကျောင်းပိတ်ရက် နားပြီးစာကြည့်ပါ”

အမေကစာရေးပြီးပြော၍ သူအောက်တိုဘာ ပိတ်တုန်းက အိမ်မပြန်။ ကမာရွတ်မှာ ရှိနေသော အမေ့မိတ်ဆွေ တောင်တွင်းကြီးက ဒေါ်စောခင်၏ အမျိုးအိမ်မှာ ခေတ္တနားလိုက်သည်။ အမေပြောသည်မှာ မှန်သည်။ စရိတ်လည်း မကုန်၊ စာလည်း ပိုကြည့် ဖြစ်သွားသည်။ အောက်တိုဘာမှာ ကိုဥက္ကာ မော်လမြိုင်ပြန်သွား၍ သူ့ဆီမလာဖြစ်ပါ။

အမေ တစ်ယောက်ပိုမို အဆင်ပြေကောင်းပါရဲ့။ အမေ့စာထဲ မှာတော့-

မင်းနန်သူဆရာဝန်ဖြစ်သွားတော့အမေတို့အဆင်ပြေ သွားမှာပါ။ အမေ့အိမ်ကို ပေါင်ထားတဲ့ ဒေါ်မြတို့က သူတို့သမီးနဲ့သားကို ပေးစားချင်တယ်လေ။ ဝါကျွတ် မှာလက်ထပ်ချင်တယ်တဲ့။ကြွေးတွေကို လျှော်ပစ်ပြီး အမေ့အိမ်ကို ပြန်ပေးမယ်လို့ စကားကမ်းလှမ်းလာ တယ်။ သမီးကိုကိုကလည်း ဒေါ်မြသမီး ခင်အေးနွဲ့ကို သဘောကျပုံရပါတယ်။ သားကလည်း အမေ့ရဲ့အိမ် ပြန်ရမှာဆိုတော့ သူမကြိုက်လည်း ဒေါ်မြသမီးကို ယူမှာပါ။

စာထဲပါသည်လောက်ပဲ မရွှေအိမ်သိရသည်။ အမေသည် အိမ်ကိုပေါင်ကာ သားကို ဆရာဝန်ဖြစ်သည်အထိ ထားရသည်။ ဒီနှစ် ကိုကို ဆရာဝန်ဖြစ်လာပြီ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အမေ သူ့အိမ်လေးနှင့်သူ



www.burmeseclassic.com

www.burmeseclassic.com



က္ကန္ဒြေရရ မသေခင် နေနိုင်ရင် တော်ပါပြီ။ အမေ့ အိမ်လေးက မကြီးလှပါ။ ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်လေး။ အိမ်ရှေ့မှာ မြေပိုလေး ပါသည်။ သူစာမေးပွဲပြီးရင်တော့ ရရာအလုပ်တစ်ခုခု ဝင်လုပ်မည်။ အမေ့ကိုနားခိုင်းတော့မည်။ အောက်တိုဘာကျောင်းမဖွင့်မီအမေ့ဆီကစာ လာသည်။ အမေက သားဖြစ်သူ ဒေါက်တာမင်းနန်သူနှင့် ခင်အေးနွဲ့တို့ အကျဉ်းရုံး လက်ထပ်၍ မြစ်ကြီးနားသို့ ပြောင်းသွားကြောင်းစာလာသည်။ သူ့အစ်ကိုက သူ့ထံ ဘာစာမျှမရေးပါ။

ကိုကိုကစာရေးရေး မရေးရေးအမေတစ်ယောက် အဆင်ပြေရင် ပြီးတာပါပဲ။ သူအစွမ်းကုန်ကြိုးစားနေသည်ကအောင်မှတ်ကောင်းကောင်း ရချင်သည်။ အမှတ်ပြည့်လျှင် "မဟာဝိဇ္ဇာ"ဆက်တက်ချင်သည်။ ကိုကိုက အမေနှင့်သူ့ကို တစ်လှည့်တာဝန်ယူကောင်းပါရဲ့။

ဒါပေမယ့် ကိုကို့အကြောင်း တွေးရသည်ကလည်း မယုံမရဲ။ အမေက သူ့အခက်အခဲတွေကို သားကိုပြောပြသည် မဟုတ်။

"သမီးကိုကို့ အတွက် တို့ခဏတော့ ကသီတာကို
သည်းခံရမှာပေါ့"

သူ့ကိုသာ ခြိုးခြံတရား၊ သည်းခံတရားတွေ အမေကပြောခဲ့၍ သူအမေ့ကို အစစ အလိုက်သိနေရသည်။ ကိုကိုဆေးကျောင်းတက်တော့ ယူနီဖောင်းသေတ္တာနှင့် အဝတ်အစားအပြည့်၊ ထင်းရှူးပုံးနှင့် စာအုပ်က အစုံ။ သူ့လို မြန်မာပြည်တွင်းဖြစ် သံသေတ္တာလေးမှာ အဝတ် သုံးလေးစုံနှင့်တက္ကသိုလ်သွားခဲ့ရသည်။ မဟုတ်။ ကိုကို့မှာ ပြည့်စုံအောင် အမေ အချိမဆံ့ကြိုးပမ်းခဲ့ရပုံကို သူသိလေတော့ သူ့အတွက်တာဝန်အမေ့ မှာ ထပ်မံမလေးစေလိုပါ။ သူရှိတာနှင့် ဖြစ်အောင် ကြိုးစားခဲ့သည်ကို ကိုကိုမှသိပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းကိုမသိလျှင်ရှိပါစေ။ မေတ္တာတွေအနန္တနှင့် အမေက ကိုကို့အတွက် မရှိတာကို ရှိအောင် ဖန်တီး ပေးခဲ့ခြင်း ကြောင့် မရှိတာကိုမသိသော “အနုဒ္ဒာရုံရောဂါ” ကိုကို့မှာများ စွဲကပ်လာလျှင်. . . .

ကိုကိုသည် ဘာကိုမျှ သိအောင်ကြိုးစားတော့မည် မဟုတ်ပါ မသိခြင်း အဝိဇ္ဇာသည် သံသရာ၏ အစဟု ပဋိစ္စသမုပ္ပါဒ်က ဆိုခဲ့သည်။ မသိခြင်းသည် သံသရာကိုလည်စေသလို၊ ကိုကိုတစ်ယောက် ဘာမျှမသိခြင်းကြောင့် ဘဝမှာ မျက်စိလည်ပါလျှင် အမေ့အကြောင်းကို လည်း ဘာမျှသိတော့မည်မဟုတ်။ အမေကတော့ သူ့သား၏ မသိခြင်းကို ခွင့်လွှတ်မှာပါပဲ။ သားတို့နှင့်ပတ်သက်လာလျှင် အမေတို့၏သဘောထားက အံ့ဩမကုန်နိုင်ဖွယ် ပါတကား. . . .။

သူကတော့ ကိုကို့အပေါ် အားကိုးလိုစိတ်မှာ မဝံ့မရဲဖြစ်နေမိ၏ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ မဟာဝိဇ္ဇာဆက်မတက်နိုင်လည်းအမေ့ဆန္ဒအတိုင်း ဒီဂရီတစ်ခုတော့ သူရအောင် ယူရမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၆

အောက်တိုဘာကျောင်းပြန်ဖွင့်ပြီ။

မာလာဆောင်၏ တနင်္ဂနွေသည် စိုပြည်လာပြန်သည်။ ကိုဥက္ကာ ဒီတစ်ခါလာတော့ ကားပါလာသည်။

"မေမေတို့က ကားဝယ်ပေးတယ်မအိမ်၊ဦးလေးအိမ် ကနေ ကားနဲ့ကျောင်းတက်စေချင်တယ်၊ ဦးလေးနဲ့ အတူနေပြီး အရောင်းအဝယ် အလုပ်အကိုင်တတ်စေ ချင်တယ်၊ ကျောင်းက ဒီဂရီရပြီး အလုပ်လက်မဲ့ ဘဝနဲ့ တလည်လည်ဖြစ်မနေအောင်ပေါ့၊ ကဲ-ကားပါ လာပြီ၊ အပျင်းပြေ မြို့ထဲတစ်ပတ်မောင်းရအောင်၊ မအိမ်လိုက်ခဲ့ပါ"

မအိမ်မျက်လုံးလေးအကြောင်သားနှင့် အံ့အားသင့်နေသည်။

"စာမေးပွဲက ပြီးတော့မှာပါ ကိုဥက္ကာရယ်၊ မအိမ် စာမေးပွဲပြီးတဲ့နေ့ဟောဒီအဆောင်ဝကလာစောင့်နေ၊ မအိမ်တို့ သူငယ်ချင်း သုံးယောက် တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မယ်၊ အဝကျွေးပေ့ါ”

“ဟင်. . . အဲဒီ သူငယ်ချင်း တွေက ဘာလုပ်ဖို့လဲ၊ ကိုဥက္ကာသွားချင်တာကနှစ်ယောက်တည်း”

ကိုဥက္ကာကသူ့ဆန္ဒကိုတိတိလင်းလင်းပြောသည်။

“နှစ်ယောက်တည်း” မရွှေအိမ်က တိုးတိုးဆိုသည်။

“ဘာလဲ၊ ကိုဥက္ကာကိုမယုံဘူးလား၊ မအိမ်ပါးက သနပ်ခါးမပျက်စေရပါဘူး”

“အို-”

မအိမ့်မျက်နှာလေး ရဲ သွားသည်။

“တကယ်ပါ။ ကိုဥက္ကာဖြင့်ကျောက်ပျဉ်နဲ့သနပ်ခါးတုံး ဝယ်ပြီး သနပ်ခါးသွေးကျင့်နေတယ်။ မအိမ့်ပါးကို ကိုဥက္ကာ ကိုယ်တိုင် သနပ်ခါးလူးပေးမှာ”

ကိုဥက္ကာ့ စကားအဆုံးမှာ မရွှေအိမ် မရယ်စဖူး ဟက်ဟက်ပက်ပက်ရယ်သည်။ချစ်သူရယ်သံလွင်လွင်ကိုဥက္ကာကနှစ်သိမ့်ကြည်နူးနေသည်။

“မအိမ်ကို သိပ်လည်း အထင်ကြီးမနေနဲ့ဦး။ မအိမ်တို့က မရှိလို့ခြိုးခြံနေရခြင်းကိုက မင်္ဂလာတစ်ပါးဖြစ်နေတာ။ တစ်နေ့နေ့တတ်နိုင်ရင် သနပ်ခါး အစား မိတ်ကပ်တွေ၊ ပေါင်ဒါတွေ ဝယ်လူးချင်လူးမှာ”

“မရှိတာကိုပဲ တင်းခံ နေနိုင်တာကို ကိုဥက္ကာ သဘောကျတာပါ။ အာရုံတစ်ခုခုကို နဖူးတွေ့ဒူးတွေ့ လက်တွေ့ ရင်ဆိုင်မှ စိတ်ရဲ့အစွမ်း၊အရည်အချင်းကို သိရတာ။ တက္ကသိုလ်မှာက နှုလုံးမွေ့လျော်ပျော်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရာတွေ အများကြီး။ ဒီသွေးဆောင်ရာတွေနောက် မလိုက်ဘဲ ထိန်းသိမ်းနိုင်တာကိုပဲ မအိမ်ကို ကိုဉက္ကာ အများကြီး လေးစားမိတာပါ"

"အမေပေးတဲ့ စိတ်ဓါတ် တွေပေါ့။ စိတ်မှာရှိတဲ့ အင်္ဂါရပ်တွေထဲမှာ အဝေးကို ပြေးသွားပျံ့လွင့်တတ်တယ်၊ တစ်ခုချုပ်ပြီးမှ စိတ်တစ်ခုက ပေါ်လာတတ်တယ်၊ အဲဒီစိတ်ကလည်း များသော အားဖြင့် မကောင်းတဲ့အမှုတွေမှာသာမွေ့လျော်တတ်တယ်တဲ့ မအိမ်မှာလည်း စိတ်က အစဉ်မတည်ငြိမ်ပါဘူး။ ပြေးသွားပျံ့လွင့်ပြီး မကောင်းတာတွေမှာဝင်စားသွား လုနီးနီး ဖြစ်ခဲ့ရပါတယ်။ အဲဒီအချိန်ကျရင် အမေ့ မျက်နှာက ပေါ်လာပြီး သတိပေးနေသလိုပဲ"

"ကိုဉက္ကာ အကြောင်းကိုရော အမေ့ကို ပြောပြ ဖြစ်သေးလား"

"ပထမတော့ အောက်တိုဘာမှာ မအိမ် တောင်တွင်းကြီးကို ပြန်ဖြစ်မယ်ထင်တာ။ ပြန်ဖြစ်ရင် ကိုဉက္ကာအကြောင်း အမေ့ကို ပြောဖြစ်မှာပါ။ အခုတော့မပြန်ဖြစ်တော့ဘူး။ အမေ့ကို အသိမပေးဘဲ ကိုဉက္ကာ့အချစ်ကို လက်ခံမိတာ မအိမ် အမေ့အပေါ် သစ္စာဖောက် သလိုများ ဖြစ်နေသလား မသိဘူး။ ထားပါတော့လေ. . . . မအိမ်အကြောင်းကိုရော မော်လမြိုင်ပြန်တုန်းက ကိုဉက္ကာ့ မိဘတွေကို ပြောဖြစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောဖြစ်ပါဘူး။ ဒါတွေ တွက်ပြီး စိတ်မပူပါနဲ့။ ကိုဥက္ကာ အင်ဂျင်နီယာ အလုပ်မလုပ်လည်း အခု ကိုယ့်လုပ်ငန်းကိုယ်ဦးစီးနိုင်အောင်ဦးလေးတွေဆီမှာ သင်နေတာပဲ။ ဘာမျှကြောင့်ကြစရာ မရှိပါဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့အရေးကြီး တာပါ။ ကိုဥက္ကာကြောင့် မအိမ့်ပါးက သနပ်ခါး မပျက်စေရပါဘူး။ ယုံယုံကြည်ကြည်နဲ့ ကိုဥက္ကာဆီ လိုက်ခဲ့ပါ။ သူငယ်ချင်းနှစ်ယောက် မပါဘူးနော်"

ကိုဥက္ကာ က ရယ်၍ပြောသည်။

"အမေတော့ ပါရလိမ့်မယ်။ ခုတော့ကားနဲ့ မအိမ် မလိုက်ပါရစေနဲ့ဦး။ စာမေးပွဲပြီးတော့သွားတာပေါ့။ စာမေးပွဲပြီးတဲ့နေ့ အဆောင်အောက်မှာ လာစောင့် နေပါ"

"ကဲ-ခု ကားရှိတဲ့ နေရာအထိတော့ လမ်းလျှောက် လိုက်ခဲ့ပါဦး။မအိမ်ကို ကားပေါ်ဆွဲတင် မပြေးပါဘူး"

နှစ်ယောက်သားပြိုင်တူ ရယ်မောလိုက်သည်။

ကားရှိရာအထိ ကိုဥက္ကာကို မရွှေအိမ် လိုက်ပို့ပါသည်။ ဆောင်းညနေ နေခြည်ပျော့တွေ မြက်ခင်းပေါ်မှာ တွားသွားနေသည်။ သစ်ရွက်တွေပေါ်မှာလည်း ရွှေတိုရွှေစတွေ ပြန့်ကြဲနေသည်။ ရွှေနှင့်မြ လိုက်ဖက်ခြင်းကို ဆည်းဆာပန်းထိမ်သည်က အနုစိတ် ခြယ်မှုန်း ပြ နေသည်။ သူတို့နှစ်ယောက် ကားဘေးမှာ ရပ်နေစဉ် ဝင်းဝမှအဆောင်၏ ဆင်ဝင်အောက်သို့ ကားတစ်စီးမောင်းသွား၍ သူတို့မျှော်ကြည့်မိသည်။ ကားရှေ့ခန်းမှာ လင်းထိုင်လိုက်လာသည်။ လင်းဘေးက ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုဥက္ကာက စူးစိုက်ကြည့်နေသည်။

ကားရပ်တော့ ခင်မြလင်းက တက်ကြွသော အပြုံးတွေနှင့် အဆောင်လှေကားကိုတက်လိုက်သည်။ ကားထွက်သွားသည်အထိလက်ပြ နှုတ်ဆက်နေသည်။ ပြီးတော့မှ အဆောင်ထဲသို့ ရွှင်ရွှင်ကြွကြွနှင့် လှမ်းဝင်သွားသည်။ ကားပြန်ထွက်သွားရာဝင်းဝအထိ ကိုဥက္ကာကငေးမျှော် ကြည့်နေသည်။ ပြီးတော့မှ မရွှေအိမ်ကို လှည့်မေးလိုက်၏။

"ကားမောင်းပို့တဲ့ လူကို မအိမ် သိလား"

"မသိဘူး"

"ခင်မြလင်း အဆက်လား"

"သူတို့ တွဲနေတယ်လို့ပဲ သိတယ်"

"သူက ကိုဥက္ကာတို့ကျောင်းက မနှစ်ကအောင်သွား တာ။ ကိုစိန်ထွန်းအောင်"

ကိုဥက္ကာသည် သူ့ကားနား ရပ်ကာပြောနေသည်။

"မရွှေအိမ့် သူငယ်ချင်း ဒီလူနဲ့ တွဲရင်တော့ အန္တရာယ်ရှိတယ်။ သူ့အဖေ ဦးဟာမက်ဆိုတာ လိုင်စင်ခေတ်ကမြန်မာ့ဂုဏ်ရောင်ကုမ္ပဏီသူဌေးပေါ့။ မြန်မာနာမည်က ဦးခင်မောင်လတ်။ ရန်ကုန်မှာ လိုင်စင်လုပ်နေတဲ့ ကိုဥက္ကာ ဦးလေးတွေနဲ့ ခင်တယ်။ ကိုစိန်ထွန်းအောင်က အခု ကန်ထရိုက် လုပ်တယ်။ ခက်တာက မိန်းကလေး တွေကို ငွေပုံတော့ ပေးတယ်။ အတည်မယူဘူး။ လိုင်စင်ခေတ်ကလည်း ကုမ္ပဏီ ပေါက်စ လုပ်ကိုင်စ မိန်းမပျို တစ်ချို့ ဦးခင်မောင်လတ်ဆီ လိုင်စင် ရောင်းစားရင်းက



www.burmeseclassic.com

www.burmeseclassic.com



ခြေတော်တင်ခံရတာ မနည်းဘူး။ သူက L.C ဖွင့်ကတည်းက ငွေကြိုတင်ပေးနိုင်တာ။ အခု ကိုစိန်ထွန်းအောင်ကလည်း အဖေ့ခြေလှမ်း အတိုင်း ပေါ့”

ကိုဥက္ကာသည် စိုးရိမ်တကြီး ပြောပြနေသည်။

“မရွှေအိမ်လည်း လင်း တစ်ယောက်ကျောင်းက သူလစ်လစ်ပြီး ထွက်သွားတာကို မကြိုက်ဘူး။ ရုပ် တောင် ဗိုလ်ဆန်တယ် ဆိုပေမယ့် သူ့ယောက်ျားလေး သူငယ်ချင်းကို ကျောင်းမှာပဲတွေ့တာ၊ အပြင်မသွား ပါဘူး”

“အေးလေ-ဖြစ်နိုင်ရင်တော့ အန္တရာယ်ရှိတယ်ဆိုတာ သတိပေးလိုက်ပါ။ သွားမယ်-မရွှေအိမ်။ စာမေးပွဲ ပြီးတဲ့နေ့နော်”

ကိုဥက္ကာကပြုံး၍ နှုတ်ဆက်ကာ ကားထဲဝင်ထိုင်လိုက်သည်၊ ကားမောင်း ထွက်သွားသောချစ်သူကို မရွှေအိမ် လက်ပြနေမိသည်။ နေရောင်မှေးမှိန်၍ အေးမြသော လေများတိုက်ခတ်လာသည်ကို သူ့ခုမှ ဂရုပြုမိ၏။ စောစောကတော့ ချစ်သူ၏ နှလုံးသား အငွေ့ဖြင့် သူနွေးထွေးနေသည်။ ဆောင်းညနေအအေးကိုဂရုမပြုမိ။ မြက်ခင်းပေါ်မှာ မြူမှုန်တွေဆိုင်းနေပြီ။ ရွှေရည်ရွှေစတွေနေရာမှာ ပုလဲမှုန်တွေ ရစ်သိုင်း လာသည်။ လမ်းလျှောက်ရာမှပြန်လာကြသူတွေထဲမှာရစ်ချတ်နှင့်ရုပ်စုံတွဲ ပါလာသည်။ မရွှေအိမ်ရပ်နေရာသို့ သူတို့နှစ်ယောက်လျှောက်လာကြသည်။ အနားရောက်တော့ ရုပ်ကို ထားခဲ့သည်။

“ပြန်တော့မယ်နေယ် မအိမ်။ ဂွတ်နိုက် ရုပ်”



www.burmeseclassic.com

www.burmeseclassic.com



ရစ်ချတ်က နှုတ်ဆက်ကာ ပြန်သွားသည်။

"ကိုဥက္ကာ ပြန်သွားပြီလား"

ရှယ်က မေးလိုက်၏။

'အင်း. . . . . အဆောင်ထဲ မဝင်ပါနဲ့ဦး ရှယ်။ သစ်ပင်အောက်က ခုံတန်းမှာထိုင်ရအောင်။ ပြောစရာရှိတယ်။

ရှယ်သည် ခုံတန်းရှိရာ လျှောက်သွားရင်း မချွေအိမ့်ဘေးမှာ ထိုင်ချလိုက်၏။ မချွေအိမ် ပြောမည့်စကားကို စောင့်နေသည်။ မချွေအိမ်ကသက်ပြင်းချလိုက်ကာ ကိုဥက္ကာပြောသမျှ လင်း အဆက်ကိုစိန်ထွန်းအောင် အကြောင်း ပြောပြသည်။ ရှယ် မျက်နှာပျက်သွားသည်။

"ခက်တာပဲ မအိမ်။ တို့သတိပေးလည်း ဒီဟာမက ဆင်ခြင်ပါ့မလား"

ရှယ်ကပြော၏။

"မအိမ်ကတော့ပြောမှာပဲ။ ပြောရမှာကတို့တာဝန်လေ။ လိုက်နာတာ မနာတာကတော့ သူ့သဘောပေါ့"

"ငါအံ့ဩတာက စကားပြောရင် သူ့အမေ အကြောင်း ဘယ်တော့မှ ပါမလာဘူးနော်"

ရှယ် ကဆိုသည်။ အမှန်တော့လည်း ရှယ်အမေမှလွဲ၍ မချွေအိမ် အမေရော ခင်မြလင်းအမေပါ ရန်ကုန်ကို လာမလည်ကြပါ။

သူငယ်ချင်း နှစ်ယောက် တစ်ယောက်လက်တစ်ယောက် တွဲကာအဆောင်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာ ကြသည်။ ရင်ထဲမှာတော့ အတွေးကိုယ်စီနှင့်။

အခန်းထဲရောက်တော့ အဝတ်အစားလဲပြီး အိပ်ရာပေါ် အိပ်နေသော ခင်မြလင်းကို သူတို့ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လင်း-အိပ်ပျော်နေပြီလား"

ရှယ်က ခပ်တိုးတိုးမေးကာ သူတို့နှစ်ယောက် ကုလားထိုင်ပေါ် ထိုင်လိုက်သည်။

"ဟေ-လင်းမအိပ်ဘူး၊ အမောဖြေနေတာပါ"

လင်းသည်နွမ်းနယ်နေပုံရ၏။ ငုတ်တုတ်ထထိုင်ရင်း ရှယ်တို့ နှစ်ယောက် ကို ကြည့်လိုက်၏။

"မင်းတို့ နှစ်ယောက် မျက်နှာကလည်း ဘာဖြစ်
လာလဲ။ သူရဲခြောက် ခံရလို့လား"

လင်းပြောမည် ဆိုလည်းပြောစရာ။ သူတို့နှစ်ယောက်က မျက်စိပျက် မျက်နှာပျက်နှင့်။ တကယ်ပြောမည်ဆိုတော့ မရွှေအိမ်မှာ ပြောစရာစကားစ ရှာမရ။ ရှယ်ကပင် စကား စရသည်။

"ဒီညနေ လင်းပြန်လာတော့ ကားမောင်းပို့တဲ့ သူက
ကိုစိန်ထွန်းအောင် ဆို"

"အဲဒါဘာဖြစ်လဲ။ ထူးထူး ဆန်းဆန်း၊ သူတို့နှစ်ယောက်
ဖြစ်လာရင်အသည်းအသန်ချည်းပဲ။ ငါ့ကို ခေါ်နေကျ
ပို့နေကျ. . . ."

"သူ့အကြောင်းကို မင်းဘယ်လောက်သိလဲ"

မရွှေအိမ့် မေးခွန်းကြောင့်လင်းက ခပ်ငေးကြောင်ကြောင် ဖြစ်သွားသည်။

"လင်းအပေါ် သူ သိပ်ကောင်းတယ်လေ"

"တို့ကိုတစ်ခါပေးတဲ့ အဝတ်စတွေ၊ ရေမွှေးတွေ
ဒီလူဝယ်ပေးတာမို့လား"

"ဟုတ်တယ်။ ပြီးတော့ လင်း အရေးတကြီးလိုအပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကူအညီရှိရင်လည်းပေးတယ်”

“သူပေးတာတွေ အတွက် မင်းပြန်ပြီးဘာနဲ့ ပေးဆပ်ရမလဲ”

မရွှေအိမ့်မေးခွန်းကို လင်းက ရုတ်တရက် မဖြေနိုင်ဘဲ ငိုင်သွားသည်။ ရုသ် ရင်ထဲမှာ သူငယ်ချင်းကို သနားသလိုဖြစ်သွားသည်။ လင်းကို သူတို့အစစ ခွင့်လွှတ်ကြသည်။ သုံးယောက် စတွဲ ကတည်းက လင်းသည် ထမီဆင် အသစ်အဆန်း ပေါ်တိုင်း ခဏခဏ လဲလှယ်ဝတ်သလို၊ ညှော့ခန်းမှာလည်း ကျောင်းသား ညှော့သည်အတွဲကို ခဏခဏ လဲခဲ့သည်။ တတိယနှစ် ရောက်ကတည်းက ညှော့ခန်းမှာ ထိုင်ခြင်းကို ခေတ်မမီဟု လင်းထင်လေသလား မသိ။ သူတွဲလိုသူနှင့် အပြင်ထွက်ခြင်းကိုလုပ်လာပြီ။ ကိုတင်မြင့်ကြီးတို့၊ ကိုအေးဆောင်တို့လည်း လင်း၏ မြှားဒဏ်ခံရသော အမဲကောင်တွေ အဖြစ် ကံ့ကော်ပင်အောက်မှာ ပိုးလိုးပက်လက် ကျန်ရစ်ကြပြီ၊ လင်းကခြေသွက်သည်။ အမဲပစ်ကောင်းသော မုဆိုးပေပဲ၊ သူတို့နှစ်ယောက် လင်း အနေအထိုင်ကို မပြောရက်။ ခုတော့ မရွှေအိမ်က စပြောပြီ။

“ညနေက လင်းကို ကိုစိန်ထွန်းအောင် ပြန်ပို့တော့ ကိုဥက္ကာကိုယ့်အနားမှာရှိတယ်။ သူက မင်းတို့စုံတွဲကို မြင်တယ်လေ။ လင်း အဲဒီလူနဲ့တွဲပြီး အပြင်ထွက်တာ အန္တရာယ် ရှိတယ်လို့ ပြောတယ်။ ဒါကြောင့် ကိုယ်တို့ သတိပေးတာပဲလင်း။ ခုတလော ကလပ်(စ်)တွေ လည်းမင်းသိပ်ပျက်တယ်”

မရွှေအိမ်က ဖြည်းဖြည်း ဆက်ပြောနေ၏။ မရွှေအိမ့် စကားကို နားထောင်ရင်း လင်းက ပြုံးလာသည်။ သူ့ အပြုံးက သရော်ပြုံး။

www.burmeseclassic.com

www.burmeseclassic.com



"နောက်အပတ် ကိုဥက္ကာလာရင် မအိမ် ပြောပေးပါလား။ ကိုစိန်ထွန်းအောင်ရဲ့ကားကို လင်းမစီးစေချင်ရင် လင်း သွားချင်တဲ့ နေရာတွေကို ကိုဥက္ကာကားနဲ့ လိုက်ပို့လို့။ ဟုတ်ပြီလား၊ ဟားဟား"

မလိုလားအပ်သော သူ့ရယ်သံကြောင့် မရွှေအိမ်ရော ရှုသ်ပါ မျက်နှာပျက်သွားသည်။

"မအိမ်တော့ ကိုယ့်ချစ်သူရဲ့ ကားပေမယ့် ကိုယ်စီးဖို့တောင် မပြောဘူး။ ကိုယ်သွားစရာရှိရင် ကိုယ့်ဘာသာ ဘတ်စ်ကားစီးတယ်။ မစီးနိုင်ရင် ခြေလျင်လျှောက်မယ်"

"ဟုတ်ကဲ့၊ သူတော်ကောင်းမကြီးရဲ့။ ထိန်းချုပ်အပ်တဲ့ ကျင့်ဝတ်တွေကို ပြောပါဦး ဓမ္မကထိကကြီးရယ်။ လင်းတို့ကတော့ ဘာမျှ မထိန်းချုပ်နိုင်ဘူး။ လင်းက လောကကို ရဲရဲရင်ဆိုင်တယ်။ လိုချင်တာကို ရအောင်ယူတယ်။ ဒါက သတ္တိပဲ။ ဖြစ်လာတဲ့ ကိုယ့်ပြဿနာ ကိုလည်း ကိုယ် ကြည့်ရှင်းရမှာပါ။ မအိမ်တို့လိုတော့ သီလရှင်ဂိုက် ဖမ်းပြီးလည်း မနေနိုင်ဘူး။ ရင်ထဲက ဆန္ဒတွေမျိုသိပ်ပြီးအပေါ်ယံ ဟန်အပြည့်နဲ့ချစ်သူရှေ့မှာလည်းဟန်မဆောင်နိုင်ဘူး"

ဘုရား. . . ဘုရား၊ တတွတ်တွက် ပြောနေသော လင်းကို ကြည့်ကာ မရွှေအိမ် ဘုရားတ, မိ၏။ လင်းကတော့ ဆက်ပြောနေသည်။

"ကိုယ်ဆက်ဆံရတဲ့ ချစ်သူကလည်း မအိမ်ချစ်သူလို ကိုဥက္ကာမဟုတ်လေတော့ ပဝါတစ်ကမ်းယပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်း ဇာတ်ထုပ်မခင်းနိုင်ဘူး၊ လင်းက, ရတဲ့ ဇာတ်မှာ လင်းကကေရီပဲ။ ကိုယ့်ကိုအာရုံအမြဲစိုက်နေအောင်ကိုယ့်အစွမ်းတွေကို အမျိုးမျိုးအသုံးချရမှာပဲ။ ကိုယ့်မှာ ကိုယ့်ပရိသတ်နဲ့ကိုယ်ပါ။ မင်းတို့က ကိုယ့်ကို မထောက်ခံလည်း ကိုယ့်ပရိသတ်က ကိုယ့်ကို လက်ခုပ်တီးနေမှာပဲ။ ဒါအတွက်များ ဘေးက ကြည့်ပြီးစိုးရိမ်သောကတွေ ဖြစ်မနေပါနဲ့။ မအိမ်ရဲ့ ကိုဥက္ကာကိုမေးလိုက်စမ်းပါ။ သူဟာယောကျ်ားမို့လား၊ ဘာသားနဲ့ထုထားသလဲ လို့”

“လင်း၊ မင်းစကားတွေ လွန်လာပြီ။ မအိမ်ပြောတာကို မင်း အကောက်အယူ မှားနေပြီ။ ကိုဥက္ကာက စေတနာနဲ့ သတိပေးတာလေ”

ရှုသ်က မနေနိုင်ဘဲ ကြားဝင်ပြောလိုက်သည်။

“လင်းစကားတွေက ရန်တွေ့ နေသလိုပဲ တက္ကသိုလ်မှာကျောင်းသား ကျောင်းသူ ဇာတ်ထုပ်တွေဟာ မဆန်းပါဘူး ဘယ်တော့မှလည်း ရိုးသွားမယ့် ဇာတ်လမ်းတွေမဟုတ်ဘူး။ တို့ပညာသင်ရင်း စိတ်တူတဲ့သူနဲ့ တွေ့ရင် ချစ်မိကြတာပါပဲ။ ပညာစုံတော့လည်း ယူဖြစ်တဲ့ အတွဲတွေ အများကြီး။ ဖူးစာမဆုံလို့ ချစ်ပြီးမှ ကွဲကြတာတွေလည်း အများကြီး။ မဆန်းပါဘူး။ ဒါပေမယ့် တို့ အဓိက ရည်ရွယ်ချက်က ပညာရအောင် ယူဖို့ပဲ။ လမ်းခွတ်လတ်မှာ ရည်ရွယ်ချက်ထက်ပိုင်းကျိုးသွား



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့ ရှယ်တို့က သူငယ်ချင်းတွေ အနေနဲ့ သတိပေးတာ။ မင်းဇာတ်လမ်းက ကျောင်းသားနဲ့ ကျောင်းသူ ချစ်ကြတဲ့ ဇာတ်လမ်း မဟုတ်တော့ဘူး။ မင်း အပြုအမူ တွေကို ဝိုင်းလက်ခုပ်တီးတဲ့ အထဲမှာ တို့မပါဘူး"

"မပါကြပါနဲ့ လေ-လင်း ကလည်း မပါခိုင်းပါဘူး။ မပါသလို ပူလည်းမပူကြပါနဲ့။ ထပ်ပြောလိုက်ဦးမယ်။ ကိုယ့်ဇာတ်ထုပ် ကိုယ်ပိုင်လို့ ခင်းတယ်။ ဇာတ်လမ်း တစ်ဝက်တစ်ပြက်နဲ့ ဆက်မက ဖြစ်လည်း ကိုယ့် ပြဿနာကိုယ် ကြည့်ရှင်းတတ်ပါတယ်။ လင်း ပြောပြော နေတယ်မို့လား၊ လင်းက ခရစ်တော်မှာ အိပ်ပျော်မယ့်လူ။ လင်း စိတ်ထဲမှာ ကိုဥက္ကာတို့ မရွှေအိမ်တို့ ဆိုတာ သဘာဝနယ်လွန် လူသားတွေ၊ သူတို့တရားတွေသူတို့ဟောရင်း ကိုယ့်ကိုယ်ကို အကျဉ်းချ ထားသူတွေ၊ နှလုံးသား ဆန္ဒတွေကို သိုဝှက်ပြီး ဟန်အပြည့်နဲ့ ဆင်ခြင်ထိန်းချုပ်ရမယ့် စည်းကမ်းဘောင် တွေကို ဟောပြောနေတဲ့ လူတွေကိုတော့ သိပ်မုန်းတာပဲ။ သူတို့ဟာ လောကအကြောင်းကို ဘာမျှနားမလည်ပါဘူး ရှယ်။ ယူလည်းနားမလည်ပါဘူး။ ခံစားမှုမရှိတဲ့ အတုံးတွေ။ ကိုဥက္ကာကိုလည်း ကိုယ် မုန်းတယ်။ သွားကြ၊ အေးအေးအိပ်ကြ"

မရွှေအိမ် ကတော့ ရှယ်နှင့်လင်းစကား ဆက်ပြောသည်ကို



www.burmeseclassic.com

www.burmeseclassic.com



နားမထောင်တော့ဘဲ ရှည်အခန်းဘက် ထွက်လာခဲ့သည်။

စိတ်ပျက်ခြင်းများစွာနှင့် ရှည်ခုတင်ပေါ် ပစ်လှဲနေမိသည်။ မျက်ရည်တွေက စိမ့်လာသည်။ သူငယ်ချင်းအတွက်လည်း ဝမ်းနည်းမိသည်။ သူ့ကိုယ်သူလည်း ဝမ်းနည်းလာသည်။

လင်းတစ်ယောက်အထင်လွဲပြီ။ သူ့ကို "သူတော်ကောင်းမကြီး" တဲ့။ ရင်ထဲမှ ဆန္ဒတွေ ကို သိုဝှက်ပြီး ဟန်ဆောင်မှု အပြည့် နှင့် ထိန်းချုပ်ရမည့် စည်းကမ်း တွေကို တရားဟော တတ်တဲ့ "ဓမ္မကထိကကြီး"တဲ့။

"ပြောပါ လင်း။ လင်း ပြောချင်သလောက်ပြောပါ"

တကယ်တော့အလိုဆန္ဒဆိုသည်မှာ စိတ်ရှိလာလျှင် ရှိကြစမြဲပါ။ ဒီလိုဆန္ဒကို နှလုံးသားကရော သွေးသားကရော လိုလားတောင့်တစမြဲပါ။ မရွှေအိမ်တို့လည်း ပုထုဇဉ် လူသားပါပဲ။ ဆန္ဒတွေမှ လွန်မြောက်၍ ဝိမုတ္တိနယ်မြေကို ရောက်သွားသည်မှ မဟုတ်ဘဲကိုး။

မအိမ်မှာလည်း သနပ်ခါးရည်စတွေ ခြယ်သထားသော သူ့ပါးပြင်ကို ချစ်သူပါးမှာ အပ်ထားချင်သည့်ဆန္ဒ ရှိသည်ပဲပေါ့။ သနပ်ခါးအစား ဖြစ်နိုင်လျှင် ယဒ်ဒလေ ပေါင်ဒါလည်း လူးချင်ပါသည်။ ရှနယ်ရေမွှေးလည်းဆွတ်ချင်ပါသည်။ ချစ်သူစုပ်ယူနမ်းဖို့သူ့နှုတ်ခမ်းမှာလည်း မွှေးပျံ့သော နှုတ်ခမ်းနီရဲရဲ ဆိုးချင်ပါသည်။

ဆန္ဒတွေအပြည့်ပါ။ ဆန္ဒကိုထိန်းချုပ်ဖို့ တရားကိုလည်း ဘယ်သူ့ကိုမျှ မပြောချင်ပါ။ လိုချင်တပ်မက်တာတွေ ကလည်း အလကားမရ။ ပေးဆပ်ရသည့် တန်ဖိုးက အလိုက်အထိုက်ရှိမြဲ။ သူ့မှာ ပေးဆပ်စရာ မရှိ၍ ဆန္ဒကို ထိန်းချုပ်ရသည်။ ဆန္ဒဆိုတာ ဖြစ်လာလျှင် ခံစားမှု ဝေဒနာက ရင်မှာဖြစ်ပေါ်မြဲပါ။ အရာရာခံစားမှုကို ရှေ့တန်းတင်၍

www.burmeseclassic.com

www.burmeseclassic.com



မရသောသူ့ဘဝ၊ ကိုယ့်ဘဝ ကိုယ့်အကြောင်းနှင့်ကိုယ် ထိန်းချုပ်ရခြင်း ဝေဒနာကို ခံစားရလေလေ. . . ကိုယ့်လို သူများတွေ မခံစားစေချင်ပါ။ စောင့်စည်းရခြင်းဆိုတာလည်း လွယ်ကူစွာ ရရှိနိုင်ခြင်း မဟုတ်။

တစ်ခုတော့ရှိသည်ပဲပေါ့။ လင်းလိုမရွှေအိမ်သတ္တိမရှိဘူးဆိုလျှင် ခံရမည်။ စောင့်စည်းထိန်းချုပ်ရခြင်း ဘောင်မှလွတ်သွားလျှင် ကျရောက်လာမည့် အကျိုးဆက်ကိုသူ ရင်မဆိုင်ရဲတာတော့အမှန်။

ဒီတော့လည်း စွမ်းရည်သတ္တိဆိုတာ တွေးစရာဖြစ်လာရသည်။ စောင့်စည်းခြင်းဘောင်ထဲမှာနေနိုင်ဖို့ဆိုတာကလည်း စွမ်းရည်တစ်ခုပါပဲ။ ထိန်းချုပ်စောင့်စည်းခြင်းဘောင်က လွတ်ထွက်သွားလျှင် ကျရောက်လာမည့် အကျိုးဆက်ကိုရင်ဆိုင်ရဲသည်ကလည်းစွမ်းရည်တစ်မျိုးပေါ့လေ. . . ။

သူ့မှာတော့ရေခံမြေခံ သူ့ပတ်ဝန်းကျင်က သူ့ကိုပေးလိုက်သော ဗီဇပါ။ ဘာပဲဖြစ်ဖြစ် လိုချင်တာမရသော ဆန္ဒကြောင့် ရင်မှာခံစားရသော ဝေဒနာတွေ ပြင်းပြလာလျှင် သူစံထားရမည့်သူကို သတိရလာသည်။ သူ၏စံက "အမေ"ပဲ။ သူ လူမှန်းသိတတ်စက စတင်သိရှိခဲ့သော အမေသည် နုပျိုချောမွေ့ဆဲပါ။ သူ ငါးနှစ် သမီးမှာ အဖေဆုံးတော့ အဖေ့ ရုပ်သွင်ကိုတော့ ဝိုးတဝါးပါပဲ။ အသက်သုံးဆယ် ပတ်ဝန်းကျင်မှာ အမေမုဆိုးမ ဖြစ်ခဲ့ရသည်။

အမေက ပြည့်ပြည့်ဖြိုးဖြိုး၊ ကြည်လင်တောက်ပသော မျက်လုံးတွေနှင့် အလုပ်လုပ်ဖို့အစဉ်ဖျက်လတ် သွက်လက်သောဟန်က အပြည့် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တွေလည်း အမေ့မှာ အပြည့်ရှိသည်။ မရွှေအိမ်အားလျော့ ဝမ်းနည်း စိတ်ငယ်လေတိုင်း အမေ့လက်ကို ဆုပ်ကိုင်လိုက်လျှင် အမေမှတစ်ဆင့် အင်အားတွေ သူ့နှလုံးသားကို စီးဆင်းလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေက စာရေးတတ် ဖတ်တတ်ရုံပဲရှိသည်။ မူလတန်းက ထွက်ကတည်းက အမေဈေးထဲ ရောက်လာသည်။ အဖေသေတော့ စီးပွားရေးယိုင်ချိန်မှာ အမေ၏ငယ်ရုပ်ငယ်ရည်နှင့်အမေ့ကိုအတည်ကြံသူ တွေရောမတည်ကြံသူတွေပါရှိခဲ့ပါသည်။ အမေ ငယ်ပါသေးသည်။ အမေ့ ဆန္ဒရမက် ရှိသည်ပဲပေါ့။ ဒါပေမယ့် သူ့တစ်ကိုယ်ရည် ဆန္ဒတွေကို ရှေ့တန်းမတင်။ သူတို့ မောင်နှမ နှစ်ယောက်ကိုပဲ အမေ ဦးစားပေး လိုက်သည်။

ငရုတ်၊ ကြက်သွန်၊ ကုန်ခြောက် နှင့် အောက်ပြည်မှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ဆိုင်လေးမှာအမေရောင်းရင်းသူတို့နှစ်ယောက်ကို ကျောင်းထားခဲ့သည်။ သားမင်းနန်သူဆယ်တန်းအောင်တော့ဂုဏ်ထူးနှစ်ခု နှင့် ဆေးတက္ကသိုလ် ဝင်ခွင့်ရခဲ့သည်။ ဂုဏ်ထူးနှင့် ဆယ်တန်းအောင် အောင်အမေ ကျူရှင်ခတွေ တစ်ပုံကြီး ရအောင်ရှာခဲ့သည်။ ထိုအချိန်က ရန်ကုန်လောက် ကျူရှင်တွေ ခေတ်မစားသေးပေမင့် အမေက ကျူရှင် ဆရာကောင်းကို တောင်တွင်းကြီးမှာပဲ ရှာဖွေ ပေးသည်။ အမေ့ကို ဈေးသည်မ ရယ်လို့ အထင်သေး၍မရ။ သားပညာရေးမှာ အမေက ခေတ်မီသည်။

“စိတ်ချ၊ ငါ့သားဆရာဝန် ဖြစ်ရမယ်”

အမေကဆုံးဖြတ်ချက် ရဲသည်။ သူ့အိမ်ကိုပေါင်ကာ သားကို ဆေးကျောင်းပို့ခဲ့သည်။ အိမ်အတွက် အတိုးရော၊ သူတို့မောင်နှမ ကျောင်းစရိတ်ပါ ကြေလည်အောင် အမေဆိုင်ထွက်ရင်း ရှာသည်။

“သမီးတို့ အမေတို့၊ ဘာမှ မကြာပါဘူး၊ အခက်အခဲ
နည်းနည်းတွေ့ရမှာပါ။ သမီးကိုကို့အတွက် တို့ဘက်
က လျှော့ရမှာပေါ့လေ”



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားကြောင့် သူသည် လျှော့ရမည့်သဘောတွေကို ငယ်စဉ်ကတည်းက နားလည်ခဲ့ရသည်။

ပညာမတတ်သော အမေပင် ဈေးတောင်းခေါင်းရွက်၍ သူတို့ကို ကျောင်းထားခဲ့သေးသည်။ ပွဲရုံမှ ဒေါ်စောခင်က တစ်ခါက သူ့ကိုပြောဖူးသည်။

"မတင်မေဟာကူလီခကုန်မှာစိုးလို့ကြက်သွန်တွေကို
တောင်းနဲ့ခွဲပြီး ပွဲရုံကနေဆိုင်ကို ခေါင်းနဲ့ရွက်သယ်
တယ်လေ"

အမေ့ဆံပင်မှာ ဒါကြောင့်စောစီးစွာ ငွေရောင်တွေတောက်လာသည်ထင်ပါရဲ့။ အဖေ ဆုံးချိန် စီးပွားရေး ကစင့်ကရဲမှာတောင် အမေတစ်ယောက် ရင်သွေးနှစ်ယောက်ကို လက်ဆွဲ၍ ရဲရဲကြီး လျှောက်လာသောလမ်းတွင် တစ်ဘက်က သိက္ခာကို တင်းတင်းကျပ်ကျပ် ထိန်းခဲ့သည်။

သူ့မှာ ခေတ်ပညာ အပြည့်၊ ဒီနှစ်ပြီးလျှင်ဒီဂရီ ရတော့မည်၊ လိုချင်တာတွေ မရသောဆင်းရဲကြောင့် ရင်က မွတ်သိပ်ဆာလောင်သော ဝေဒနာတွေ ခံစားရလျှင် အမေ့ရုပ်သွင်ကို မှန်းကြည့်ရသည်။ သူ့ခြေတွေယိုင်၍ ဘဝလမ်းကို လျှောက်ရင်း အားပျော့လာလျှင် ရှေ့မှ လမ်းပြ အလံကိုင် အမေ၏ သိက္ခာ အလံဖျားကို လှမ်းမျှော်ကြည့်ရသည်။ အမေ့၏ သိက္ခာအလံသည် လေထဲမှာ တဝင့်ဝင့်နှင့် ထိန်းချုပ်ခြင်း တိုင်ထက်မှာ တလူလူ ဝေနေသည်။ အမေ့လို ခေါင်းဆောင် တစ်ယောက်ကို ဘဝတိုက်ပွဲမှာ ရထားပါလျှက်နှင့် သူသည် အရာရာခံစားမှုကိုသာ ရှေ့တန်းတင်ပါလျှင် အမေ့ကို သစ္စာဖောက်သော နောက်လိုက်တစ်ယောက်သာ သူဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား ဝေဒနာကို ဦးစားပေး၍ ကိုဥက္ကာကို ချစ်မိသော နေ့များက ရင်ထဲမှာ မပြောပြတတ်သော ခံစားမှုတစ်ခု ကြုံခဲ့ရသည်။ အမေ့ကို ကိုဥက္ကာ အကြောင်းဖွင့်ပြောဖို့ လိုအပ်ပါသည်။ ဟုတ်သည်။ မပြောမိလျှင် အမေ့ကို သစ္စာမဲ့ရာများ ဖြစ်မည်လား။ လင်းလို သုံးလေးယောက်မဆိုထားနှင့် တစ်ယောက်တည်းသော သူကို ချစ်ရဖို့အရေး သူ့မှာ အများကြီး ဝန်လေးခဲ့ရသည်။

ရမ္မက်ဆန္ဒများ၏ နယ်မြေမှ ဝေးကွာရာနေရာတွင် သူ့ကိုယ်သူ အကျဉ်းချထားရခြင်းသည် သူတမင် လုပ်နေရ သည်မှ မဟုတ်၊ သူ့ဘဝပေးပဲပေါ့။ လင်းမျက်လုံးမှာတော့သူသည်၊ သတ္တိမရှိသူ၊ အရာရာကို မျိုသိပ်၍ ဟန်ဆောင်တတ်သူ. . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

ခရစ်စ္စမတ် ကျောင်းပိတ်ဖို့ သုံးရက် အလိုမှာ မရွှေအိမ် အိမ်ပြန်ရသည်။ "အမေ အသည်းအသန် ဖြစ်နေသည်။ အမြန်လာပါ" တဲ့။ ဒေါ်စောခင် သံကြိုးကြောင့် မရွှေအိမ် ပြန်ခဲ့ရသည်။ တနင်္ဂနွေ မရောက်သေးခင်မို့ အကျိုးအကြောင်း ရေးကာ နှုတ်ဆက်စာကို ကိုဥက္ကာထံ ရုံးမှ တစ်ဆင့်ပေးခဲ့ရသည်။

တောင်တွင်းကြီး ရောက်တော့ အမေ့အိမ်မှာ သူစိမ်းတွေ။ သူကြောင်အမ်းအမ်းဖြစ်နေသည်။ အိမ်သားတစ်ယောက်က သူ့ကို ဒေါ်စောခင်ပွဲရုံကို ညွှန်လိုက်သည်။ ဒေါ်စောခင်တို့ ပွဲရုံရောက်တော့ အမေ့ကို တွေ့ရပါသည်။ ဒါပေမယ့် ပွဲရုံနောက် အဖီလေးမှာ။

"မတင်မေက သမီးတို့ကို မမှာခိုင်းဘူး၊ ဒေါ်ဒေါ့
ရင်ထဲမှာ မတင်မေကို စိတ်မချလို့ သမီးဆီကိုရော၊
မင်းနန်သူဆီကိုပါ အကြောင်းကြားလိုက်တာ"

ဘယ်လိုဖြစ်တာလဲ။ အမေဘာကြောင့် ဒီအခန်းလေးထဲ ရောက်နေရတာလဲ။ သူနားမလည်။ ဒေါ်စောခင်ကိုလည်း မမေးနိုင်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့အပါးမှာသူထိုင်ချလိုက်၏။ အမေ့ခေါင်းကို ပွေ့ထူကာ အမေ့ပါးကို သူ့ပါးနှင့် အပ်လိုက်သည်။

"အမေ. . . မအိမ်ပြန်လာပြီ"

နားနားကပ်ကာ တီးတိုးပြောလိုက်သည်။ ချိုင့်ခွက်နေသော မျက်တွင်းထဲမှာ မျက်လုံးလေးပွင့်လာသည်။ အရောင်ကမှေးမှိန်လိုက်တာ၊ သွေ့ခြောက်နေသော နှုတ်ခမ်းလေးကို ဖြည်းညင်းစွာ လှုပ်ရှားနေသည်။ အသံကမထွက်။ အမေ တစ်ခုခု ပြောချင်နေသည်။ အမေ့လက်ကို မအိမ် ဆုပ်ကိုင်ထား၏။ အပူငွေ့ နည်းပါးလွန်းလှသည်။ ပါးလျားသော အရေပြားအောက်မှာ အကြောတွေ မြင်နေရသည်။ အသားလွှာတွေ ဘယ်ရောက်ကုန်ပါလိမ့်။ အမေ့လက်က ထန်းလက်ခြောက်နှင့် တူနေသည်။

"အစားမဝင်တာ ကြာပြီ။ ဒေါက်တာကျော်ဇေယျကို
ဒေါ်ဒေါ်ခေါ်ပြတယ်လေ။ အခြေအနေ မကောင်းဘူး
ဆိုတော့ မအိမ်တို့ဆီ လှမ်းအကြောင်းကြားတာ"
"ဘယ်လိုဖြစ်တာလဲ ဒေါ်ဒေါ်ရယ်။ အမေဖြစ်စက
မအိမ်ကို အကြောင်းကြားရောပေါ့"
"သမီး စာမေးပွဲနီးပြီတဲ့လေ"
ဒေါ်စောခင်က ဖြေ၏။
"အမေ. . . "

မအိမ်က ထပ်မံခေါ်ပြန်သည်။ အမေသည် ဖြည်းညင်းစွာ ခေါင်းညိတ်ပြသည်။ အမေ့မှာ သတိရှိနေသည်။ အမေ့ လက်က သူ့ကို ဆုပ်ထားသည်မှာ နည်းနည်းတင်းလာသည်။ အမေ အားယူထားပုံရသည်။

"အမေ. . . သမီးပြန်လာပြီ၊ အမေနေကောင်းလာမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းပြုစုမှာ . . . ဟုတ်လား”

မအိမ့် စိတ်ထဲမှာ အမေပြုံးလာသည် ထင်သည်။ အမေ့အပါးမှာ ပြုစုနေသည်က ဒွေးလေးဘုမ တစ်ယောက်ပဲရှိသည်။

“အစာမဝင်တာကြာပြီ။ ဒီအိမ်ပြောင်းလာကတည်းက ဆရာဝန်ကြီးက အားဆေးတွေသွင်းပါရဲ့၊ ပထမ ကြက်စွပ်ပြုတ် အရည်လေး ဘာလေး ဝင်တယ်၊ ခုလုံးဝ မသောက်တော့ဘူး၊ မနက်ကပဲဗိုက်ကနာလွန်းလို့ ဆရာဝန်ကြီးက ဆေးထိုးပေးလို့ မှိန်းနေတာ၊ နာရင်မချိမဆန့်ဘဲ”

ဒွေးလေးဘုမက အခြေအနေကို ပြောပြ၏။ အမေက စာခဏခဏမရေးတတ်၍ သူကလည်း အမေ့စာကို မမျှော်မိ။ သူ့ဘာသာရောဂါကို တစ်ယောက်တည်းကြိတ်ခံသော အမေ။

“ဒွေးလေး၊ ခုလောလောဆယ် ဘာရှိလဲဟင်၊ အစာများများ ဝင်ရင် အမေ အားရှိလာမှာနော်၊ အမေတစ်ခုခုစားနော်”

“ဆရာဝန်ကြီးကလည်းပါးစပ်က အစာစားစေချင်တာ။ သူကအရည်တောင် မသောက်ဘူး”

ဒွေးလေး ဘုမက ပြောပြ၏။

ဆရာဝန်ကြီး ကျွေးသော အစာတွေ စားဖို့နှင့် တိုက်သော ဆေးတွေ ဝယ်သောက်ဖို့ အမေ့မှာ ပိုက်ဆံမှ ရှိပါစ။

“ဆိုင် မထွက်နိုင်တာ သီတင်းကျွတ်ကတည်းကပဲ”

ဒေါ်စောခင်က ပြော၏။ ဟုတ်မှာပဲ။ အောက်တိုဘာ ကျောင်းဖွင့်ပြီးကတည်းက အမေ့ဆီကစာမလာ။ နောက်ဆုံး သူ့ရသော



www.burmeseclassic.com

www.burmeseclassic.com



စာမှာသူ့ကျန်းမာရေး၊ စီးပွားရေးအကြောင်း ဘာမှမပါ။ သူ့သားအကြောင်းပဲ ပါသည်။

“ဒေါ်ဒေါ် ရယ်-အမေ့ကို တစ်ခုခုတိုက်ရအောင်”

သူလှည့်၍ ကြည့်လိုက်တော့ အမေ့ ပတ်ဝန်းကျင်မှာ လူနာအစားအစာ ဘာမျှမရှိ။ ဒေါ်စောခင်က ထိုင်ရာမှထလိုက်၏။

“ဒေါ်ဒေါ် အိမ်သွားပြီး ဟောလစ်ဖျော်ခဲ့မယ်”

မအိမ် သည် ခေါင်းညိတ်လိုက်၏။ အမေ့ အဖြစ်က ဆိုးလိုက်တာ၊ ထမင်းမဝင်လည်း တစ်ခုခုအစားထိုးကျွေးမွေးဖို့ အမေ့မှာ ဘာမျှမရှိဘူး ထင်ပါ့။ ဒွေးလေးဘုမဆိုသည်က အမေပိုက်ဆံပေးမှ ဝယ်တတ်တာပဲဖြစ်သည်။ သူ့ရင်ထဲမှာ နာသာခံခက်ကြီး။ မခံချိမခံသာသလို ဝေဒနာပေါ်လာသည်။ ဒေါ်ဒေါ် ဒေါ်စောခင်ကို ကျေးဇူးတင်ရသေးသည်။

“အမေ . . . ဟောလစ် နည်းနည်းလေးသောက်နော်”

ဒေါ်စောခင်လာပေးသော ဟောလစ်ကို ဇွန်းလေးနှင့်ခပ်ကာ အမေ့နှုတ်ခမ်းဝမှာတေ့ထား၏။ အမေသည် ပါးစပ်ဟကာ ကြိုးစားသိမ်းယူသည်။

“တို့တိုက်တော့ တစ်ဇွန်းတောင် မသောက်ဘူး၊
ခုလိုဆိုသူပြန် ကျန်းမာလာမှာ”

ဒွေးလေးဘုမ စကားက အားတက်စရာ။

“အမေ . . . နောက်ထပ်တစ်ဇွန်းတည်း”

မအိမ်သည်နောက် တစ်ဇွန်းထပ်တိုက်၏။ အဟွတ်အဟွတ်နှင့် ချောင်းဆိုးကာ အရည်တွေ အန်ထွက်လာသည်။ အမေ မောလာသည်။ နဖူးမှချွေးသီးလေးတွေစို့လာသည်။ ရင်မှာ လှိုင်းလို နိမ့်ချည်မြင့်ချည်နှင့် အားယူ၍ အသက်ရှူနေပုံရသည်။ အမေအမောပြေအောင် ဘာလုပ်ရပါ့



www.burmeseclassic.com

www.burmeseclassic.com



ရေထပ်တိုက်ရကောင်းမလား။ ဂလူးကိုးစ် တိုက်ရရင်ကော။ မအိမ်သည် အမေ့ရင်ကို နည်းနည်းဖိပေးကာ နဖူးမှ ချွေးကိုလည်း သုတ်လိုက်သည်။

"ရေနည်းနည်း သောက်လိုက်နော်၊ အမေ မောပြေအောင်"

အမေက ပါးစပ်ကလေးဟ, ပေးသည်။ ရေတစ်ဇွန်းပဲ ဝင်ရာမှ ပြန်အန်ထုတ်လိုက်သည်။ ရေတွေ ထွက်လာရာမှာ သွေးစလေးတွ ပါလာသည်။ အမေ့ဝါကျင့်ကျင့် မျက်နှာက ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။

"ဘာမှမတိုက်နဲ့တော့ မအိမ်။ ဒေါ်ဒေါ် ဆရာဝန် သွားခေါ်လိုက်ဦးမယ်"

ဒေါ်စောခင် ထွက်သွားသည်။ အမေ အသက်ရှူနေသည်မှာ ပင်ပမ်းလှသည်။ အောက်ဆီဂျင်များ ပေးနိုင်လျှင် အမေ အသက်ရှူရ ညင်သာမည်။ နောက်ထပ် အင့်ခနဲဖြစ်ကာ အမေ့ပါးစပ်မှ သွေးခဲတွေ ကျလာသည်။

"သမီး မအိမ်"

အမေ့ ပါးစပ်မှ တီးတိုးအသံ ထွက်လာကာ အမေ့ခေါင်း ငဲ့သွားသည်။

"အမေ မအိမ်လေ. . . အမေ့"

မအိမ်က အော်လိုက်မိ၏။အမေ့ရင်ဘတ် ငြိမ်သက်သွားသည်။

"ဟဲ့-မကြီးမေ. . . . . မကြီးမေ"

ဒွေးလေးဘုမ အသံ။

မအိမ်ဘာမျှမပြောနိုင်။ အမေ့ကို တင်းကျပ်စွာဖက်ထားမိသည်။ သူ့လက်ကို ဆုပ်ကိုင်ထားသော အမေ့လက်က ပြေလျော့သွားသည်။ မှောင်၍ ကျဉ်းကျပ်သော ဤအခန်းလေးထဲမှာ အမေငြိမ်သက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်လာ သည်မှာ အမေ့ကို နှုတ်ဆက်ရုံပဲပေါ့။ သူသည် အော်ဟစ်ငိုချင်သည်။ ငို၍မရ။

ဆရာဝန်ကြီး ရောက်လာတော့ အမေ့ကို သူကိုယ်တိုင် ရေပတ်တိုက် ပေးသည်။ အဝတ်အသစ်လဲပေးစဉ် အမေ့ကိုယ်က ပူပူနွေးနွေး ပျော့ပျော့လေး။ ငွေရောင် ဆံပင်ကို ကျစ်ကျစ်လျစ်လျစ် ထုံးပေး၏။ ဖွေးဖွေးလှုပ် နေပြီဖြစ်သော ဤဆံပင်များက အမေ၏ ရုန်းကန်မှုအတိုင်းအတာကို ဖော်ပြနေသည်။ ဆရာဝန်ကြီးက ပါးစပ်နှင့် ခေါင်းကို သိုင်း၍ ပတ်တီးစည်းပေးသည်။ ပြီးတော့ လက်နှစ်ခု၊ ခြေမနှစ်ခု ပူး၍ ချည်ပေးသည်။ ဆရာဝန်ကြီးက သူကြိုးစား၍ ကုပေးကြောင်း ပြောနေသော်လည်း မအိမ်ကတော့ မကြားတစ်ချက် ကြား တစ်ချက် "အစာအိမ်ကင်ဆာ" တဲ့။ သူ့ကို နှုတ်ဆက်၍ ဆရာဝန်ကြီး ပြန်သည်။ ဒေါ်ဘုမ ငိုသံကလွဲ၍ အသုဘအိမ်က ခြောက်ကပ် တိတ်ဆိတ်နေသည်။

ဒေါ်စောခင်က မအိမ်ကို စာအုပ်တစ်အုပ် လှမ်းပေးသည်။ အမေ၏ ငွေစုစာအုပ်။ ငွေက ၅၀၀ ကျပ်ရှိသည်။ မအိမ် မျက်ရည်တွေ တွေတွေကျလာသည်။ သက်ဆုံးတိုင် သို့တည်းမဟုတ် အသက်စွန့်၍ သားသမီးအတွက် အလုပ် လုပ်ပေးသူ။ သူ့သေစရိတ် အတွက်ပင် သားသမီးကို ဒုက္ခမပေးလို၍ ငွေချန်ရစ်ခဲ့သေးသည်။

"အမေ ဘယ်လိုဖြစ်ရတာလဲ ဒေါ်ဒေါ်ရယ်၊ အမေ့အိမ် ဘယ်ရောက် သွားလဲ။ မအိမ် ကို ဘာဖြစ်လို့ ဘာမှ မပြောကြတာလဲ"

မအိမ်က ပင့်သက်ရှိုက်ရင်း မေးမိ၏။

"မတင်မေ ကိုယ်တိုင်က သမီးစာသိပ်ကြိုးစားနေရ တာအနှောင့်အယှက်ဖြစ်မယ်၊ ဘာမှမပြောရဘူးဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



မပြောရတာ။ ဟိုအိမ်က မပြောင်းခင် ကတည်းက အစာအိမ်က ခဏခဏနာတာ ဒေါ်ဒေါ်သိတယ်၊ ဟိုအိမ်ကလည်း ပြောင်းလာရော စိတ် သိပ်ထိခိုက်သွားတယ် ထင်တယ်၊ အရုပ်ကြိုးပြတ်ပဲ၊ အစာလည်း မဝင်တော့ဘူး”

မအိမ်သည်နားထောင်ရင်း အံကြိတ်ထားမိသည်။ စကားများများ ပြောမရ၊ ဖြစ်စက ဆေးရုံတင် ခွဲစိတ်ကုသလျှင် အမေရနိုင်မှာပါ၊ ကင်ဆာဖြစ်၍ မရနိုင်ဘူးဆိုတောင် အမေ သက်တောင့် သက်သာ ဝေဒနာမခံစားရအောင် ဆေးရုံက လုပ်ပေးနိုင်မည် ဖြစ်သည်။ အိမ် စိတ္တဇကလည်း ပါသည်ထင်သည်။

“ဟိုအိမ် က ဘာဖြစ်သွားလို့လဲ”

ဒေါ်စောခင်ကို အိမ်အကြောင်းမေးကြည့်ရ၏။ ဒေါ်စောခင်သည် မအိမ်အမေးကို ဖြေချင်ပုံမရ။ ဒါပေမယ့် မထူးတော့၊ ဖြေရတော့မည်။

“မအိမ်အသိပဲလေ၊ ဒီအိမ်ကို ပေါင်ပြီး မင်းနန်သူနဲ့ သမီးကို ကျောင်းထား ရတာ၊ မင်းနန်သူတို့ လက်ထပ်ပြီးတော့ မြစ်ကြီးနားကို ပြောင်းရတယ်။ မတင်မေလည်း ဒီကို ပြောင်းလာရတာပဲ”

“ဘာဖြစ်လို့. . . . ။ မအိမ်ကို စာရေးတော့ ကိုကိုနဲ့ ခင်အေးနွဲ့ လက်ထပ်ရင် အကြွေးတွေ လျှော်ပစ်ပြီး အိမ်ကို ပြန်ပေးမယ်ဆို”

“အဲဒီစကားက စာချုပ် စာတမ်းနဲ့ ပြောတာမှ မဟုတ်ဘဲ၊ အိမ်ပေါင်တာက စာချုပ်နဲ့ အတိုးကပဲ အရင်းလောက်ရလာပြီ၊ မင်းနန်သူလည်း မြစ်ကြီးနား



www.burmeseclassic.com

ပြောင်းရော မမြကြ စာချုပ်အရ တရားဝင်စကား ဆိုတယ်လေ။ ပြန်မရွေးနိုင်တော့ အိမ်ကို သိမ်းလိုက်တာပေါ့”

မရွှေအိမ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

“ကိုကို ရောသိလား”

“ခုလောက်ဆို သိမယ်လို့ထင်တာပဲ”

မရွှေအိမ်ကငြိမ်သက်သွားသည်။ သူ့အိမ်လေးကို စွန့်လွှတ်လိုက်ရကတည်းက အမေ စိတ်ဓာတ်ကျသွားခြင်း ဖြစ်မည်။ ဘာပဲဖြစ်ဖြစ်လေ ဤအိမ်သည် အမေနှင့် အဖေ ဒိုးတူ ပေါင်ဖက် လုပ်ကိုင်ရှာဖွေ၍ စားမဦးချ တည်ဆောက်ခဲ့ရသော အိမ်။ တကယ်တော့ အမေ့မှာ အိမ်ဆုံး၊ သားဆုံးပေါ့။ ပိုင်လိုက်ကြပါပေ့။ ငွေရှင်တို့ ပရိယာယ်ကို ကောင်းမွန်စွာ အသုံးချတတ်ပါပေသည်။ ဆရာဝန်သမက် တစ်ယောက်လည်းရ၊ အိမ်ကိုလည်း သိမ်းခဲ့သည်။ သူ့မျက်လုံးထဲမှာ သားကြီးအတွက် အမေ့လှုပ်ရှားမှုလေးတွေ ပေါ်လာသည်။

*

သားကြီး မင်းနန်ကြိုက်တတ်တယ်လေ၊ သမီးက ကောင်းကောင်း ချက်ပေးလိုက်”

အမေ နံနက် ဈေးဆိုင်ခင်းလျှင် သူက ကူခင်းပေးရသည်။ အမေ ဝယ်ပေးလိုက်သော ဈေးခြင်းတောင်းကို ပြန်ယူလာ၍ အိမ်မှာချက်ပြုတ်ကျွေးပြီး မောင်နှမစားသောက်ကြသည်။ ကိုကိုက ကျောင်းကို ထွက်သွားနှင့်သည်။ သူမှာ အမေ့ဆီ ထမင်းချိုင့် ပို့ပေးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရသည်။

ဒီနေ့လည်း အမေက ဈေးခြင်းပေးရင်း ဟင်းစီမံသည်။

"မနေ့ကမှ ကုန်ကားနဲ့ ရန်ကုန်က ပါလာတဲ့
ငါးသလောက်ဆားနယ် ခရမ်းချဉ်သီးနဲ့ ဆီပြန်ချက်၊
မန်ကျည်းရည်လေး ထည့်၊ နံနံပင် အုပ်နော်။
ဘူးသီးဟင်းချို ချက်လိုက်၊ မင်းနန် သိပ်ကြိုက်တာ"

ဦးဦးဖျားဖျား ရောက်လာသော ကုန်ကို ရောင်းဖို့ထက် သူ့သားစားဖို့ ဦးချရသည်က အဓိက။ သူ့သားကြီး ဩရသအကြိုက် ဆိုလျှင် အလွန်သိတတ်သော အမေ။ သူ တစ်ခါတလေ အမေ့ကို စိတ်ဆိုးမိသည်။ ဆေးတက္ကသိုလ်ရောက်တော့ ကိုကို့ ကို ဦးစားပေးတာတွေပိုများလာသည်။

"အမေကလည်း တစ်ခါလာလည်း ငါ့သမီးမယ်ထွေး
ဈေးတင်ဖို့ ကျနေတာပဲ။ ဟိုပုဆိုးကျလည်း
ကိုကိုနဲ့လိုက်တယ်၊ ကိုကိုဖို့။ ဒီအစာကျ ကိုကို
ကြိုက်တယ်နဲ့၊ ကိုကိုကဦးစားပေးပဲ"

သူကဒေါပွ၍ ဆိုမိ၏။

"ဟဲ့ . . . သားကဆေးကျောင်းသားကြီး၊ ကောင်းကောင်း
မွန်မွန် မဝတ်နိုင်ရင် ကျောင်းမှာ မျက်နှာ
ငယ်မှာပေါ့။ အစားအသောက် ဆိုလည်း ဖြစ်နိုင်လျှင်
အမေက သူကြိုက်တာတွေ ချက်ပြီးတောင် ရန်ကုန်
လိုက်ပို့ချင်တာ၊ သူတို့ ဘော်ဒါဆိုတာ အစား
အသောက်ဆင်းရဲပါဘိသနဲ့"

ဖြစ်နိုင်ရင်တဲ့။ တကယ်များဖြစ်နိုင်ရင် သားအတွက် အမေ တစ်ယောက် ရန်ကုန်မှာ ဟိုတယ်ဆောက်ထားမည် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အဖြစ်ကြောင့် မအိမ်သည် ကြာတော့ သူတို့ခေတ်က ပေါ်သော တိုတယ်လ်ထဘီ အဆင်းဆန်းကိုပင် ဝတ်ချင်ပေမယ့် အမေ့ကိုမပူဆာတော့။ သူက ဆယ်တန်းကျောင်းသူပဲ။ သူ တက္ကသိုလ်ရောက်တော့လည်း ကိုကိုက ဦးစားပေး နေရာမှာ ရောက်သွားတော့ မရွှေအိမ် သူ့ဘဝကို စောင့်စည်းရခြင်းဘောင်တွေ အလယ်မှာ မြှုပ်နှံလိုက်ရသည်ပဲပေါ့။

*

ခုတော့လည်း သားကြီး ဆရာဝန် ဒေါက်တာမင်းနန်သူနှင့် သမီး မရွှေအိမ်တို့လုပ်စာနှင့် ဟင်းတစ်ခွက်တောင် အမေမစားရ သူမြတ်နိုးစွာ ကြိုးစား ထူထောင်ခဲ့ရသော အိမ်မှပင် အမေပြေးဆင်း လာခဲ့ရသည်။ သူကြားဖူးသော လွတ်လပ်ရေးမရခင်ခေတ်က အကြောင်း သိရသည်။ ချစ်တီးငွေရှင်တွေက တောင်သူ ဆင်းရဲသားတွေထံ ချေးထားသော ငွေပြန်မဆပ်နိုင်လျှင် အိမ်၊ ကျွဲ၊ နွား၊ သမီးကို သိမ်းသတဲ့၊ ခုတော့ မြန်မာ မြန်မာချင်း အမေ့မှာ သားရော အိမ်ရော အသိမ်းခံ ရသည်ပေါ့။

အဖီထုတ်ထားသော အိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာ အမေ့ ရုပ်ကလာပ်က ဖြူဖြူလှုပ်လှုပ်ကလေး။ ဇာပဝါဖြူလေးအုပ်ထားသည်။ ဈေးပရိသတ် ကတော့ တဖွဲဖွဲ ရောက်လာသည်။ ဒေါ်စောခင် က သူ့အိမ်ပတ်ဝန်းကျင်မှာ ခုံလေးတွေချ။ ကုလားဖျင်းထိုးပြီး ဧည့်ခံခွင့် ပြုသည်။ ဒေါ်မြတို့ အုပ်စုထဲက ဘယ်သူမျှ မလာပါစေနှင့် လာလျှင် သူ ဘယ်လိုမှ ဧည့်ခံ၍ ရမည်မဟုတ်။ အစစ ထိန်းချုပ် သည်းခံခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



စွမ်းအားတွေ အမေသေသောအခါ အစွမ်းကုန်သွားပြီထင်သည်။

အမေ့ကို အိုးမဲ့ အိမ်မဲ့၊ အဖီလေးမှာ နောက်ဆုံးအချိန်၊ ဖရိုဖရဲနှင့် အဆုံးသတ်ရသည့်ဘဝရောက်အောင် လုပ်သူတွေနှင့်တွေ့လျှင် သူအစွမ်းကုန်ပေါက်ကွဲမိမည်ဖြစ်သည်။ အစစသူ့ကို ထိန်းချုပ်နေသူက အမေ။ ယခု အမေမရှိတော့ပြီ။ သူသည် မြေကြီး၏ ဆွဲငင်ဓာတ်အားမှ လွတ်မြောက်သော ဂြိုဟ်တုလို သူ့လမ်းမှာ သူထင်သလို လည်ပတ်သွားနိုင်ပြီပေါ့။

"မအိမ် ဦးချလေ"

ငေးငိုင်နေသောသူ့ကို ဒေါ်စောခင်က လာသတိပေးသည်။ အမေ့ဘေးမှာ သေတ္တာရှည်ရှည် ပြောင်ချောလေး။ အမေ့ကို ခေါင်းသွင်းကြတော့မည်။ သူကန်တော့နေစဉ် အမေ့ကိုယ် ပျော့ပျော့လေး က သေတ္တာထဲမှာ အိပ်ပျော်နေသလိုပဲ။ သူသည် ကျေးလက်သူတစ်ယောက် ငိုကြွေးသလို အသံကုန်အော်ဟစ် ငိုလိုက်ချင်သည်။

"ကောင်းနိုင်ကြ သေးရဲ့လား။ အမေ့အဖြစ်က
ဆိုးလှချည်လား"

သို့သော်သူ လုံးဝအသံမထွက်။ သူ့မျက်လုံးက ပြူးထွက်မတတ် ကြောင်ကြည့်နေသည်။ သူ့အစား အော်ဟစ်ငိုသူက ဒွေးလေးဘုမ။

"မကြီးမေ၊ ထကြည့်ပါဦး တော့်သားကြီး မင်းနန်
ရောက်လာပြီလေ။ အမလေး ဆရာဝန်ကြီးရဲ့ မကြီးမေ
အဖြစ်က ကောင်းသေးရဲ့လား"

ဒွေးလေးဘုမ ရင်ဖွင့်ကာ အသံကုန်ဟစ်သည်။ ယခုမှ အသုဘအိမ်ကလေးလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဟုတ်၏။ ဆရာဝန်ကြီး မင်းနန်သူနှင့် သူ့အမေဇာတ်ထုပ်ကို အစအဆုံးသိသူက ဒွေးလေးဘုမပဲ ဖြစ်သည်။ မရွှေအိမ်ကတော့လှုပ်မရ။သူ့အစ်ကို ကို စူးစိုက်ကြည့်နေသည်က

www.burmeseclassic.com

www.burmeseclassic.com



လွဲ၍ မျက်လုံးကို ဘယ်မှ မရွှေ့ အစ်ကိုမင်းနန်သူ့နောက်မှ ယောက်မကို သူမြင်ရမှာစိုးသည်။

“ရော့ ညီမလေး၊ အမေ့သင်္ဂြိုဟ်ဖို့”

မင်းနန်သူက ငွေစက္ကူတွေ လှမ်းပေးသည်။

“မယူပါရစေနဲ့ ကိုကို။ အမေက သူ့စရိတ်နဲ့သူ သင်္ဂြိုဟ်မှာပါ”

မင်းနန်သူက ငိုင်နေသည်။ လူပုံအလယ်မှာ ကိုကို့ ကို သူမေးချင်တာတွေ သူဘာမျှ မမေးဖြစ်ပါ။ တကယ်တော့ အားလုံးသိပြီး ဇာတ်ထုပ်ပါလေ။

ဆွမ်းသွတ်ပြီးရက် အထိ မနည်းအောင့်အည်း နေရသည်။ သည်အထဲမှာ အစ်ကိုနှင့် သူ့အသိုင်းအဝိုင်းကို ကြိုးစား၍ ရှောင်သည်။

“မောင်နှမ နှစ်ယောက်တည်းကျန်တော့တာ မအိမ် မင်းနန်ကို မျက်နှာချင်းဆိုင်ဦးမှပေါ့”

ဒေါ်စောခင်က လူကြီးပီပီ ဖျောင်းဖျပါသည်။ ကိုကို့ ကို သူမတွေ့ချင်ပါ။

သူ့ပါးစပ်က ဘာမျှမပြောပေမင့် ရင်ထဲမှာတော့ တင်းမာမှုတွေ မျက်နှာပေါ်မှာ ပေါ်နေသည်ကို ဒွေးလေးဘုမ အကဲခတ်မိဟန်တူသည်။ ဒေါ်စောခင် စကားအဆုံးမှာ ဒွေးလေးဘုမ ဆက်ပြောသည်။

“ဟုတ်ပါရဲ့ မအိမ်၊ မင်းနန်ကို တွေ့လိုက်ပါဦး၊ ဒီလိုရှိတယ်လေ။ မကြီးတင်မေက မျိုးသိပ်တတ်တယ်။ ရှိတယ်၊ မရှိတယ် သားကို ဘာမျှ အသိမပေးဘူး။ ဒွေးလေးဘုမတောင် သူမမာတော့ သူ့လက်ထဲ ငွေလက်ကျန်ရှိသေးတယ်ထင်နေတာ။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှမရှိဘူးဆိုတာ ဒွေးလေးသိတယ်။ တစ်ခုက
လည်းမင်းနန်က သားဦးဖြစ်နေတယ်။ ကိုဘိုးဟန်ရော
မကြီးတင်မေရော သားကို ဖူးဖူးမှုတ်ထားတာ။
တစ်ဦးတည်းသောသားတွေဟာ လိမ္မာရင်လည်း
သိပ်လိမ္မာတာ၊ ဆိုးရင်လည်း ဆိုးသွားတတ်တယ်"

မရွှေအိမ်ရင်ထဲမှာ ဒွေးလေးဘုမ စကားကို နားထောင်ရင်း မေးခွန်းမေးနေမိသည်။ "မအိမ်ကရော တစ်ဦးတည်းသော သမီး မဟုတ်ဘူးလား ဒွေးလေးရယ်" ဟုမေးမိသည်။

"သူက စာမှာတော့ တော်သားပဲ။ အသိတရား
သိတတ်တာနဲ့ စာတတ်တာကတော့ မတူဘူးလေ"

ဒွေးလေးဘုမမှာ စာမတတ်ပေမင့် အထင်သေး၍မရ။ သူ့မှာ အသိတရားတွေရှိကြောင်း သူ့စကားများက ဖော်ပြနေသည်။

"နာကြည်းစရာတွေ တွေးမနေပါနဲ့တော့။ အမေ
မရှိတဲ့နောက် မင်းနန်ကို မရွှေအိမ် အားကိုးရမှာပဲ"

ဒေါ်စောခင်က ထပ်မံ၍ သူတို့နှစ်ယောက် တွေ့ဆုံဖို့ တိုက်တွန်းသည်။

"မအိမ် စာမေးပွဲကြီး ပြီးအောင် ဖြေမှာပါ။ ကိုကို
နဲ့ လိုက်နေဖို့တော့ ဘယ်တော့မှ စိတ်မကူးဘူး"

သူသည် ခါးခါးသီးသီး ငြင်းလိုက်၏။ အမေ့ အသုဘမှာ လာရောက်ကူညီသော မငယ်ကပါ သူတို့စကားဝိုင်းမှာ ဝင်လာသည်။

"အစ်မလေးရယ် အစ်ကိုကြီးနဲ့ မလိုက်ချင်လည်း
ကျောင်းပြီးရင် မငယ်တို့ဆီ လာနေပါ။ မငယ်တို့
ကျွေးထားနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် မငယ်ကို စူးစိုက်ကြည့်မိ၏။ ပျဉ်းမရွာသူ ညိုညိုတုတ်တုတ် သူ့ လက်တွေက ဘဝပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်စွမ်း ရှိကြောင်း ပြနေသလို သန်မာလှသည်။ သူ့ဘဝလမ်းကိုလည်း သူထွင်၍ လျှောက်နေကြောင်း သူ၏ ခိုင်မာသော ခြေထောက်များက ဖော်ပြနေသည်။ အပြင်မှာ တန်ဖိုးသိပ်ထားနေသော ဒီဂရီ ပညာတွေကို ကြိုးစားပမ်းစား သင်ကြားနေရသည့် သူ့ကို ထမင်းကျွေးထားနိုင်ပါသတဲ့။ ဘာပြောပြော မငယ်လိုသမီး တစ်ယောက်ရထားသော ဒွေးလေးဘုမသည် ဆရာဝန်ကြီး မင်းနန်သူ့ မိခင် ဒေါ်တင်မေထက် ကံကောင်းသည်ဟု ဆိုရမည်။

မငယ်သည် သူ့ဖခင် ဆုံးကတည်းက ဦးကြီးနှင့် အတူ လယ်ထဲဆင်းခဲ့၏။ သူ့ဖခင်၏ အစ်ကို ဘကြီးအုံးက ဦးစီး၍ လယ်ဆယ်ဧကကို စိုက်ပျိုးပေးသည်။ ထွက်သည့် သီးနှံကို တစ်ယောက် တစ်ဝက်ခွဲယူကြသည်။ ခုတော့ မငယ်ကိုယ်တိုင်ပင် တစ်ခါတစ်ရံ ကိုယ်တိုင်လယ်ထွန်သည်။ သူတို့ အညာမြေက စပါးတစ်ခုတည်းမဟုတ်ဘဲ ပြောင်းနှင့်နှမ်းကိုပါ အလှည့်ကျစိုက်သည်။ မငယ်ကို ကြည့်ရသည်မှာ သူ့ထက်ငယ်ပေမင့် ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်သော စိတ်ဓာတ်အပြည့်နှင့်။

"ဟုတ်ပါတယ်လေ ကိုယ့်ဘက်က အဆိုးမဖြစ်အောင်
အစ်မလေး အစ်ကိုကြီးမင်းနန်ကို တွေ့လိုက်ပါဦး"
မငယ်ကပါ ဝိုင်းဝန်း တိုက်တွန်းသည်"

ဆွမ်းသွတ်သောနေ့က လူရှင်းချိန် ဒေါ်စောခင်က ဒေါက်တာ မင်းနန်သူကို လက်ဆွဲခေါ်ခဲ့၍ မောင်နှမ မျက်နှာချင်းဆိုင်ခိုင်းသည်။

ဒီတော့မှပိုဆိုးသည်။ ကိုကို၏အဖြေက -

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ဒေါ်မြတို့က ကြွေးနဲ့သိမ်းတဲ့ အဖြစ် ရောက်တာ ညီမလေး ကြိုက်သလား။ ပြီးတော့ သူတို့ဆီက ငွေချေးရလို့ပဲ ကိုကို့ကို အမေက ဆေးကျောင်းထားနိုင်တာ"

ကိုကို့မျက်နှာကို ကြည့်ရင်း သူအံ့အားသင့်နေသည်။ နှုတ်ခမ်းတွေတုန်နေသည်။ ပြောချင်သော စကားတွေက အများကြီး၊ ဒေါသကြောင့် ဆွံ့အနေသည်။ ကိုကို က သူ့အဖြေကိုမစောင့် ၊ ကျောခိုင်းထွက်သွားသည်။

ဒါလောက်ပဲ မသိသလား ကိုကို။ ဒီငွေက အလကားရသလား။ အမေ့အိမ်ပေါင်၍ ပေးရသောငွေ။ အမေ့ကို ကျေးဇူးမတင်ဘဲ ဒီငွေရှင်ကိုကျေးဇူးတင်ရသတဲ့။ အိမ် ထိုးအပ်ပြီပဲ ထားပါတော့၊ အမေတစ်ယောက်ဘယ်လိုနေပါသလဲ ဆိုတာလေးကိုမှ မစဉ်းစားတော့ဘူးလား။ နောက်ဆုံးအချိန် အေးချမ်းစွာ အမေခေါင်းချနိုင်ဖို့ ကိုကိုတစ်ယောက် စီမံပေးဖို့တော့ တာဝန်ရှိပါသည်။ မတတ်နိုင်သော ဘဝမှ မဟုတ်ဘဲ။ သေခြင်းတရားနှင့် တွေ့လျှင် လည်စင်းပေးရ စမြဲ။ မသေခင် ခံစားမှု အာရုံ ရှိနေဆဲမှာ ကျရောက်သော ဝေဒနာကိုတော့ သက်သာရအောင် ကြိုးစားရမည်ပဲပေါ့။ သက်သက်သာသာ အသက်ထွက်နိုင်ဖို့၊ စိတ်နှလုံး ချမ်းငြိမ်းဖို့၊ ဒါတွေဘာမျှ အမေ့အတွက် သူတို့နှစ်ယောက် မဖန်တီးနိုင်ခဲ့ကြပါ။ ကိုကို့ခံယူချက်ကလည်း ယောက္ခမဂုဏော အနန္တောတဲ့ အမေရယ်။ နှမြောလိုက်တာ။ ကိုကို့ အသိတရားတွေကို ဆေးစာအုပ်ထဲမှာ မြှုပ်နှံလိုက်လေသလား။ ကိုကို့ မသိတတ်မှုတွေက အမေ၏ လှုပ်ရှားမှု အားလုံးကို ငြိမ်သက်သွားစေပါပကော။



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း ဘာပဲဖြစ်ဖြစ် မျိုသိပ်နိုင်စွမ်းသည်။ သူ့ကို ဒါကြောင့် အောက်တိုဘာ ကျောင်းပိတ်ရက်မှာ ပြန်မလာပါနဲ့ တဲ့။ အမေ၏ ဒီအခြေအနေတွေကို သူသာ အချိန်မီ သိခဲ့ရင် ဒီဂရီ မယူတော့ပါ။ တောင်တွင်းကြီးကို ပြန်လာ၍ အမေ့ဆိုင်လေးမှာ ငါးပိနှိုက်၊ ဆားနှိုက်ပြီး အမေနှင့်အတူ ရှာဖွေရပါသည်။

"သမီးတို့၊ အမေတို့ မကြာပါဘူး။ အခက်အခဲ နည်းနည်းတွေ့ရမှာပါ။ သမီး ကိုကို့အတွက် တို့ဘက်ကလျှော့ရမှာပေါ့လေ"

အမေက လျှော့ပဲလျှော့နိုင်လွန်းသည်။ သူ ယခင်က တွေးထင်ထားသလိုပါပဲ။ မရှိတာကို မသိအောင် ကိုကို့အတွက် အမေ ဖန်တီးမှုလွန်ခဲ့သောကြောင့် ကိုကိုတစ်ယောက် မရှိတာ မသိသော အနုရုဒ္ဓါရောဂါ စွဲကပ်ခဲ့သည်ပဲဖြစ်သည်။

တော်ပြီလေ။ ယခင်က အမေရှိနေခဲ့သေးသည်။ ကိုကိုနှင့် သူ့ကြားမှာ အမေက တံတားပေါ့။ အမေမရှိတော့သည့် နောက် ဒီတံတားလေးကျိုးသွားပြီ။ မသိတတ်သော လူတစ်ယောက်ကို သူဆက်လက် မျက်နှာချင်းမဆိုင်လိုပါ။ အမေတစ်ယောက်၏ ကျေးဇူးကိုမှ မသိတတ်သော ကိုကိုသည် ညီမလေးတစ်ယောက်ဆိုသော သူ့အပေါ်မှာသိတတ်ဖို့ဆိုသည်က သံသယဖြစ်စရာ။

သူ တောင်တွင်းမှ တိတ်ဆိတ်စွာ ထွက်ခွာလာသည်ကို ဒေါ်စောခင်မှလွဲ၍ဘယ်သူမျှမသိ။ ဒေါ်စောခင်ကတော့ ပြောပါသေးသည်။

"သူက အစ်ကိုအကြီး၊ သွားခါနီးကန်တော့လိုက်ဦးလေ ရှိုင်းရာကျမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မရွှေအိမ်ဘာမျှပြန်မဖြေခဲ့ပါ။ တကယ်တော့ မအိမ်တစ်ယောက် ရှိုင်းလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၈

မရွှေအိမ် တက္ကသိုလ်ပြန်ရောက်ချိန်မှာ ဆောင်းသည် ရင့်ရော်စပြုလာလေပြီ။ သူ့အခန်းကို ခြေအချတွင် ပို၍ အေးစက်နေသည်ဟု ထင်သည်။ စိမ့်၍ အေးမြသောလေက တံခါးဝမှာ ခပ်ရမ်းရမ်းဝင်လာသည်။ မည်းမှောင်မှောင် အခန်းကျဉ်းလေးထဲမှ အမေ့အလောင်း ဇာပဝါဖြူဖြူအောက်မှာပါးလျသေးသွယ်စွာလဲလျောင်းနေသည်ကို မြင်ယောင်လာသည်။ ပစ္စည်းတွေကို မသိမ်းဘဲ ခုတင်ပေါ် လေးတွဲ့စွာ ထိုင်ချမိ၏။ အခုမှ ရင်ထဲမှာ အားတွေလျော့လာသည်။ သူ့ကို လက်ချင်းဆက်၍ အားဖြည့်မည့် အမေ့လက်ကလေး မရှိတော့ပါ။

"မရွှေအိမ်၊ မအိမ်. . . . . မအိမ်ပြန်လာပြီနော်"

ဝရန်တာမှ အော်ဟစ်ပြေးလာသူက ရှည်။ သူ့ကို ပြေးဖက်၍ ရှိုက်ကြီးတငင် ရှည်က ငိုသည်။ မအိမ် သည်တော့မှ ငိုဖြစ်သည်။ အားရပါးရငိုချမိသည်။ တောင်တွင်းကြီးမှာ အမေ့ကို သင်္ဂြိုဟ်တုန်းက မျက်ရည်ကမထွက်။ ကိုကိုနှင့် ကိုကို့ အသိုင်းအဝိုင်း ရှေ့ကို နာကြည်းစိတ်က တင်းခံနေသည်။ ယခု လျော့လိုက်တော့မှ ရင်တွေ



www.burmeseclassic.com

www.burmeseclassic.com



တလှပ်လှပ်ဖြစ်လာသည်။ သူငယ်ချင်းကို ဖက်၍ ခံစားထားရသမျှ သွန်ချ၍ ငိုမိသည်။

ရှသ်အဖို့ ငိုချင်နေတာကြာပြီ။ မရွှေအိမ့်အမေ ဆုံးကြောင်း သတင်းမရခင် ကတည်းက သူငိုချင်နေသည်။ ရင်ထဲမှာ ကြိတ်မှိတ် ခံစားထားနေရသည်ကို ခုမှ မရွှေအိမ်နှင့်အတွေ့ သူရင်ဖွင့်ငိုမိသည်။

"မင်းသိပ်ဝမ်းနည်းနေမှာပေါ့နော်။ ရှသ်လေ ခရစ္စမတ် တုန်းက သိပ်သတိရပါတယ်။ မအိမ်တို့ အမေ ဆုံးတာကို ကမာရွတ်အိမ်က လာပြောလို့ သိရတာ။ မအိမ် နားဦး အိပ်ရာပေါ်မှာ ခဏလှဲနေလိုက်"

ရှသ်က မအိမ်ကို တယုတယ ဖက်၍ အိပ်ခိုင်းသည်။ မအိမ် ခုမှ နားဖို့ သတိရသည်။

"ကိုယ်ဘာလုပ်ပေးရမလဲ။ ကိုယ် ဒီအခန်းကို ပြောင်းလာပြီ"

"လင်းကော"

မရွှေအိမ် တအံ့တသြမေးလိုက်သည်။ ရှသ်က ငေးမောနေသည်။

"သူ ကျောင်းထွက်သွားရပြီ။ အဆောင်မှူးက သူ့အနေအထိုင် မကြိုက်ဘူးတဲ့။ ရှသ်တို့နဲ့ တစ်ခါမှ မတွေ့တော့ဘူး။ နောက်ဆုံးတွေ့လိုက်တာ ခရစ္စမတ် အကြိုနေ့ ဒီဇင်ဘာ ၂၄ ရက်ကပဲ"

ရှသ်က ဒါပဲပြောသည်။ ဆက်မပြောတော့။

"မအိမ်ပေးတဲ့ စာကိုရော ကိုဥက္ကာကို ပေးဖြစ်လား"

မရွှေအိမ်က ချစ်သူအကြောင်းကို မေးလိုက်၏။

"မအိမ်ပြန်သွားပြီး စာကို ပေးလိုက်ပါတယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ သူလာတယ်လေ။ နောက်ပိုင်းတနင်္ဂနွေတွေ
မှာတော့ သူမလာတော့ မအိမ်အမေဆုံးတဲ့ အကြောင်း
သူ့ကို မပြောဖြစ်ဘူး”

“နောက်တနင်္ဂနွေတွေမှာ သူမလာတော့” ဟူသော ရှသ်၏ စကားလုံးများကို မအိမ်က စိတ်ထဲမှာ လိုက်၍ ရွတ်နေမိသည်။ ခုတော့လည်း တောင်တွင်းကြီးမှာ အမေ့ဇာတ်ထုတ်က ပြီးခဲ့ပြီ။ သူ့ကို တုပ်နှောင်ထားသော အနှောင်အဖွဲ့ တစ်ခုက ကင်းလွတ်သွားပြီ။ စာမေးပွဲတစ်ခုပဲ ကျန်သည်။ စာမေးပွဲပြီးရင်တော့ အားလုံးသော ထိန်းချုပ်မှုတို့မှ မရွှေအိမ်လွတ်ပြီပဲ။ ကိုဥက္ကာပြောသော စာမေးပွဲပြီးတဲ့နေ့ အမေသာရှိလျှင် စိတ်လက်ပေါ့ပါးစွာ ဒီနေ့ကို ကြိုဆိုမိနေမည်ဖြစ်သည်။ ကိုဥက္ကာအကြောင်းကို အမေ့ကိုမှ မပြောလိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

စာမေးပွဲရက် တဖြည်းဖြည်းနီးလာပြီ။ နှင်းတွေ ပါးလျားလာ၍ ရွက်စိမ်းမြတွေလည်း အရောင်ဖျော့လာကြသည်။ စာသင်တန်းတွေ တက်ချိန်မှာ ရှုသ်နှင့် အချိန်ချင်းမတူ၍ မရွှေအိမ်တစ်ယောက်တည်း သစ်ပင်တွေအောက်မှာ ဖြတ်လျှောက်လာသည်။ ဆောင်းလေခြွေချသော သစ်ရွက်လေးများ ဝဲကြွေလာလျှင် သူမျက်ရည်တွေ ဝေ့လာသည်။ လမ်းပေါ်မှာ သင်တန်းတစ်ချိန်ပြီး တစ်ချိန်ပြောင်းတိုင်း သွားလာနေသော ကျောင်းသားကျောင်းသူတွေ အများကြီး။ သို့သော် မရွှေအိမ် စိတ်ထဲမှာတော့ ဤတက္ကသိုလ်ဝင်းကြီးတွင် သူတစ်ယောက်တည်းရှိသလို ထင်သည်။ တနင်္ဂနွေပေါင်း များစွာကို သူဖြတ်လာခဲ့ပါသည်။ ကိုဥက္ကာ ဘယ် တနင်္ဂနွေမှာမှ ပေါ်မလာပါ။

ချစ်သူလာသော တနင်္ဂနွေနေ့များသည် ရှန်းစိုကြည်မြနေသည်။ ယခုတော့လည်း အရာရာသည် ခြောက်သွေ့ အေးစက်နေသည်။ စာသင်ခန်းထဲမှာ စာသင်ချိန်ပဲ ကောင်းသည်။ သူ့စိတ်တွေဆရာပေးသော လက်ချာမှာ စူးစိုက်နေသည်။ အဆောင်ကို ပြန်သောအချိန်မှာ ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေသည်။ တနင်္ဂနွေ၏ ညနေမှ မဟုတ်။ ဘယ်ညနေကိုမျှ ရင်မဆိုင်ချင်ပါ။ ကံ့ကော်ပင်တွေကြားမှ ဥဩငယ်က မြည်ကြွေးနေသည်။ နွေဦးရောက်မှာကို မျှော်လင့်သော တေးဖြစ်ဟန်တူပါရဲ့။ ဥဩငယ်တောင် သူ့ချစ်သူ နွေဦးကို ကြိုဆိုဖို့ တေးကဗျာ စပ်သီစပြုပြီ။

သူ့မှာတော့ ယခင့် ယခင်နေ့တွေမှာ တနင်္ဂနွေ နီးလာလေလေ သူ့ခြေလှမ်းတွေ ပိုမိုသွက်လက်လာသည်။ မျှော်လင့်ချက်အပြည့်။ ယခုတော့ အဆောင်ကို ပြန်တော့ သူ့ခြေလှမ်တွေ နှေးကွေးလာသည်။ မျှော်လင့်ချက်တွေ တဖြည်းဖြည်းကုန်ဆုံးလာသလိုပဲ။ စာမေးပွဲပြီးသော နေ့မှာတော့ ကိုဥက္ကာ တစ်ယောက် ရောက်လာကောင်းပါရဲ့။

ဒါပေမင့် မရွှေအိမ် ကျောင်းတက်သွားလျှင်တော့ သူ့ဆံထုံးမှာ နှင်းဆီတစ်ပွင့် ပန်ထားသည်ကို မတွေ့ရတော့ပါ။

တနင်္ဂနွေ ညနေရောက်လျှင် စိတ်ထဲမှာ ဧည့်ခန်းကို လှမ်း၍ကြည့်မိသည်။ နှင်းဆီပန်းရနံ့သင်းမြလွင့်မျောလာသလို ထင်ယောင်ပေမင့် ညနေ နေခြည်နှင့်အတူ မျှော်လင့်ခြင်းသည် ကွယ်ပျောက်သွားခဲ့သည်။ ပန်းများ မမွှေးတော့ပြီလား။

စာကိုဖိကြည့်ရင်း ရင်ထဲမှ အနာကို ကြိုးစားကုသည်။ ရှသ်က သူ့အပါးမှာ အတူစာကျက်သည်။

"မအိမ်အတွက် စာကျက်ရင်းက ဦးနှောက်အပန်းဖြေ ဖို့လိုတယ်လေ။ မအိမ် အပြင်လည်းမထွက်ဘူး"

ရှသ်က သူငယ်ချင်း မျက်နှာကို ကြည့်ရင်းပြော၏။

"မအိမ် ဘယ်မှ မသွားချင်ဘူး"

"ညနေစောင်းရင် ရှသ်နဲ့ရစ်ချတ် လမ်းလျှောက်တဲ့ အခါ အတူလိုက်ခဲ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားကြည့်မယ်လေ"

မရွှေအိမ်က ညနေခင်း လမ်းလျှောက်ထွက်ကြည့်ပါသည်။ ရှုသ်တို့နှင့်တော့အတူ မလိုက်၊ သူတစ်ယောက်တည်း ကန်ပေါင်ဘက်ကို ထွက်သွားသည်။ မိန်းကလေးတွေအစုလိုက် လျှောက်သလို စုံတွဲတွေလည်း အတွဲကိုယ်စီနှင့် တွေ့ရသည်။ ရေပြင်မှာရွှက်လှေဖြူလေးတွေ၊ ပန်းပွင့်တွေ မျောသလို မျောနေကြသည်။ ရွက်မပါသော ရိုးရိုးလှေ တချို့ပေါ်မှာ ချစ်သူစုံတွဲတွေ အင်းလျားကန် အလယ်မှ ကျွန်းလေးများဆီ လှော်ခတ်သွားကြသည်။

ငန်းတို့ပျော်ရာ ရေကန်သာလိုပဲ ချစ်သူတို့ ပျော်ရာ မြကန်သာ ထင်ပါရဲ့။ ဤနေရာသည် သောက၊ ဗျာပါဒတို့မှ ကင်းဝေးရာပေလား။ ဆည်းဆာ နေခြည်တွေပါ ကန်ရေပြင်မှာ မြူးကြွယှက်သန်းနေကြသည်။ သူတို့မှာ အတိတ်မရှိ။ အနာဂတ်အတွက်လည်း တွေးတောပူပန်စရာ မရှိသလို ချစ်သူတွေ၏ မျက်နှာက ဆည်းဆာ နေရိအောက်မှာ ပန်းတွေ ရောင်စုံပွင့်နေသလိုပါပဲ။

မရွှေအိမ် အဖို့တော့ အတိတ်၏ ကန္တာရကလည်း ခြောက်သွေ့ပူပြင်း၍ အပူလှိုင်းတွေက ခုထိ ရိုက်ခတ်ဆဲ။ အနာဂတ် ဆိုတာလည်း ဘာမျှ မျှော်မှန်းစရာ မရှိ။ ကိုဥက္ကာနှင့် တွေ့ခဲ့သော အချိန်လေးကလည်း ညနေညည်းဆာလိုပါပဲ။ ခေတ္တတော့ ပြိုးပြက်သော ရွှေရောင်တွေ၊ ရွှေခြည်မျှင်တွေ ရစ်ဖွဲ့ ထွေးနွှေးသော ရွှေရည်ဆည်းဆာ အလှကို ခင်းကျင်း ခဲ့ပေမင့် မကြာခင် အမှောင်ရိပ်မှာ ငုတ်လျှိုး ပျောက်ကွယ်ခဲ့ရပါသည်။

သူသည် ကိုဥက္ကာ၏ အပြောင်းအလဲ ကြားကာလ၏ အသုံးတော်ခံများ ဖြစ်ခဲ့လေသလား။ ဟုတ်ချင်လည်း ဟုတ်နိုင်ပေသည်။

www.burmeseclassic.com



သူ့မှာ အလှရှိသည်ဆိုပေမင့်သူ့အလှသည် မြင်ရသူ ယောကျ်ားတစ်ယောက်ကို အဆိပ်မြား အထိခံရသလို ဆတ်ဆတ်ခါ တုန်လှုပ်သွားအောင် မစွမ်းနိုင်ပါ။ ရေရှည်တွယ်တာစွဲငြိအောင် သူကရော ဘယ်လောက်များ စွမ်းနိုင်လို့လဲ။

ချစ်သူအပေါ်မှာ သံသယ ဝင်လာသလို သူ့ကိုယ်သူ လည်း နောင်တရမိသည်။ ထိန်းချုပ်ခြင်း ဘောင်ခတ်၍ သူ့မူအတိုင်း နေခဲ့ပါလျှင် ကောင်းပေသား။ ရင်ထဲမှ ဆန္ဒအလိုနောက်ကို သူ လိုက်ခဲ့မိတာနှင့် တစ်ခါ တည်း ကျိန်စာကသင့်လေသလား။ တစ်ခြား ကျောင်းသူတွေရော၊ ချစ်သူတွေရော သူလိုပါပဲလား။ လင်းစကားလို တက္ကသိုလ်မှာ ခေတ်မီသူတိုင်း ရည်းစားတစ်ယောက်ရှိသည် ဆိုသော စကားနှင့်အညီ ခေတ်မီအောင် အတွဲရှာတာလား။ တကယ်ကော အချစ်ဆိုတာကို ရင်ထဲမှာဘယ်လို လက်ခံထားကြပါသလဲ။

ရင်မောစွာနှင့် ရေပြင်ကျယ်ကို လှမ်းမျှော်ကြည့်မိသည်။ တစ်ဘက်ကမ်းမှာ သစ်ပင်အုပ်တွေ စိမ်းမြညို့မှောင် နေသည်။ ရွှေရည်စတွေ တစ်စွန်းတစ်စသာ ရေပြင်မှာ ကျန်ရစ်သည်။ နွှေဦးပေါက်တော့မည် ဆိုပေမင့် ဆောင်းကြွင်းလေက စူးစူးရှရှ အေးမြနေဆဲ။ မရွှေအိမ်သည် မြက်ခင်းပေါ် တစ်ယောက်တည်းထိုင်ရင်း သူ့ကိုယ်သူ ကျောက်ရုပ်တစ်ရုပ်ဖြစ်သွားချင်သည်။

ချစ်သူကို မျှော်ရင်း မြကန်သာ ရေညိုရိပ်မှာ ကျောက်ရုပ် ဖြစ်သွားသော မိန်းကလေးပေါ့။ ကျောက်ရုပ်ပတ်လည်မှာ နှင်းဆီ ရနံ့တွေကလည်း ဩနေရာမှာ သင်းပျံ့နေမည်။ နောက် နှောင်းခေတ်မှာ မြကန်သာကို လာရောက်သော တက္ကသိုလ်ကျောင်းသူတွေ ဒီကျောက်ရုပ် ကိုမြင်လျှင် အချစ်သည် လူကို ကျောက်ရုပ် ဖြစ်စေပါသလား ဟူသော



www.burmeseclassic.com

www.burmeseclassic.com



စာတမ်းကို လေ့လာကြပေစေပေါ့။

ချစ်သူတောင်းဆိုခဲ့သော ညနေများ ညနေများတွင် လမ်းလျှောက်ရန် ချစ်သူကို ငြင်းဆိုခဲ့သော မိန်းကလေး။ ခုတော့ ညနေပေါင်းများစွာကို ကျောက်ရုပ်အဖြစ် ကြည့်နေရတော့မည်။

အို. . . ဒါပေမင့် ကိုဉက္ကာဆိုသော သူ့ချစ်သူက ကျောက်ရုပ်လေး ဆံထုံးမှာ နှင်းဆီတစ်ပွင့် ပန်ပေးရင်ဖြင့် ပြန်လည် အသက်ဝင်လှုပ်ရှားရမည့် ဒဏ္ဍာရီ။ သူ့အဖြစ်ကလည်း ဒဏ္ဍာရီပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၀

စာမေးပွဲပြီးသွားသောနေ့။

စာမေးပွဲခန်းမှ အဆောင်ရှိရာသို့ သူဦးတည်လျှောက်လာသည်။ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် အဆောင်ရှေ့ ပတ်ဝန်းကျင်ကို ကြည့်မိ၏။ ကိုဥက္ကာ၏ ကားကို မမြင်ရတော့ မောဟိုက်ဟိုက် ဖြစ်သွားသည်။ ဧည့်ခန်းဆီသို့ အားနွဲ့စွာနှင့် လှမ်းမျှော်ကြည့်မိသည်။ ချစ်သူ အရိပ်အယောင်မျှ မတွေ့ရပါ။ အခန်းရှိရာ လှေကားကိုတက်ရင်း=

"စာမေးပွဲပြီးတဲ့နေ့နော်"

ကိုဥက္ကာအသံက လွင့်မျောလာသလို စာမေးပွဲ အနှောင်အဖွဲ့က သူ လွတ်မြောက်သွားပြီ။ နှစ်ယောက်တည်းဆိုသော အခွင့်အရေးကို သူ့ချစ်သူ တောင်းဆိုခဲ့သည်ပဲ။ ထိုနေ့ကို ရောက်လာခဲ့ပြီလေ။ ရေမိုးချိုးပြီးတော့ အဝတ်အစားလဲကာ အောက်ကို ဆင်းခဲ့သည်။ ဧည့်ခန်းမှာ မထိုင်ရဲသလိုပင် အဆောင်ရှေ့ ဝင်းထဲ ထွက်ကာ သစ်ပင်အောက်က ခုံတန်းမှာ သွားထိုင်နေမိသည်။ ကျောင်းသူတွေက သွားလိုက် လာလိုက်။ ကားတွေကလည်း ဝင်လိုက် ထွက်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းနှင့် သစ်ရွက်တွေပေါ်မှာ ရွှေရည်စတွေ တဖြည်းဖြည်း မှေးမှိန်လာသည်။ မျှော်လင့်ချက်တွေလည်း အားပျော့လာသည်။ သည်လိုသာဖြင့် ညအမှောင်ထဲမှာ ချစ်သူလက်မှ နှင်းဆီပွင့် ကျပျောက်သွားပြီ ထင်ပါရဲ့။

"ကိုဥက္ကာ လက်တွေ ဖြူဖွေးတောင့်တင်း ပါတယ်။
နှင်းဆီတစ်ပွင့်ကို မြဲမြဲကိုင်နိုင်တဲ့စွမ်းအားတွေ ကိုဥက္ကာ
မှာအပြည့်ပါပဲလေ။ သူနှင်းဆီပွင့်ကို မကိုင်ချင်တော့
ဘူးဆိုရင်သာ သူ့လက်ကလှရာရာပန်းကို ရွေးလိုက်ရင်
မြေပေါ်မှာ ပန်းတွေ ပေါပါတယ်။ ဒါပေမင့် မအိမ်
ခေါင်းမှာ နှင်းဆီပန်းကို မပန်တော့ဘူး ကိုဥက္ကာ"

"ဟေး မအိမ်"

ရှယ်ခေါ်သံကြားမှ သူအတွေးမှ လန့်နိုးခဲ့ရသည်။

"မှောင်နေပြီလေ။ ကိုယ့်မှာ ရှာလိုက်ရတာ။ လာ
အခန်းထဲသွားမယ်ရှယ် လင်းရဲ့သတင်းကြားလာခဲ့လို့"

ရှယ်ကြားလာခဲ့သောသတင်းမှာ ကိုဥက္ကာသတင်းဆိုလျှင်ဘယ် လောက်ကောင်းမလဲ။ ဘာပဲဖြစ်ဖြစ်ချစ်သူသတင်းကိုကြားချင်သည်ပဲပေါ့။

ထိုညက စာမေးပွဲပြီးသွားပြီမို့ သူငယ်ချင်းနှစ်ယောက်လွတ်လွတ် လပ်လပ် စကားပြောဖြစ်သည်။ သို့သော် လင်းကို နောက်ဆုံးတွေ့ခဲ့သော ညဦး အကြောင်းကိုတော့ ရှယ်က ပြောရမှာ နှုတ်လေး နေသည်။ ခင်မြလင်းအကြောင်း သိခဲ့ရသည်က မေသဇင်ထံမှဖြစ်သည်။ မေသဇင်က နေ့ကျောင်းသူ၊ လင်းနှင့်ရော ရှယ်နှင့်ပါသိသည်။ မေသဇင်ပြောသည်က ဇန်နဝါရီလထဲမှာ လင်းသူတို့အိမ် ရောက်လာသည် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

“သီလဆိုတာ၊ ကိုယ်နှုတ်များကို
ကောင်းစွာ ထားဖို့၊ စောင့်ရသလေ။
ကိုယ်နှုတ်လုံလျှင်၊ လူယဉ်ကျေးကွဲ့
ကောင်းကျိုးပေးမြဲ အမှန်ပေ။
စိတ်ပါလုံလျှင်၊ ပိုလို့ကောင်းသကွဲ့
ကောင်းသထက်ကောင်းအောင်
ကြိုးစားလေ။
စိတ်ပါလုံအောင်၊ ဘာဝနာပွားဖို့
မြတ်ဘုရားက မိန့်ခဲ့ပေ။
ကိုယ်နှုတ်စိတ်ထား၊ ဤသုံးပါး
လုံခြားချမ်းသာပေ။”

သီလရှင်ငယ်တို့၏ အသံမှာ ပုရဝုဏ်အတွင်းသို့ သာယာစွာ လွင့်ပျံ့လာသည်။ ခင်မြလင်းက လျှောက်နေသော ခြေလှမ်းကို ရပ်တန့်၍ နားထောင်မိသည်။ ကျောင်းဝင်းလေးမှာ အကျယ်ကြီး မဟုတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ရိတ်ဖြတ်ထားသော လယ်ပြင်ကြောင့် အမြင်ရှင်းနေသည်။ ပတ်ဝန်းကျင်မှာလူနေအိမ် မရှိ၍ တိတ်ဆိတ်နေသည်။ မြောက်ဥက္ကလာပ အစွန် ဖြစ်သည်။

ခရေပင်အုပ်အုပ်တွေအောက်မှာ မြေပြင်က ရှင်းလင်းနေသည်။ လယ်ကွင်းဆီမှ တိုက်ခတ်လာသော ဆောင်းလေကြောင့် သစ်ပင်ရိပ်အောက်မှာ ပို၍ စိမ့်နေသည်။ သူသည် ခရေပင်ပင်ခြေရင်း ခုံတန်းမှာ ခေတ္တထိုင်လိုက်၏။ ဘုရားရှိခိုးပြီး သီလရှင်ငယ်တွေ မျက်လွှာချ၍ တန်းစီကာ သူတို့အဆောင်ရှိရာသို့ ဖြေးညှင်းစွာ လျှောက် သွားကြသည်။ သူသည် ဒီသီလရှင်ကျောင်းကို ရောက်သည်မှာ သုံးရက် ရှိပြီ။ သီလရှင်ငယ်တွေလို သူလမ်းလျှောက်၍ မရသေး။ စင်္ကြံ လျှောက်နည်းကို ဆရာကြီးက သူ့ကိုပြောခဲ့ပြီးပြီ။ ထိုင်၍ အားမထုတ်ခင် စင်္ကြံ အရင် သွားဖို့ ဆရာကြီးကပြောခဲ့သည်။ ဆရာကြီးက ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်ကို သိအောင် မှတ်ရမည်ဆိုသည်။ အစကတော့ ဒီလမ်းလျှောက်ရုံလေး လွယ်လွယ်ဟုထင်သည်။ ယခုတော့ ခြေထောက်ကို စိတ်ကမသက်ရောက်။

မေသဇင် တို့မေမေကို တွေ့စဉ်က သူ အကူအညီ တောင်းခဲ့သည်။

"စိတ်ကို ဘယ်လိုထိန်းရမလဲ အန်တီဝင်း"

သူ့စိတ်တွေ အစဉ် ချောက်ချားနေသည်။ မေသဇင့်အမေ ဒေါ်ဝင်းကိုတွေ့တော့ သူ့ရင်ထဲမှာ အားကိုးအားထားမိသလို မေးမိသည်။ သူ၏ ပါးလျှနွမ်းနယ်နေသော ကိုယ်ကိုကြည့်၍ ဒေါ်ဝင်းကတော့ ရောဂါတစ်ခုခု ရနေသည်ထင်သည်။

"စိတ်ငြိမ်အောင် ဥပုသ်စောင့်ရမှာလား။ လင်းက
တစ်ခါမျှဥပုသ် မစောင့်ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



လင်းက စိတ်ငြိမ်နည်းကို မေးနေသည်။

လင်းကို ပြုံး၍ ဒေါ်ဝင်းက ကြည့်သည်။ သူ့သမီး မေသဇင်၏ သူငယ်ချင်းဖြစ်ပေမယ့် လင်းအကြောင်းကို စေ့စေ့စုံစုံ မသိ။

"ဒီလို သမီးရဲ့။ သီလဆိုတာက ကိုယ်နဲ့ နှုတ်ကိုသာ လုံအောင် ထိန်းနိုင်တာ။ စိတ်ပါလုံချင်ရင် ဘာဝနာ ပွားရတယ်။ ဘာဝနာပွားနည်း သိချင်ရင် ဒေါ်ဒေါ်တို့ သီလရှင်ကျောင်းကို လိုက်ခဲ့လေ။ မြို့ထဲကရိပ်သာ တွေနဲ့မတူဘူး။ မြို့ပြင်မှာဆိုတော့ အေးချမ်းတယ်။ ဒီ သီလရှင်ကျောင်းက ဝိပဿနာလည်း အားထုတ် ရတယ်။ နည်းကတော့ မဟာစည်နည်းပါ"

ဒေါ်ဝင်း ပို့၍ သီလရှင်ကျောင်းလေးကို ရောက်ခဲ့ရသည်။ သီလရှင်လေးတွေဆိုတော့ ဓမ္မလင်္ကာအတိုင်း စိတ်ကို လုံခြုံအောင် ထိန်းလိုလျှင် ဘာဝနာပွားရမည့်နည်းကို သီလရှင်ကျောင်းလေးက သင်ပြသည်။

သူရောက်လာတော့ သီလရှင်ကျောင်းလေးကို သဘောကျသလို အရှိသား။ ကျောင်းဝင်းအလယ်မှာ ထရံကာ ဓနိမိုးနှင့် ဇရပ်ကြီးကြီးတစ်ခု ကလွဲ၍ အဆောက်အဦ ကြီးကြီးမားမားမရှိ။ဘေးတစ်ဘက်မှာသီလရှင်များ နေစရာ တန်းလျားရှိသည်။ တစ်ဘက်မှာတော့ ဆွမ်းချက် ကျောင်းနှင့် ဆွမ်းစားစရာနေရာ စုစုပေါင်းမှ သီလရှင်ရော အမျိုးသမီး ယောဂီပါ သုံးဆယ်လောက်ရှိသည်။ ကျန်အဆောင်လေးတွေမှာ ဓနိမိုး ထရံကာ ပဲ ဖြစ်သည်။ အလယ်ဓမ္မာရုံမှာ စုပေါင်းတရားအားထုတ်ရသည်။

သူ့အခန်းမှာ ဆရာလေး ဒေါ်ကုန္ဒာနှင့် နှစ်ယောက်နေရသည်။ မနက်သုံးနာရီ ခေါင်းလောင်းထိုးတော့ ဆရာလေးက သူ့ကိုနိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးကလဲ အစောကြီးရှိသေးတယ်"

"ဘယ်စောမလဲ၊ မျက်နှာသစ်မှာနဲ့ ဘာနဲ့ လေးနာရီ ဓမ္မာရုံ အရောက်သွားရမယ်။ ထ. . . ထ. . . "

သူအတော်စိတ်ပျက်သွားမိသည်။ ဆရာလေးတိုက်တွန်း၍သာ ထရသည်။ မျက်လုံးက မဖွင့်ချင်။ မျက်နှာကိုရေနှင့် ထိမိ၍ နည်းနည်းလန်းသွားသည်။ မျက်နှာသစ် အဝတ်အစားလဲပြီး ဆရာလေးနှင့် လိုက်သွားသည်။ ဓမ္မာရုံထဲမှာ တစ်ခြားသီလရှင်တွေနှင့် အမျိုးသမီးတွေ တရားထိုင်နေကြပြီ။ သူတို့နောက်မှ ဝင်၍ထိုင်သည်။

ဆရာကြီးကတော့ အသက်ရှူတဲ့အခါ ဗိုက်ဖောင်းကြွလာလျှင် "ဖောင်းတယ်" ဟု မှတ်ဟု ဆိုသည်။ ပိန်ကျသွားလျှင် "ပိန်တယ်" ဟုမှတ်ဟု ဆိုသည်။ စိတ်တွေထွက်သွားလျှင်လည်း ထွက်သွားရာကို သိအောင် မှတ်ရမည်ဆိုသည်။ ခင်မြလင်းနှင့် ရိပ်သာတော့ တွေ့ကြပြီ။ မရွှေလင်း ပါတဲ့။ တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှ သူ့စိတ်ကို မထိန်းခဲ့သော မိန်းမ။ ထွက်လိုက်တဲ့စိတ်တွေ မိုးပျံနေသည်။ ကျောင်းရောက်လိုက်၊ ရုံးဆီ ရောက်လိုက်နှင့်။ မရွှေအိမ်ဆီ စိတ်ရောက်လျှင် သူ့ရင်တွေ ခုန်လှသည်။ ပြီးတော့ ကိုစိန်ထွန်းအောင် ငယ်တုန်းက အကြောင်းတွေ၊ မေမေသူ့ကို ကျောင်းပို့စက အော်ဟစ်ငိုတာတွေ၊ စုံလိုက်သည်မှ အစုံ။ အရုဏ်စားချိန်၊ နေ့လယ် ထမင်းစားချိန်မှာလည်း စိတ်ရှုပ်လာသည်။ ဟင်းခတ်ရန် ဇွန်းကို ကိုင်မည်ဟု လှမ်းကတည်းက လှမ်းတယ်၊ လှမ်းတယ်မှတ်။ ဇွန်းကို ထိတော့ ထိတယ်မှတ်၊ ကိုင်တော့ ကိုင်တယ်မှတ်နှင့် အမလေး သူ့ပါးစပ်ထဲ ထမင်းကတော်တော်နှင့်မရောက်။ ထမင်းဝါးတော့လည်း သူမမှတ်နိုင်တော့ပါ။ ဝါး၍ မျိုချလိုက်သည်။ ထမင်းစားပြီး အဆောင်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူအိပ်ရာပေါ် ထိုးလှဲလိုက်သည်။

“ဟဲ့. . လင်း၊ အိပ်မလို့လား။ ပါးစပ်ဆေးလေ”

“ထတော့မှဆေးမယ်၊ အိပ်ဦးမယ်”

“ဟယ်. . . မအိပ်ရဘူး၊ ခဏနားပြီး အဆောင်ပြန် အားထုတ်ရမှာ”

ဒေါ်ကြွန္တာကို သူမျက်လုံးကြီးပြူးကြည့်မိသည်။

“ဆရာလေးရယ်၊ သေရောပေါ့”

“တရားအားထုတ်ရင်း သေတယ်လို့ ဆရာလေးက တစ်ခါမှ မကြားမိပါဘူး”

သူမကျေမနပ်နှင့် ပါးစပ်ဆေး၊ မျက်နှာသစ်ပြီး ခဏနားသည်။ ပြီးတော့ ဓမ္မာရုံဖက်ထွက်သွားသည်။ ဓမ္မာရုံမှာ ငြိမ်သက်စွာ အားထုတ်နေသော ယောဂီတွေမြင်ရတော့ သူအံ့အားသင့်မိသည်။ သူတို့ဘာလို့များ ငြိမ်သက်စွာထိုင်နိုင်ပါသလဲ”

ညနေခေတ္တနားချိန် သူ ဒေါ်ကြွန္တာကို မေးကြည့်၏။

“သိပ်ညောင်းတာပဲ ဆရာလေးရယ်။ ဒီလိုထိုင်ရင်း၊ လျှောက်ရင်းမှတ်တာနဲ့ပဲ နိဗ္ဗာန်က ရရောလား”

“နိဗ္ဗာန်တော့ တစ်ဘဝနည်းနဲ့ မရောက်ပါဘူး။ အခု ဝိပဿနာကိုကြိုးကြိုးစားစားအားထုတ် ပါရမီကလည်း ရှိရင်တော့ ပုဗ္ဗဘာဂ မဂ်လောက်တော့ ဆိုက်နိုင် ပါတယ်။ ဒါပေမင့် နိဗ္ဗာန်သွားတဲ့ လမ်းကတော့ ဒီ ဝိပဿနာလမ်းပဲ။ ကိုယ်က ဆရာညွှန်ပြတဲ့အတိုင်း အသေးစိတ်မှတ်မိနိုင်လေ၊ စိတ်ကငြိမ်ကျလာလေပဲ ရှုမှတ်တဲ့စိတ်နဲ့ အာရုံခံ အာရုံနဲ့တည့်တည့်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြားစိတ် မပျံ့လွင့်တော့ဘူး။ စိတ်အေးချမ်း
တည်ငြိမ်တာပေါ့”

သူသက်ပြင်းကြီးချလိုက်၏။ ဆရာလေးကတော့ ဆက်ပြော၏။

“နည်းလမ်းတကျ အားမထုတ်ဘဲနဲ့တော့ တရားကို
သံသယ မဖြစ်နဲ့လေ။ ဒီတရားကို ရဖို့က
မြတ်စွာဘုရားသခင်ဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း
ပါရမီဖြည့်ခဲ့ရတာ။ သတ္တဝါတွေ အညောင်းမိဖို့တော့
ဒါလောက်ပါရမီဖြည့်ဖို့မလိုပါဘူး”

ဆရာလေးက သူ့ဖွဲ့ကို အားမရပါ သူစိတ်ပျက်လက်ပျက်နှင့် ထွက်သွားသည်။ စင်္ကြံလျှောက်မည်ဆိုကာ ခရေပင်ရိပ်တွေအောက်မှာ လျှောက်ရင်း လယ်ကွင်းပြင်ဘက်ကို ငေးမောနေသည်။ ပြီးတော့ ခရေပင်ရိပ်က ခုံတန်းမှာထိုင်နေသည်။ စိတ်က ကံ့ကော်ပင် အောက်နှင့် အင်းလျားရေပြင် ပေါ်ရောက်နေသည်။ ပြီးတော့ ဒီဇင်ဘာ ၂၄ ရက်နေ့ည။

“ခင်မြလင်း၊ တရားစစ်ခံရမယ်”

ဒေါ်ကြန္တာလာခေါ်တော့ သူလန့်သွားသည်။ ဘာတွေစစ်မှာလဲ။ ခက်ကပြီ။ သူကဘာမျှမှတ်လို့မရ။ စိတ်က အစဉ်ပဲ အပြင်ရောက်နေသည်။

ဓမ္မာရုံအလယ်မှာ သီလရှင် တိုက်အုပ်ဆရာကြီးက ထိုင်နေသည်။ ရှေ့မှာ ယောဂီတွေတရားလျှောက်ကြသည်မှာ စုံနေသည်။သူသေသေချာချာ မှတ်ထား၏။

“ကဲ ခင်မြလင်း၊ ၃ ရက်အတွင်း အားထုတ်တာတွေ
ဘယ်လိုတွေ့ကြုံတယ်ဆိုတာ ပြောပါဦး”

သူသည် ငိုက်နေတာနှင့် စိတ်ပျံ့လွင့် နေတာပဲရှိသည်။ ဒါပေမယ့် ရှေ့ကလျှောက်သွားတာတွေကို သူအကုန်မှတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာတုန်းကလို သူ အကြံအဖန် လုပ်ဖို့စိတ်ကူးရသည်။

"တပည့်တော်    မထိုင်ခင် လမ်းလျှောက်ပါတယ်
ဘုရား လျှောက်တော့ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်
မှတ်နိုင်ပါတယ်ဘုရား။ ထိုင်တော့လည်း ဖောင်းတယ်၊
ပိန်တယ်၊ မှတ်လို့ရပါတယ်ဘုရား။ ဖောင်းတာနဲ့
မှတ်တဲ့စိတ်နဲ့၊ ပိန်တာနဲ့မှတ်တဲ့စိတ်နဲ့၊ တစ်ထပ်တည်း
ကျပြီး ချပ်ခနဲ ချပ်ခနဲ နေတာပဲ။ စိတ်တွေကလည်း
ဘယ်မှ မထွက်ဘူး ဘုရာ့"

အနားမှ ဒေါ်ကြူနွဲ့က မျက်လုံးပြူးနေပြီ။ တရားစစ်နေသော ဆရာကြီးကပြုံးနေသည်။

"အေး. . . အေး. . . အသေးစိတ် အမူအရာတွေမှတ်။
အသေးစိတ် အမူအရာဆိုတာ ဓမ္မာရုံထဲက တရားထိုင်
နေစဉ်မှာတင် မဟုတ်ဘူး၊ မနက် အိပ်ရာက နိုး
ကတည်းက ထလာတာမှတ်။ ခြင်ထောင်ကြိုးဖြုတ်
လည်း လက်ဆန့်သွားပုံ။ ဖြုတ်ပုံမှတ်။ စောင်ခေါက်
တာ၊ မျက်နှာသစ်တာ၊ နောက်ဆုံးကျင်ကြီး ကျင်ငယ်
စွန့်တာကအစ မှတ်ရမယ်။ ဆံပင်ဖြီးဖြီး၊ လုံချည်ပဲ
ဝတ်ဝတ်မှတ်။ ဘယ်လှုပ်ရှားမှုကိုပဲဖြစ်ဖြစ် ဒါလေးဖြင့်
အရေးမကြီးဘူးပါဘူးရယ်လို့ မမှတ်ဘဲ မနေရဘူးတဲ့။
လစ်မသွားပါစေနဲ့တဲ့။ မဟာစည်ဆရာတော်ဘုရားက
မိန့်ကြားဖူးတယ်။ ကဲ သွားနိုင်ပြီ"

ခင်မြလင်းသည် တကယ်လေ့ကျင့်သားရပြီး ယောဂီလို ဆရာကြီး အပါးမှ ထလာခဲ့သည်။ အခန်းအပြင်ရောက်တော့ ဒေါ်ကြူနွဲ့က



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသည်။ သူက ဒေါ်က္ကန္ဒာကို ပြုံးဖြဲဖြဲနှင့် ကြည့်နေသည်။

"ခင်မြလင်း တရားဆက်မှတ်ဦးလေ။ တရားလျှောက်
တုန်းက မှတ်ကောင်းတယ်ဆို"

"အို. . . ရှေ့က ယောဂီတွေ ပြောသမျှ မှတ်ထားပြီး
အကုန်လျှောက်ပြောတာ။ မှတ်ရော၊ ဆရာကြီးကတော့
လင်းကိုအမှတ်ကောင်းကောင်း ပေးမှာ"

ဆရာလေးက ဘာမျှမပြော။ ခင်မြလင်းက တက္ကသိုလ်က ဆရာတွေကို သူတစ်ပတ်ရိုက်သလို သာသနာ့ရိပ်သာမှာလည်း ဆရာကြီးကို တစ်ပတ်ရိုက်သည်။

"တော်ပြီ ဆရာလေး။ ခေါင်းတွေသိပ်ကိုက်တယ်။
တပည့်တော် လှဲလိုက်ဦးမယ်"

သူအိပ်ရာထဲ ထိုးအိပ်သည်။ ခေါင်းကိုက်တယ်၊ ဗိုက်နာတယ် ဆိုတာတွေက စမ်းသပ်လို့ရတာမဟုတ်။

"ရော့. . . ခင်မြလင်း၊ အခိုးပွင့်ဆေး၊ ကွမ်းရွက်ရေနဲ့
သောက်လိုက်။ ခေါင်းကိုက်တာ ပျောက်မယ်"

ဩော်. . . ဆရာလေးနှယ်ဘာမျှမသိတတ်ပါကလား။ တရားအား မထုတ်ချင်လို့ ခေါင်းကိုက်ချင်ယောင်ဆောင်နေခါမှ ကဲ. . .။ ဟန်မပျက် ထထိုင်၍ ခင်မြလင်း အခိုးပွင့်ဆေးကို ရှုံ့မဲ့သောက်သည်။ နောက်နေ့ အရုဏ် တက်လည်း မထတော့။ ခေါင်းကိုက်သည် အကြောင်းပြ၍ ကောင်းကောင်းအိပ်သည်။

တစ်ပတ်ကြာတော့ မေသဇင်တို့အမေ ဒေါ်ဝင်းရောက်လာသည်။ ဆရာကြီးနှင့်တွေ့ပြီးပြီဟုဆိုသည်။

"ဆရာကြီးကို ကန်တော့ရအောင် ခင်မြလင်းလိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဓိပ္ပါယ်နားမလည်။ ဒေါ်ဝင်းနှင့် ဆရာကြီးရှေ့ရောက်သွားသည်။ ရိုသေစွာ ကန်တော့လိုက်သည်။

"ဒေါ်ဝင်းရေ လောကကြီးမှာ အလိမ်ခံရတဲ့လူတွေ အများကြီးရှိတယ်။ ကမ္ဘာ့ဥာဏ်ရှင်ဆရာ ဆရာဟာ အများဆုံး အလိမ်ခံရတဲ့ သူပဲ။ ကဲ . . . ခင်မြလင်းကိုလည်း ခေါ်သွားနိုင်ပါတယ်"

သီလရှင်ဆရာကြီးက အလိမ္မာနှင့် သူ့ကို နှင်လိုက်ခြင်းဖြစ်သည်။ ဆရာကြီး၏ ပညာသားပါသော စကားအတွက် သူဝမ်းနည်းရမှန်းမသိ။ ပြန်ရမည်ဆိုတော့ ဝမ်းသာလိုက်တာ။ ကျောင်းမှာသာဆို ထခုန်လိုက် ပါသေးရဲ့။

မေသဇင်တို့အိမ်ရောက်တော့ ဒေါ်ဝင်းက သူ့ကို ပြောသည်။

"လင်းက တရားလည်း ကောင်းကောင်းအားမထုတ်ဘူး။ စကြံသွားလည်း မျက်လုံးမငြိမ်ဘူးဆို"

အမှန်တော့ တစ်သက်လုံး မငြိမ်ခဲ့သော သူ့မျက်လုံး၊ သားကောင်များစွာကို လျှင်မြန်စွာ ဖမ်းတတ်သော သူ့မျက်လုံးအကြောင်းကို ဒေါ်ဝင်းတို့မှ မသိဘဲ။

"တစ်သက်လုံး လွင့်ပျံ့ပြီး လွှတ်ပေးခဲ့တဲ့ စိတ်တွေကို ရုတ်တရက် ထိန်းချုပ်ဖို့က ဘယ်လွယ်မလဲ။ အချိန်ပေးရတယ်။ ဆရာ့ စကား နားထောင်ရတယ်။ စူးစူးစိုက်စိုက် စေ့စေ့ စပ်စပ် စိပ်စိပ် မှတ်ရတယ်။ စသုံးလုံးကို မမေ့ရဘူး။ တက္ကသိုလ်မှာ စာသင်တာတောင် ဘာသာရပ်တစ်ခုကို အစအဆုံး မသင်ရင် အဲဒီဘာသာရပ်ရဲ့ အကြောင်းကို ဘယ်လိုသိ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။ ဒီတရားက ကိုယ်တိုင်အားထုတ်ရတဲ့ တရား။ ကိုယ်မကြိုးစားရင် တော့ စိတ်ကို ငြိမ်အောင် ထားနိုင်တဲ့နည်း သိမှာ မဟုတ်ဘူး”

ဒေါ်ဝင်းက စေတနာနှင့်ပြောပေမင့် သူသည် ကျောင်းတုန်းက ပဋိစ္စသမုပ္ပာဒ် သင်သည့်အချိန်၊ ဆရာဦးအောင်မိုးကြီးကို သတိရနေသည်။

ပဋိစ္စသမုပ္ပာဒ် ဆိုတာ သံသရာက လွတ်မြောက်ရာ ဆေးချက် ပါပဲ” ဆရာကြီးကပြောပြ၏။

သူက ရှေ့ဆက်၍ ဘာမျှ မကြားတော့။ အိပ်ပျော်သော ဆေးတစ်ခွက်သောက်ရသလို စာသင်ခြင်းမှ လွတ်မြောက်ရာ အိပ်ပျော်ခြင်းသို့ ရောက်သွားတတ်ပါသည်။ ယခုလည်း ဒေါ်ဝင်းတိုက်သော ဆေးကြီးက သူနှင့် မတည့်သောဆေး။ နောက်နေ့မှာတော့ မေသဇင်တို့သားအမိကို နှုတ်ဆက်၍ သူတို့အိမ်မှ ထွက်လာခဲ့သည်။

ထိုနေ့ကစ၍ လင်းနှင့်မတွေ့ရတော့ဟု မေသဇင်ကပြောပြသည်။

မေသဇင့်ဆီက သိရသော လင်းအကြောင်းက ဒါပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

"တကယ်တော့လည်း လင်းဘဝက ကောင်းတောင်း တောင်းပဲ ရှိသ်။ သူ့မှာ ဘယ်သူ့မှလည်း ငဲ့စရာမရှိ၊ သူနေချင်သလို သူ့ဘဝကို နေသွားတာပဲနော်။ မိလင်း တစ်ယောက် တကယ်ဆို ကျောင်းကို တစ်ခေါက် လောက်လာပြီး ငါတို့ကို တွေ့ဖို့ကောင်းပါတယ်"

မအိမ်က တမ်းတမ်းတတပြော ပြော၏။

"အေးပေါ့လေ၊ လောကကြီးမှာ နေချင်သလိုနေသွားရ တယ်ဆိုတာ ကောင်းတော့ ကောင်းတာပေါ့။ ဒါပေမယ့် ကိုယ့်ရဲ့နေပုံနေနည်းဟာ ပတ်ဝန်းကျင်ကို မထိခိုက်ဖို့တော့ သတိထားသင့်တာပေါ့"

"ပတ်ဝန်းကျင်ဟာ သူ့ကြောင့် ဘာများ ထိခိုက်စရာ ရှိလို့လဲ"

"မပြောတတ်ဘူးလေ။ မထိခိုက်ပါစေ နဲ့လို့ဘဲ ဆုတောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လင်းအကြောင်းကမှ သတင်းသဲ့သဲ့ကြားရသေးတယ်
ကိုဥက္ကာအကြောင်းက ဘာမှလည်းမသိရဘူး"

မရွှေအိမ်က နှုတ်မှ ဖွင့်ညည်းတော့ ရှုသ်ရင်ထဲမှာ ဆွေးဆွေးမြေ့မြေ့ကြီး ဖြစ်သွားသည်။ ခရစ္စမတ်အပြီး ကျောင်းပြန်ဖွင့်ပြီးသော တနင်္ဂနွေနေ့ ညနေတွေမှာ မရွှေအိမ်မျှော်သလို သူလည်း ကိုဥက္ကာကို မျှော်မိသည်။ ဘာပဲဖြစ်ဖြစ် ညနေစောင်း သူ ရစ်ချတ်နှင့် အတူ လမ်းလျှောက်ထွက်သွားချိန်မှာ မရွှေအိမ်တစ်ယောက် မယ်ခုမျှော် ဇာတ်ထုပ်ခင်း၍ အထီးကျန်ရစ်ခဲ့သည်ကို သူမကြည့်ရက်။ ဒါကြောင့်နောက်ပိုင်းညနေခင်း လမ်းလျှောက်ထွက်ချိန်တွေမှာ မရွှေအိမ်ကို အပါခေါ်ခဲ့ရသည်။

မန္တလေးဆောင်၏ဧည့်ခံပွဲမှာ ကိုဥက္ကာ ကို မရွှေအိမ်စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုညက မရွှေအိမ့်ဘဝကို ပြောင်းလဲစေခဲ့သော ည၊ သူက ဒုတိယနှစ်ကတည်းက ရစ်ချတ်နှင့် တွဲခဲ့၍ လင်းကတော့ ထည်လဲနှင့် အမျိုးမျိုးဇာတ်ထုပ်ခင်းချိန်မှာ မရွှေအိမ်ဆိုသောမိန်းကလေးက အေးအေးငြိမ်ငြိမ် သူ့ဘဝလေးထဲမှာ ကုတ်ကုတ်လေး နေခဲ့သူ။

မန္တလေးဆောင်ည၏ နောက်ဆက်တွဲ အကျိုးဆက်ကြောင့် မရွှေအိမ်တစ်ယောက် တနင်္ဂနွေ ညနေတိုင်း ကိုဥက္ကာကို ဆင်းတွေ့ဖို့ အချိန်ပေးလာတတ်သည်။

"မအိမ် မင်းအတွက် ဒီအချိန်ဟာ ပြန်လည်အားဖြည့်
တဲ့အချိန်ပဲ။ မင်းစိတ်တွေကို အစဉ်ထိန်းချုပ်ပြီး
စာမှာပဲ စူးစိုက်ထားတာ။ ကိုဥက္ကာနဲ့ တွေ့တဲ့အချိန်ဟာ
မင်းစိတ်အပန်းဖြေခွင့် ရတာပေါ့"

ကိုဥက္ကာနှင့် မရွှေအိမ်ကို အဆောင်ဧည့်ခန်းမှာ တွေ့ရတာ ရှုသ်ကဝမ်းသာကြည်နူးစွာ ပြောခဲ့သည်။ ယခုတော့ ကိုဥက္ကာပေါ် ပတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူနှင့်ကိုဥက္ကာ တွေ့လိုက်ရသည်က ခရစ္စမတ်အကြို ဒီဇင်ဘာ ၂၄ ရက်နေ့ညမှာပဲ။ ဒီကတည်းက ခင်မြလင်းကိုရော ကိုဥက္ကာ ကိုပါ သူမတွေ့ရပါ။ ဒီခရစ္စမတ်အကြိုနေ့ ညစာစားပွဲ အကြောင်း မအိမ်ကို သူပြန်ပြောဖို့ နှုတ်လေးနေသည်။ ဒါပေမယ့် မေသဇင့်စကားအရဇန္နဝါရီလ ထဲမှာ ခင်မြလင်းကို ရိပ်သာမှာ တစ်ယောက်တည်း တွေ့ရသည်ဆိုတော့ ကိုဥက္ကာပျောက်ချက်သားကောင်းနေခြင်းမှာ ဒီဇင်ဘာ ၂၄ ရက်နေ့နှင့် ဘာမျှ မပတ်သက်ပါစေနှင့်ဟု သူဆုတောင်းမိသည်။

"ကိုဥက္ကာလေ မအိမ်ကို စာမေးပွဲပြီးတဲ့နေ့ လာခေါ်မယ်တဲ့"

တစ်ဖက်ကုတင်မှ မရွှေအိမ့်စကားကြောင့် သူ အတွေးရပ်သွားသည်။ သူသည် အိပ်မက်မက်သလို ထထိုင်မိသည်။ မရွှေအိမ်ကို ဘာပြန်ပြောရမှန်းမသိ။ ဒါကြောင့် တစ်ညနေလုံး မရွှေအိမ်ချစ်သူကို မျှော်နေရှာခြင်းဖြစ်သည်။

"ညဉ့်နက်ပြီလေအိပ်ကြစို့။ နက်ဖြန်ဆို တို့စာမေးပွဲတွေ ပြီးပြီပဲ သူတို့သတင်းကို စုံစမ်းဖို့အချိန်ရပါတယ်"

ရှင်သည်ဘာကြောင့်"သူတို့" ဟူသောဝေါဟာရကိုစုပေါင်း၍ပြော လိုက်မိသည်မသိ။ သူ့စကားအဓိပ္ပါယ်ကို မအိမ်သံသယရှိလေမည်လား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၃

နောက်နေ့မနက်မှာ သူငယ်ချင်း နှစ်ယောက် စကားများများ မပြောဘဲ ကိုယ့်ပစ္စည်းကိုယ် သိမ်းနေကြသည်။ အမှန်တော့ ရှသ်က အခိပ္ပါယ်ရှိသည်။ မိုးကုတ်က သူ့အိမ်ကို ပြန်ရန် ဖြစ်သည်။ ဒါကြောင့် သွက်လက်စွာ ပစ္စည်းတွေကို ရှင်းလင်းသိမ်းဆည်းနေသည်။ မရွှေအိမ် ကတော့ သိမ်းသာ သိမ်းနေရသည်၊ ရည်ရွယ်ချက်ကမရှိ။ ဘယ်ကိုပြန်ရပါ့။ မရွှေအိမ်ဆိုသောသူမှာ နာမည်က မရွှေအိမ် ဆိုပေမင့် အိမ်မရှိပါ။ နှလုံးသားနှင့် ဆောက်ထားသော အိမ် လည်းမရှိပါ။ လက်နှင့်ဆောက် ထားသော အိမ်လည်း မရှိပါ။ ပညာရှိတွေကတော့ ဆိုပါသည်။

Home is made by Heart,
House is made by Hand.

နှလုံးသားနှင့် ရစ်ပတ်ဖွဲ့နှောင် တည်ထောင်ထားသည့် အိမ်လေး လည်း အမေမရှိတော့ ပျက်သုဉ်းသွားပြီ။ ချစ်သူနှင့် ပြန်လည်ဖွဲ့စည်းမည့် မယ့်သည်းအိမ်ကို တည်ဆောက်ဖို့ကလည်း ချစ်သူက ပျောက်နေပြီ။

လက်နှင့် သစ်ဝါးတွေသုံးကာ ဆောက်ခဲ့သော အိမ်ကလည်း ကိုကို

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုကို့အသိုင်းအဝိုင်းတွေကြောင့် ပျက်စီးသွားခဲ့ပြီ။ အိမ်မရှိသောအခါမှ အိမ်၏တန်ဖိုးကို သိနားလည်ရပါသည်။

Home Home Sweet Sweet Home.

There's no place like Home.

There's no place like Home.

ငယ်ငယ်တုန်းက အင်္ဂလိပ်ဆရာမ သင်တန်းတွင် တစ်တန်းလုံး ဟစ်အော်ဆိုခဲ့ရသော သီချင်းလေး။

အိမ်. . . ချမ်းမြေ့သောအိမ်။

အိမ်. . . ကြည်နူးဖွယ်အိမ်။

အိမ်. . . ချိုမြိန်သောနှလုံးသားရစ်ဖွဲ့ထားသောအိမ်။

ကမ္ဘာမှာ အိမ်လို ချမ်းငြိမ်းသောနေရာ မရှိနိုင်ပါ။ အိမ်နှင့် ပတ်သက်၍ ကိုဥက္ကာက စတင်တွေ့ကြသည့်ညက သူ့ကို ပြောခဲ့ပါသည်။

"ရွှေအိမ်ကြီးနဲ့နေလို့ မရွှေအိမ်လို့ နာမည်မှည့်ထားတာ ထင်ပါရဲ့" တဲ့။

မရွှေအိမ်မှာ တကယ်တော့ သက်ငယ်လေးနဲ့တောင် ဖွဲ့ချည်ထားသော အိမ်မရှိပါ။ မရွှေအိမ်သည် သေတ္တာရှင်းရာမှာ လင်းပေးသော လုံချည်ကို ထုတ်လိုက်၏။ မန္တလေးဆောင်၏ ညစာစားပွဲမှာ ဝတ်သော လုံချည်၊ ပိုးတွန့်အစိမ်းရင့်ပေါ်မှာ ရွှေမျှင်တွေယှက်သန်းလို့။

"ရှင်ရယ် မအိမ် ဒီလုံချည်ကို ဝတ်လည်းမဝတ်ချင်ဘူး လိုလည်းမလိုချင်တော့ဘူး။ ရှင်ယူထားပါ။ ကိုဥက္ကာနဲ့ ပထမဆုံးတွေ့တဲ့ညက ဝတ်တဲ့လုံချည်"

မအိမ်ပြောပုံက မျှော်လင့်ချက် ပျောက်ဆုံးနေဟန် မအိမ် လှမ်းပေးသော လုံချည်ကို ရှင်က ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လင်း ပေးသွားတာ ရှုသ်မှာလည်း တစ်ထည်ရှိနေ
တာပဲ"

"မအိမ် မလိုချင်တော့ဘူး"

မအိမ်သည် ဘာမျှမလုပ်တော့ဘဲ ကုလားထိုင်ပေါ် ထိုင်လိုက်၏။

"ပစ္စည်းတွေကို ဟုတ္တိပတ္တိ သိမ်းနေလိုက်တာ မအိမ်
မှာ ပြန်စရာအိမ်မှမရှိဘဲ"

မရွှေအိမ်၏ အသံသည်လည်း ဦးတည်ရာမဲ့နေသလိုပင်။

"ရှုသ် တို့အိမ်ကို လိုက်ခဲ့ပါလား။ မာမီတို့ကလည်း
ဝမ်းသာမှာပါ"

ရှုသ်က မရွှေအိမ်၏လက်ကိုဆွဲယူ၍ အားပေးနေသည်။ မရွှေအိမ်ကပါးစပ်နှင့် မဖြေဘဲ ဖြည်းညင်းစွာ ခေါင်းခါလိုက်ပါ၏။

"အောင်စာရင်းထွက်ချိန်လည်းစောင့်ရဦးမယ်"

"မိုးကုတ်ကနေ တို့များနှစ်ယောက်စောင့်ပေါ့"

"မဖြစ်သေးပါဘူး ရှုသ်ရယ်"

မရွှေအိမ်သည် လေးလေးတွဲ့တွဲ့ပြောလိုက်၏။ အပြင်မှာနွေဦးလေက ဝှေ့ယမ်းလိုက်တိုင်း သစ်ရွက်ခြောက်လေးတွေ ခြေဦးတည်ရာ ပြေးနေကြသည်။ သူလည်းဘယ်ပြေးရမှန်း မသိ။

သူတို့အခန်းဝမှ သူငယ်ချင်းတစ်ယောက် လာရပ်သည်။

"အောက်မှာ ကားနဲ့လူတစ်ယောက် စောင့်နေတယ်
ဒီစာလည်း ပေးလိုက်တယ်"

မရွှေအိမ်သည် စာကို ကမန်းကတန်း ယူကြည့်လိုက်၏။ စာက ရှုသ်ကို လိပ်တပ်ထားသည်။

ရှုသ်ကဖောက်ဖတ်လိုက်တော့ -



www.burmeseclassic.com

www.burmeseclassic.com



**ရှယ်**
**ဒီကားနဲ့လိုက်ခဲ့ပါ။ လင်းနဲ့တွေ့ရအောင်။ အချိန်မရှိ**
**တော့ဘူး။**

**ခင်ဆွေအောင်**

"မအိမ်. . ခင်ဆွေအောင်. . . ဒေါက်တာခင်ဆွေအောင်၊
ငါတို့အသိ ရော့ရော့. . "

မအိမ်ကို စာလှမ်းပေးလိုက်၏။ သူတို့နှစ်ယောက် အဝတ်ပင် မလဲတော့ဘဲ လာခေါ်သော ကားနှင့်လိုက်သွားသည်။

ကားက ဗဟိုအမျိုးသမီးဆေးရုံကြီးထဲ ချိုးဝင်လိုက်သည်။ ဒေါက်တာခင်ဆွေအောင်က သူတို့နှစ်ယောက်ကို အဝင်ဝမှ စောင့်ကြို နေသည်။

"လာ. . . လာ. . . ညကတည်းက ရှယ်တို့ကို ခေါ်ခိုင်း
နေတာ မရွှေအိမ်ဆိုတာကောပါလား"

ခင်ဆွေအောင်က ရှေ့ကလျှောက်ရင်းပြော၏။

"သူက မရွှေအိမ်" ရှယ်ကဆိုသည်။

"ဒီအခန်းပဲ။ လင်းကို တမင်ဒီအခန်း မှာ
ခင်ဆွေအောင် ထားတာ"

အခန်းထဲမှာ ခင်မြလင်းတစ်ယောက်တည်း။ ဝါခြောက်နေသော အသားအရေနှင့် ကုတင်ပေါ်မှာ ပက်လက်ကလေး၊ သွေးပုလင်းတန်းလန်း က လက်မှာကပ်လျက်။ မောလျစွာ အသက်ရှူရင်းက သူတို့ကို ဆီးကြို သော အကြည့်နှင့် ကြည့်နေသည်။ ဟိုတုန်းက လင်း၏ အလှအပတွေ ဘယ်ရောက်သွားသည် မသိ။

"မအိမ်. . . မအိမ်. . . "



www.burmeseclassic.com

www.burmeseclassic.com



လေသံသဲ့သဲ့နှင့် ရေရွတ်နေသည်။

"တို့များရောက်ပြီလေ။ ဒီမှာ မအိမ်"

ရှယ်က ခုတင်ဘေးမှာရပ်ကာ ပြောလိုက်၏။

"မင်းတို့ကို စကားပြောနိုင်အောင် ခင်ဆွေအောင်က ဆေးထိုးပေးထားတယ်။ စောင့်လိုက်ရတာ သူငယ်ချင်းတို့ရယ်"

တစ်လုံးချင်းပြောနေသည်။

"ပြောတော့ ပြောတာပေါ့၊ မောမယ် ဖြေးဖြေးပြော"

မအိမ်က လင်းပါးနားကပ်ကာ ပြောလိုက်၏။

"ဆုံးအောင် ပြောနိုင်ကောင်းပါရဲ့"

ယဲ့ယဲ့လေးအားယူပြုံးနေသော လင်းကို သူတို့နှစ်ယောက် မကြည့်ရက်။ ဟိုတုန်းက ဟက်ဟက်ပက်ပက်၊ ရက်ရက်စက်စက် ရယ်တတ်သော သူ။ ရွှန်းပဝင်းလက်သော မျက်လုံးများနှင့် ပတ်ဝန်းကျင်ကို ဖမ်းစားတတ်သော သူ။ ယခု မျက်လုံးများကတော့ အလင်းရောင်မှေးမှိန်လွန်းပါသည်။ လှုပ်ရှားနေသော နှုတ်ခမ်းတွေကလည်း သွေးရောင်မရှိတော့။

"ဒီဇင်ဘာ ၂၄ ရက်နေ့ညလေ။ ခရစ်တော်က ၂၅ ရက်နေ့မှာမွေးတယ်။ ခရစ်တော်မမွေးခင် စေတန် (Satan) နတ်ဆိုးက အရင်မွေးတယ်။ အဲ အဲ. . . "

လင်း စကားမဆက်နိုင်။ မအိမ်က အဓိပ္ပါယ်နားမလည်သော်လည်း ဒီဇင်ဘာ ၂၄ ရက်ဟူသော အသံကို ကြားကြားချင်း ရှယ်တစ်ယောက်ကတော့ အကြောထဲမှာ လည်ပတ်နေသော သွေးတွေ စိမ့်ခဲသွားသလို တောင့်သွားသည်။ ဒီညအကြောင်းကို မအိမ်အား သူ မပြောခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဆွေအောင် . . . သူတို့ကို . . . " လင်းအသံထွက်မလာတော့။ ခင်ဆွေအောင်က လင်းနားနားကပ် ပြောလိုက်သည်။

"လင်းဘာမှမပြောနဲ့၊ သူတို့ကို ခင်ဆွေအောင်ပြောပြ
မယ်၊ ကောင်းကောင်းနား"

လင်းဘာမှ ဆက်မပြောနိုင်တော့ပါ။ အသက်ပြင်းစွာရှူနေသည်။ အမောသက်သာအောင် ခင်ဆွေအောင်က ဆေးတစ်လုံးထိုးပေးသည်။ ပါးစပ်မှ ချွဲတွေ စီးကျလာသည်။ မအိမ်က စက္ကူပါးလေးနှင့်ခံ၍ သုတ်ပေးသည်။ တဖြည်းဖြည်း အသက်ရှူနှေးလာကာ ပါးစပ်ကလေး ဟသွားသည်။ သူငြိမ်သက်သွားတော့ မရွှေအိမ်ကို ငေးစိုက်ကြည့်နေသလိုပင်။

လင်းမျက်လုံးကို မရွှေအိမ်က လက်နှင့်အသာပိတ်လိုက်သည်။

"မအိမ်ကို စိုက်ကြည့်မနေပါနဲ့ လင်းရယ်"

ပင်ကိုကဝမ်းနည်းစိတ်တွေရှိသူမို့မအိမ်သည် ရှိုက်၍ငိုလိုက်သည်။ ရှသ်က မရွှေအိမ်ကို ဖက်ရင်း သူ့ပါးမှာလည်း မျက်ရည်တွေစီးကျနေသည်။

"စာကျက်လိုက်ဟေ့ သူငယ်ချင်းတို့ရေ။ ငါတော့
ခရစ်တော်၌ အိပ်ပျော်လိုက်ဦးမယ်"

ကျောင်းမှာတုန်းက သူတို့ စာကျက်နေသော ညတွင် လင်းတစ်ယောက် ရွှတ်တွတ်တွတ်ပြော၍ အိပ်ရာဝင်ခဲ့သည်။ ယခုတော့လည်း တစ်ကယ်ပင် လင်းတစ်ယောက် ခရစ်တော်၌ အိပ်ပျော်သွားရှာလေပြီ။

"ကဲ . . . ရှသ်တို့ ကိုယ့်အခန်းကို လိုက်ခဲ့ပါ။ လင်းက
ဆေးရုံရောက်စ သူ့အကြောင်းတွေ ရှသ်တို့ကို
ပြောပြပါ ဆိုပြီး ပြောပြတယ်။ ဒီကတည်းက
စကားပြောနိုင်ပေမယ့် အခြေအနေက မကောင်းဘူး။
သွေးက သိပ်လွန်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်တော့ ခင်ဆွေအောင် က မိစ္ဆာနတ်ဆိုး မွေးဖွားသော ညအကြောင်း ပြောပြပါသည်။



www.burmeseclassic.com

# အခန်း ၁၄

ဒီဇင်္ဘာလ ၂၄ ရက်နေ့ညမှာ လမင်းက ထိန်ထိန်သာနေသည်။ မီးလုံးရောင်စုံတွေနှင့် ရုသ်အဒေါ်ခြံထဲမှာ အပြည့်။ စားပွဲမှာ ထိုင်ရင်း ရုသ်နှင့်စကားပြောနေသော ကိုဥက္ကာကိုကြည့်ကာ နတ်ဆိုးလေးက လင်းရင်ထဲမှာ မွေးဖွားခဲ့သည်ဆိုသည်။

ထိုညက ကိုဥက္ကာသည် တိုက်ပုံအဖြူနှင့် ယောလုံချည် ဝတ်ထားသည်။ မအိမ်နှင့် စတွေ့သော မန္တလေးဆောင် ညစာစားပွဲတုန်းကလိုပါပဲ။ ရုသ်အဒေါ်၏ ညစာစားပွဲမှာ အရက်တော်တော်စုံစုံနှင့် ဧည့်ခံသည်။ ကိုဥက္ကာက နည်းနည်းပဲသောက်သည်။

လင်းအကြောတွေမှာ နတ်ဆိုးသွေးတွေက စီးဆင်းလာသည်။

"ကိုဥက္ကာ လင်းကို လိုက်ပို့ရမယ်နော်"

အစက အစီအစဉ်မရှိ၍ ရုသ်ပင်အံ့သြနေသည်။ မပို့ပို့အောင် ဇွတ်ပြောနေ၍ ကိုဥက္ကာက လိုက်ပို့မည်ဆိုသည်။ လင်းက ရုသ်ကိုပင် ကိုဥက္ကာပို့ပေးဖို့ အကူအညီတောင်းလိုက်သည်။ ထိုည အပြန်မှာ ကိုဥက္ကာကို အဆောင်ပြန်မပို့ခိုင်းဘဲ လင်းက သူ့အဒေါ်အိမ်ကို ပို့ခိုင်းသည်။

www.burmeseclassic.com



သူ့အဒေါ်အိမ်က ဘောက်ထော်ထဲမှာတဲ့။ သစ်သားအိမ်လေး. တစ်အိမ်ရှေ့ ရောက်တော့ ကားရပ်ခိုင်းသည်။

"ကိုဥက္ကာဆင်းပါဦး။ ဒေါ်ဒေါ်နဲ့ မိတ်ဆက်ပေးချင်လို့"

ကိုဥက္ကာဆင်းလာ၍ အိမ်ဝရောက်တော့ ဘယ်သူမှ အိမ်ထဲမှာ မရှိပါ။

"ဒေါ်ဒေါ်အပြင်သွားနေတယ်ထင်တယ်။ ကိုဥက္ကာ အိမ်ထဲဝင်ပြီး ခဏလေးစောင့်ပါ။ လင်းတစ်ယောက် တည်း မနေရဲဘူး။ လင်းမှာ သော့တစ်ချောင်းရှိတယ်။ တံခါးဖွင့်လိုက်မယ်"

"မဖြစ်ဘူးထင်တယ် လင်း၊ ညဉ့်နက်ပြီ"

"အို. . . လင်းတော့ တစ်ယောက်တည်း မနေရဲဘူး။ ကိုဥက္ကာ အိမ်ထဲမဝင်ရင် လင်း ကားထဲမှာ ထိုင်နေ မှာပဲ ကိုဥက္ကာ သွားရာလိုက်မှာ"

ဒီနည်းနှင့် ကိုဥက္ကာကို အိမ်ထဲရောက်အောင် လင်းကသွင်းလိုက် သည်။ လင်းသည် သောက်စရာ ယမကာတွေနှင့် ကိုဥက္ကာကို ဧည့်ခံသည်။ ကိုဥက္ကာလည်း တော်တော်လေးသောက်ဖြစ်သွားသည်။

"မအိမ်က ပြောမပြဘူးလား လင်းသွားချင်တဲ့နေရာ တွေကို ကိုဥက္ကာလိုက်ပို့ပါဆိုတာလေ"

"မပြောပါဘူး"

အရက်ခွက်ကို နှုတ်ခမ်းမှာတေ့ရင်း ကိုဥက္ကာ ကပြောသည်။

"ကိုစိန်ထွန်းအောင်နဲ့ တွဲတာမကြိုက်ဘူးဆို"

"မသင့်တော်လို့ပါ"

"လင်းက တရားဟောတဲ့သူကို သိပ်မုန်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တရားဟောတာ မဟုတ်ပါဘူး ဗျာ။ အန္တရာယ်ရှိလို့"

လင်း က ဟက်ဟက်ပက်ပက် ရယ်သည်။

"ဒီလိုဆို လင်းကို အန္တရာယ်က ကယ်တင်မှပေါ့။ ဆရာကြီးရဲ့။ လင်းကလေ. . . . "

လင်းသည် ကိုဥက္ကာကိုယ်ပေါ် ညွတ်လိုက်၏။ ရှုနယ်ရနံ့တွေက ကိုဥက္ကာကို မိန်းမူးသွားစေသည်။ အရက်ကလည်း ရီဝေလာသည်။ လင်းက သူ့အတတ်ပညာတွေနှင့် သားကောင်ဖမ်းဖို့ အစွမ်းကုန်ပြင်သည်။ နတ်ဆိုးက ကောင်းကောင်း ကူညီလေတော့ ထိုညက ကိုဥက္ကာသည် လင်းနှင့်အတူအိပ်သည်။ ဘယ်အခေါ်မှမလာပါ။

ကိုဥက္ကာသည် အရက်ရှိန်နှင့် သတိလစ်နေစဉ်မှာတောင် မရွှေအိမ်၏ သနပ်ခါးရေကျဲကို တမ်းတနေသည်။ လင်းကတော့ ကျေနပ်နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ သည်လို လူမျိုးတွေကို ချွတ်လိုက်ရ၍ သူ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသည်။

ကဲ. . . . ဘာများတတ်နိုင်ပါဦးမည်နည်း။

နံနက်မိုးလင်းတော့ ကိုဥက္ကာမရှိတော့ပါ။ ညက အပြတ်ချွတ်လိုက်ရ၍ လင်းရင်ထဲမှာ ဖြစ်လာသော ဝမ်းသာစိတ်တွေ ဘယ်ရောက်သွားသည်မသိ။ ကိုဥက္ကာကို တမ်းတလာသည်။ ပြင်းပြသော တပ်မက်စိတ်နှင့်ရင်တွေခုန်လိုက်တာ။ ကိုဥက္ကာမှာ ကိုစိန်ထွန်းအောင်နှင့် မတူတာတွေ အများကြီးရှိသည်။ ယခုတော့ သူ ဘာကြောင့်မှန်းမသိ၊ ငိုမိသည်။ ယောကျ်ားတစ်ယောက် အတွက်နှင့် မျက်ရည်မကျဖူးသော လင်း၊ ကိုဥက္ကာကို နံနက်ခင်းမှာ မတွေ့ရ၍ ငိုမိသည်။

ဒီအိမ်သည် ကိုစိန်ထွန်းအောင်နှင့် စတည်းချသောအိမ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်အပတ်တွေ ကိုစိန်ထွန်းအောင် လာပေမယ့် သူ့ရင်ထဲက ရမွက်၏ ဆာလောင်မှုတွေကို အနည်ကျအောင် ကိုစိန်ထွန်းအောင်က မစွမ်းနိုင်။ ကိုဥက္ကာကိုလည်း သူ သတင်းအစအနမှ ရှာမရ။

ဒါပေမင့် သူ့အတွက် ဆက်လက်ရှင်သန်နိုင်ဖို့ ကိုစိန်ထွန်းအောင်ကို အပိုင်ချည်ရမည်။ နောက်ပိုင်းညတွေမှာ ကိုစိန်ထွန်းအောင် မှန်မှန် လာအိပ်သည်။ တစ်နေ့ထက်တစ်နေ့ သူ့စိတ်ထဲမှာ ကိုစိန်ထွန်းအောင်ကို ခပ်ပေါ့ပေါ့ဖြစ်လာသည်။

ကိုစိန်ထွန်းအောင် မလာနိုင်သောနေ့မှာ သူ၏ ယောက်ယက်ခတ်နေသော စိတ်ကို တည်ငြိမ်အောင် မေသဇင်တို့ အမေ့အိမ်သွား၍ အကူအညီတောင်းခဲ့ခြင်း ဖြစ်သည်။

နတ်ဆိုးကို ရင်မှာမွေးဖွားသူက ကမ္မဋ္ဌာန်းကျောင်းမှာ ကမ္မဋ္ဌာန်းဆရာကို တစ်ပတ်ရိုက်၍ အိမ်ပြန်လာခဲ့သည်။ မေသဇင်တို့ အိမ်က ထွက်လာပြီး ကိုစိန်ထွန်းအောင်ကို သူက အတိအလင်း လက်ထပ်ဖို့ပြောသည်။

နောက်နေ့နံနက် မိုးလင်းတော့ ကိုစိန်ထွန်းအောင် သူ့ဘေးမှာ မရှိတော့ပါ။ သူ့ခေါင်းအုံးဘေးမှာ တစ်သောင်းတန် ချက်လက်မှတ် တစ်စောင်သာ တွေ့ရသည်။ ထိုနေ့မှစ၍ ကိုစိန်ထွန်းအောင်ကိုလည်း သူမတွေ့ရဟု ဆိုသည်။

ခင်ဆွေအောင် က လင်းပြောသမျှကို ဤတွင်ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

မရွှေအိမ်က နားသာထောင်နေရသည်။ သူ့နှလုံးသားတွေက တစ်စစီကြွေကြွေသွားသလို နင့်၍နင့်၍ နာကျင်လာသည်။ သူ့မျက်လုံးတွေက ရှည်မျက်နှာကို ငေးကြည့်နေသည်။ ရှည်နားလည်ပါသည်။ မရွှေအိမ်မျက်လုံး၏အဓိပ္ပါယ်။

"ရှည်ရယ် ဒီဇင်ဘာ ၂၄ ရက်နေ့ည အကြောင်း
ရှည်သိသလောက် မရွှေအိမ် ကို ပြောသင့်ပါတယ်"

ယခုတော့လည်း ဒီဇင်ဘာ ၂၄ ရက်နေ့၌ လင်းရင်မှာ မွေးဖွားလာသော နတ်ဆိုးက မရွှေအိမ်၏ မယ့်သည်းအိမ်မှ ချစ်မီးအိမ်လေးကို ငြိမ်းသတ်ပစ်လိုက်ပါပကော။

အလင်းမဲ့ မီးအိမ်ကို ထုချေရိုက်ခွဲပစ်လိုက်သည်မှာ တစ်စစီကွဲရှ ကြေမွလျက် တော်ပါပေသည်။ " ယောကျ်ားတစ်ယောက်ကျစေချင်ရင် ရှုနယ်ရေမွှေးဆွတ်၊ ရှုန်ပိန်တိုက် " တဲ့။ လင်းတစ်ယောက် အပြောနှင့် အလုပ် ညီပါပေသည်။ သူ့လမ်းစဉ်နှင့် ကိုဥက္ကာကို အပိုင်ခြွေခဲ့သော်လည်း သေမင်းကိုတော့ ရှုန်ပိန်တိုက်၍ မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှုသ် ရင်ထဲမှာတော့ ကမ္ဘာ့ဌာန်းကျောင်းကိုတောင် သွား၍ သီလရှင် ဆရာကြီးကို လိမ်ရဲသော လင်းတစ်ယောက် သူ့ဆန္ဒအတိုင်း ခရစ်တော်မှာ အိပ်ပျော်သွားပြီ။ ကောင်းကင်ဘုံမှာရှိသော ဘုရားသခင် ရှေ့ရောက်လျှင် သူ့အပြစ်များကို ဝန်ခံဖြောင့်ချက်ပေးပါက အမှန်အတိုင်း ပြောမှ ပြောပါမည်လား။ ကောင်းကင်ဘုံမှာတောင် ဘာတွေ လိမ်ရှုပ်နေဦးမည်မသိ။

ခင်ဆွေအောင်ထံမှ ပြန်လာပြီး အဆောင်ရောက်တော့ ရှုသ်က မရွှေအိမ်ကို တောင်းပန်နေသည်။

ဒီဇင်ဘာ ၂၄ ရက်နေ့ညအကြောင်း မအိမ်ကို ရှုသ်ဖွင့်မပြောခဲ့တာ ခွင့်လွှတ်ပါ။ အမှန်တော့ အဲဒီနေ့ည ညစာစားပွဲကိုတော့ ရှုသ်ဖိတ်တာအမှန်ပါပဲ။ ကိုဥက္ကာကိုလည်း ဖိတ်လိုက်ပြီး ညစာစားပွဲကို လင်းနဲ့ ရှုသ် ကိုဥက္ကာကားနဲ့ သွားကြတာ အန်တီတို့အိမ်မှာ ရှုသ်နဲ့လင်း အိပ်ဖို့ အစီအစဉ်ရှိပါတယ်။ ညကိုးနာရီလောက်မှ လင်းက သူ့အဒေါ်ဆီ လိုက်ပို့ရမယ်လို့ ကိုဥက္ကာကို ပြောလာတာ။ ရှုသ်လည်းနားမလည်ဘူး။

"တော်ပြီ ရှုသ်၊ မအိမ်အားလုံး နားလည်ပါတယ်"

"အဲဒီနေ့ကစပြီး နှစ်ယောက်လုံးမတွေ့ရတော့ စိတ်ထဲမှာ သံသယတော့ ဖြစ်မိတယ်။ ဒါပေမင့် ဘာဖြစ်ကြတယ်လို့ မသိတော့ ရှုသ်မထင်ရဲဘူး။ မစွပ်စွဲရဲဘူး။ မအိမ်ကို ပြောမပြရက်ဘူး"

"ပြောပြလို့လည်း မအိမ်တို့က ဘာလုပ်နိုင်မှာလိုက်လို့ ရှုသ်ရယ်။ မအိမ်လည်း မထင်ရက်ပါဘူး။ လင်းရဲ့ မြေမနင်းလိုက်ရတဲ့ ကလေးဟာ ဘယ်သူ့ ကလေးလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိပါ့မလဲ။ သူ့ပြဿနာကို သူလက်စသိမ်း ဖြေရှင်းသွားတာကိုး။ သူဖြေရှင်းပုံကလည်း ဘယ်သူမျှ ခွင့်မလွှတ်နိုင်တဲ့ လုပ်ရပ်မျိုးပဲ"

"ဆန္ဒနောက်ကို ကောက်ကောက်ပါအောင် လိုက်ပြီး နောက်ဆက်တွဲ အကျိုးဆက်ကို ခံရဖို့ကျတော့ ဒီလို သတ္တိနည်းတာ မကောင်းပါဘူး"

"သူ့အပြုအမူက သူ့ကို ဒဏ်ခတ်သွားတာပဲ"

"ဘာပဲဖြစ်ဖြစ် ကိုဥက္ကာရယ် မအိမ်ကို လာတွေ့ပြီး အခြေအနေတွေကို တင်ပြဖို့ ကောင်းပါတယ်။ ပြဿနာကို ဖြေရှင်းလို့ရတဲ့ နည်းတွေ အများကြီးပါ။ မသကာ လင်းကို လက်ထပ်ရတဲ့ အဖြစ်ရောက် လည်း ရောက်ပေါ့"

"အို လင်းကလည်း သတ်သတ်မှတ်မှတ် မဟုတ်တော့ ဒီကလေးအဖေ ကိုဥက္ကာလို့ ဘယ်ပြောနိုင်မလဲ။ မိလင်း သတ္တိကြောင်တာပါ။ သူကသာ သူ့ကိုယ်သူ လွတ်လပ်တယ်၊ ပွင့်လင်းတယ်၊ ရဲရင့်တယ် ထင်နေတာ။ အမှန်တော့ ရမ္မက်ထောင်မှာ အကျဉ်းကျနေတဲ့ အကျဉ်းသမားပဲ။ တော်ပါပြီလေ၊ သေသူအကြောင်း တို့မကောင်း ပြောနေသလိုပဲ။ မအိမ်က ဒီကိစ္စတွေမှာ ရှုပ် ပယောဂ မပါဘူးဆိုတာ ယုံကြည်ရင် ပြီးတာပါပဲ"

"ရှုပ်ပယောဂ မပါပါဘူး"

မအိမ်က ဒါပဲပြောလိုက်သည်။ မအိမ်ရင်ထဲမှာတော့ ပို၍



www.burmeseclassic.com

www.burmeseclassic.com



ဟာသွားသည်။ ချစ်သူသတင်းကို အသေအချာ သိရတော့မှ မျှော်လင့်ချက်က ပို၍နည်းသွားပါသည်။ ကိုဥက္ကာဖြစ်ခဲ့သော ပြဿနာကို ဘယ်လိုများ လက်ခံသုံးသပ်ပါသလဲ။

*

သူတို့နှစ်ယောက် တက္ကသိုလ်ကို အပြီးအပိုင် ခွဲခွာရမည့်နေ့က လင်းကို အထူးပဲသတိရကြသည်။ ဆောင်းရက်များနှောင်းပြီ။ နွေဦးလေသည် လင်းလိုပဲ ရှန်ပိန်သောက်သည်ထင်ပါရဲ့၊ မြူးကြွယစ်မူးနေသည်။ ရွက်ကြွေများကို ဝှေ့ယမ်း ခြွေချနေရသည်ကို ပျော်နေပုံရသည်။ မြေပြင်က ရွက်အိုတွေလည်း သူလိုက်လျှင် ပြေးရပြန်သည်။ တည်ငြိမ်ခွင့်မရ၍ မြေပြင်ပေါ်မှာ မောဟိုက်နေပုံရသည်။

မရွှေအိမ်က ရွက်ဝါတွေ ဖုံးနေသော မြေပြင်ကို ကြည့်မိ၏။ ကျောင်းရောက်စက ဤနေရာမှာ မြက်စိမ်းတွေက ကမ္ဗလာခင်းလို့ သူ့ကိုကြိုကြသည်။ ဂုဏ်ကြီးသူတွေ၊ တိုင်းပြည်အကြီးအကဲတွေကို ကြိုတော့ ကမ္ဗလာနီခင်းလို့ပေါ့ကွယ်။ သူ့လို အညတရကို ကော်ဇောစိမ်းခင်း ကြိုစဉ်က သူအားတက်ခဲ့သော ခြေလှမ်းများဖြင့် တက္ကသိုလ်ကို ဝင်ခဲ့သည်။

ခုတော့ တက္ကသိုလ်ကို ရွက်ကြွေတောမှာ အပ်၍ သူကျောခိုင်းခဲ့ပါသည်။ အဝေးကြီး ရှေ့ကိုလျှောက်ရဦးမည်။ ခြေလှမ်းတွေကို မနည်းသယ်ရသည်။ လမ်းက မှုန်ရီဝိုးဝါး မပြတ်သားလှ။ တက္ကသိုလ်မှာ အညတရသူ့ဇာတ်လမ်းက မကြာခင်မှေးမှိန် ပျောက်ကွယ်သွားမှာပါ။ ရိုမီယိုနှင့် ဂျူးလီးယက်တို့လို မောင်ရင်မောင် မမယ်မတို့လို ဘယ်သူက အချစ်ကမ္ဗည်းထိုးမှာလိုက်လို့။ ဒီတော့လည်း တက္ကသိုလ် အသိုင်းအဝိုင်းမှ တိတ်ဆိတ်စွာ ဆုတ်ခွာလာသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၆

မိုးမိတ်ကို ရှည်ပြန်မည့်နေ့က ရစ်ချတ်ထံမှ တစ်ဆင့် စာတစ်စောင်ရခဲ့သည်။ ဒါပေမင့် ဒီစာကို မရွှေအိမ်ထံသို့ ရှည်မပို့ခဲ့ပါ။

ရှည်

ဒီဇင်ဘာ ၂၄ ရက်နေ့ ညဟာ ကျွန်တော့်ဘဝကို ပြောင်းလဲခဲ့ပါတယ်။ အဲဒီညက ရှည်ဆန္ဒအတိုင်း ရှည်တို့ရဲ့ သူငယ်ချင်း ခင်မြလင်းကို ကျွန်တော်ပို့ခဲ့ပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်ရဲ့အရည်အချင်းကိုရှိတာထက်ပိုတွက်ခဲ့တယ်။ ရန်သူရဲ့အရည်အချင်းကိုတော့ လျော့တွက်ခဲ့မိတဲ့အတွက် ကျွန်တော်ကျားသစ်စားခံခဲ့ရပါတယ်။ စားနေကျ ကျားသစ်မကတော့ ကျွန်တော့်လို သားကောင်ကို အလွယ်တကူဖမ်းယူနိုင်ခဲ့ပါတယ်။

ဘုရားသခင်က ခွင့်လွှတ်ပေမင့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ခွင့်မလွှတ်ရဘူး ဆိုတဲ့ စကားရှိတယ်။ ကျားသစ်အပြစ်ချည်းပဲလို့ ကျွန်တော်အပြစ်မဖို့လိုပါ။ ကျားရဲရာမှာ အသောက်လွန်တဲ့ ကျွန်တော့်အပြစ်ကို ကျွန်တော်ခွင့်မလွှတ်နိုင်ပါ။

စိတ်ဆိုတာ ဆွဲဆောင်စရာ အာရုံနဲ့တွေ့မှ စိတ်ရဲ့စွမ်းရည်ကို သိနိုင်တယ်လို့ ကျွန်တော် မအိမ်ကို ပြောခဲ့ဖူးတယ်။ ကျွန်တော့်စိတ်မှာ ထိန်းချုပ်နိုင်တဲ့ စွမ်းရည်မရှိဘူးဆိုတာ မအိမ်ကို ပြောပြပါ။

မအိမ်ရဲ့ အပြစ်ကင်းစင် ကြည်လင်တဲ့ မျက်လုံး လေးတွေကို ကျွန်တော်ရင်မဆိုင်ရဲပါ။ ကျွန်တော့်စာကို ဖတ်ရင်း မအိမ်ဆိုတဲ့ မိန်းကလေးရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ စိုစွတ်ရီဝေမနေပါစေနဲ့တော့။ ချစ်သူမြတ်နိုးတဲ့ နှင်းဆီပင်ကို အပင်လိုက် ကျွန်တော်ယူသွားပြီး ရောက်တဲ့နိုင်ငံမှာ မြန်မာ့နှင်းဆီစိုက်ပြီး မအိမ်ကိုယ်စား ပြုစုမှာပါ။

သစ်စေ့တွေ၊ မျိုးပင်တွေမယူရတဲ့အမေရိကကိုတော့ ကျွန်တော်မသွားပါ။

ကံ ငါးပါးမှာ အရက်ကို သောက်လိုက်ရင် ကျန်တဲ့ လေးပါးကို ကျူးလွန်ဖို့ သိပ်လွယ်တာပါပဲ။ သိလျက်နှင့်ပင်၊ ဝိဘက်ကြမ္မာငင်တော့၊ ရှေ့ညာဏ်ရှင် မဝေခွဲနိုင်ဘု ပွဲတွေ့အမှားပေါ့။

ချမ်းမြေ့ရွှင်လန်းပါစေ။

ဥက္ကာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဥက္ကာဆန္ဒအတိုင်း ရှည်စိတ်ထဲမှာလည်း မရွှေအိမ်မျက်ဝန်းမှာ မျက်ရည်စတွေ ဝိုင်းနေသည်ကို မတွေ့လိုတော့ပါ။ တစ်နေ့နေ့ မရွှေအိမ်နှင့် ပြန်လည်တွေ့ဆုံလျှင်တော့ ဒီစာအကြောင်း သူပြောပြဖြစ်မည်ထင်ပါသည်။

တက္ကသိုလ်ကို ကျောခိုင်းခဲ့ပြီး မရွှေအိမ် ကမာရွတ်က ပွဲရုံပိုင်ရှင်အိမ်မှာ ဒေါ်စောခင့် အကူအညီနှင့် နှစ်နှစ်လောက် အလုပ်လုပ်ကြည့်သေးသည်။ သူစိတ်မပါပါ။ တက္ကသိုလ်နှင့် နီးသော ကမာရွတ်နယ်မြေမှာလည်း မနေလို။

ရွှေအိမ်စည်လို ဘုရင့်သမီး မဟုတ်လေတော့ ကိုဥက္ကာ၏ မိဘတွေကများ အနှောင့်အယှက်ပေးလေမလား။ ဂုဏ်ရည်မတူ ဇာတ်လမ်းလောက်ပဲ သူက ရိုးရိုးစင်းစင်း သူတို့အချစ်ဇာတ်လမ်းကို တွေးထင်ခဲ့သည်။

ယခုတော့လည်း မမျှော်လင့်သော နေရာမှ မထင်မှတ်သော ရန်သူ၏ ထိုးစစ်ကို သူ အလူးအလဲ ခံလိုက်ရပါသည်။ ဒီတော့ တောင်တွင်းကြီးကို အောင်မြင်စွာ ဆုတ်ခွာလာခဲ့ပါသည်။

မြို့နယ်ပညာရေးမှူးကသူ့စကားတွေကိုအံ့အားသင့်စွာ နားထောင်နေသည်။

"ကျွန်မကို ဘယ်မြို့မှလည်း မပို့ပါနဲ့။ ပျဉ်းမရွာ
မူလတန်းမှာပဲ စာသင်ပါရစေ။ ဘယ်လောက်
နှစ်ကြာကြာ ရာထူးလည်း တိုးမပေးပါနဲ့"

ဟုတ်သည်။ သူသည် တောင်တွင်းကြီးမှာလည်း မနေလိုပါ။

www.burmeseclassic.com

www.burmeseclassic.com

**သုဓ ခင်နှင်းယု**

ကိုကိုနှင့် ကိုကို့အသိုင်းအဝိုင်းတွေနှင့် ပြန်လည်မဆုံချင် အမေခေါင်းချရာ နေရာနှင့်လည်း မနီးမဝေးနေချင်သည်။ ဒါကြောင့် ပျဉ်းမရွာ မူလတန်းကျောင်းကို သူလျှောက်ထားတောင်းဆိုခဲ့ပါသည်။

သူ့အတွက် ခရမ်းချဉ်သီးရှိလျှင်၊ ပဲကြမ်းကြော်ရှိလျှင် ပြီးတာပဲ မဟုတ်လား။ ဆီအတွက် ဒွေးလေဘုမ ယာခင်းက နှမ်း၊ ပဲ၊ ရသည်။ လယ်က စပါးရသည်။ ကျောင်းမှာလိုပဲ ပဲကြမ်းကြော်ကို ခရမ်းချဉ်သီးနှင့် ဆီရွှဲရွှဲဆမ်း၍ သုတ်စားနိုင်ပြီပဲ။ နှင်းဆီပွင့်တွေလည်း ဘုရားမှန်မှန် တင်နိုင်သည်။ ကိုဥက္ကာရယ်လေ၊ မရွှေအိမ်ရဲ့ချစ်သူ၊ ရှုနယ်ရေမွှေးနှင့် သနပ်ခါးတိုက်ပွဲမှာ ဒူးထောက်လဲခဲ့သော သူရဲကောင်းကြီးကိုလည်း မျှော်နေမိဆဲပါ။

ဒါပေမင့် ဆရာအောင်သင်း၏ စာကိုဖတ်ပြီး သူမေးခွန်းတစ်ခု မေးချင်နေသည်။

ဆရာပြောသလို မိမိပြုသမျှ အကြောင်းမှ အကျိုးဆက်ကို မလွဲမသွေ ခံစားစံစားကြရစမြဲ ဖြစ်ပါသည်ဟု ဆိုပါလျှင် မရွှေအိမ် ခံစားနေရသော အကျိုးဆက်တို့မှာ ဘယ်သို့သော အကြောင်းကြောင့် ဖြစ်ပါသနည်းဆရာရယ်။ ။

ချမ်းမြေ့ရွှင်လန်းပါစေ။
**ခင်နှင်းယု**

(ချယ်ရီမဂ္ဂဇင်း-၁၉၈၉-အောက်တိုဘာ၊ ဒီဇင်ဘာ၊ ၁၉၉၀-ဇန်နဝါရီ)



www.burmeseclassic.com

www.burmeseclassic.com



## ခင်နှင်းယု

[illegible]



www.burmeseclassic.com